ပီတိ သုခ ဧကဂ္ဂတာ စျာန်အင်္ဂါ ၃ ပါးနှင့်တကွဖြစ်သော တတိယစျာန် ကုသိုလ်စိတ် ... ၁
သုခ ဧကဂ္ဂတာ စျာန်အင်္ဂါ ၂ ပါးနှင့် တကွဖြစ်သော စတုတ္ထစျာန် ကုသိုလ်စိတ် ... ၁
ဥပက္ခာ ဧကဂ္ဂတာ စျာန်အင်္ဂါ ၂ ပါးနှင့်တကွဖြစ်သော ပဉ္စမစျာန် ကုသိုလ်စိတ်.... ၁
ပေါင်း ရူပါဝစရကုသိုလ်စိတ် ၅
(ရူပ ဝ နှင့် ကြိုကို ရူပ ကု နှင့် အတူဆို)

ရူပါဝစရ ကုသိုလ်စိတ် ၅
ရူပါဝစရ ဝိပါက်စိတ် ၅
ရူပါဝစရ ကြိယာစိတ် ၅ ပေါင်း ရူပါဝစရစိတ် ၁၅

ရူပါဝစရစိတ်သည် ပ ဒု တ စ မ စျာန်အားဖြင့် ၅ ပါးပြားသည်။ ထိုစျာန် ၅ ပါးကို တဒန် ကုသိုလ် ဝိပါက် ကြိယာအားဖြင့် ရူပါဝစရစိတ် ၁၅ ပါးပြားလာသည်။ (၅)စိတ်ကို စျာနဘေဒစိတ်ဟုဆိုသည်)

[ဆောင်] သော-ဆယ်္နှစ်ဝ၊ ဥ-သုံးမျှ၊ ရူပစိတ်ဆယ်္ဝင်း။

[မှတ်ချက်] ဈာနဂ်၊ ဈာန-အဂ်။ဈာန-ဆိုင်ရာအာရုံကို စူးစူးစိုက်စိုက် ကပ်၍ရှုတတ်သော။ အဂ်-အစိတ်အပိုင်း အဂ်ါသည် ဈာန်မည်၏။

[ဆောင်] စိုက်စိုက်စူးစူး၊ အထူးမြဲမြဲမြံ ရှုအား၊သန်၊ ဈာန်ဟုခေါ်သတတ်။

ဥပမာ။ ထမ်းပိုး ဝင်ရိုး လှည်း အိုမ်စံသော၊ လှည်း၏အစိတ်အပိုင်း အဂ်ါများကို စုပေါင်းတပ်ဆင်၍ ထား၊ခဲ့လျှင် လှည်းဟုပင်ခေါ်ဆိုရသကဲ့သို့၊ ဈာန်အဂ်ါနှင့် ဈာန်မှာ အစိတ်နှင့် အပေါင်းသာမှတ်ပါ။

ဒါ့ကြောင့်။ ဈာန်အဂ်ါ ၅ပါး်တစု၊ ၄ပါးတစု စသည်ဖြင့်၊ ပ ဈာန် ဒု ဈာန်စသည်ဖြစ်လာ၏။

ပ ဈာန်နှင့်ယှဉ်သောစိတ်သည် ပထမဈာန်စိတ်မည်၏။

ဒု ဈာန်နှင့်ယှဉ်သောစိတ်သည် ဒုတိယဈာန်စိတ်မည်၏။ ဤသို့အားဖြင့် ဈာန်စိတ်အပြား ၅ပါးထူးခြား၏။

၅၅-ဈာန်အင်္ဂါ ဈာန်-ဈာန်စိတ် ၃ပါး ထူးခြားပုံ

ဝိတက်စသော အစိတ်အပိုင်းအင်္ဂါ ၅ပါးသည် ဈာန်အင်္ဂါမည်၏။ ဈာန်အင်္ဂါ ၅ပါး ၄ပါး ၃ပါး ၂ပါး ၂ပါးစီ အပေါင်း အစုသည်ဈာန်မည်၏။

အပေါင်းဖြစ်သောဈာန်နှင့် ယှဉ်သောစိတ်သည် ဈာန်စိတ်မည်၏။

၅၆-ဈာန်အင်္ဂါ ၅ ပါးနှင့် ၆ ပါး

ဝိတက် ဝိစာရ ဒိတိ သုခ ဥပေက္ခာ ဧကဂ္ဂတာအား၊ဖြင့်၊ဝေဒနာမှာ သုခနှင့် ဥပေက္ခာ ၂ ပါးပြား၊လာ၍ ဈာန်အင်္ဂါကို ၆ ပါးဆင့်ရ၏။

သို့ရာတွင် ဥပေက္ခာကို သုခအတွင်း၌ သွင်းယူရ၍ ဈာန်အင်္ဂါ ၆ ပါး မဟုတ် ၅ ပါးသာဖြင့်ဟဲ့၊

ဥပေက္ခာကို(ငြိမ်သက်ချမ်းသာမှု)ဖို၍ သုခဟုဆိုထားသည်။

ဒါကြောင့်၊ ဝိတက် ဝိစာရ ပီတိ သုခ ကောဿတာ ဈာန်အင်္ဂါ ၅ ပါးသာဖြစ်၏၊

[ဆောင်] ဝိ-စာ-ပီ-ဇော၊ နှစ်ပါးထွေ၊ လျှင်ငါးခုမှတ်။

၁၇-ရူပစိတ်သည် အာရုံမလွန်ဘဲ အင်္ဂါလွန်ပုံ

အာနပါနနှင့် ကသိုဏ်းငါးတို့ကို ရူပဈာန် ၅ ပါးလုံးက အာရုံတူပြု၍ အာရုံမလွန်ပုံကိုသိပါ။

ပထမဈာန်၌ရှိသော ဝိတက်ကိုကျော်လွန်နိုင်မှ ဒုတိယဈာန်ကို ရနိုင်သည်။

ဝိစာရကိုကျော်လွန်မှ တတိယဈာန်ကိုရနိုင်သည်။

ပီတိကိုကျော်လွန်မှ စတုတ္ထဈာန်ကိုရနိုင်သည်။

သုခကိုကျော်လွှန်မှ ပဉ္စမဈာန်ကို ရနိုင်သည်။

(ဤကား ဈာန်အင်္ဂါလွန်ပုံတည်း)

ဒါကြောင့်၊ ရူပစိတ်သည် အင်္ဂါတိုက္ကမ။ အင်္ဂ-အတိုက္ကမ။အင်္ဂါဈာန်အင်္ဂါကို၊ တိုက္ကမ-ကျော်လွန်ခဲ့သည်။ အင်္ဂါတိုက္ကမဈာန်မည်၏။

၁၈—ပဉ္စကနည်း၊ ဈာန်ယှဉ်နည်း

ဈာန်အင်္ဂါ ၅ ပါး၌ ပ-ဈာန် ထိုဈာန်နှင့် ယှဉ်သောစိတ် ၁
ဈာန်အင်္ဂါ ၄ ပါး၌ ဒု-ဈာန် ထိုဈာန်နှင့် ယှဉ်သောစိတ် ၁
ဈာန်အင်္ဂါ ၃ ပါး၌ တ-ဈာန် ထိုဈာန်နှင့် ယှဉ်သောစိတ် ၁
ဈာန်အင်္ဂါ ၂ ပါး၌ စ-ဈာန် ထိုဈာန်နှင့် ယှဉ်သောစိတ် ၁
ဈာန်အင်္ဂါ ၂ ပါး၌ မ-ဈာန် ထိုဈာန်နှင့် ယှဉ်သောစိတ် ၁=၅

ဤသို့ ဈာန် ၅ ပါးပြားမှကြောင့် ထိုဈာန် ၅ ပါးနှင့်ယှဉ်သောစိတ်လည်း ၅ ပါးပင်ပြားသည်။ ထိုဈာန် ၅ ပါးကိုတဖန် ကုသိုလ် ဝိပါက် ကြိယာ အပြား ၃ ပါးနှင့်မြှောက်၊ ရူပဈာန် အပြား ၁၅ ပါးလာသည်။ ဤပဉ္စကနည်းဖြင့် ရူပစိတ် ၁၅ ပါး၌၏။

[ဆောင်] ငါး-လေး-သုံး-နှစ်၊ တဖန်နှစ်၊ တွဲလစ်ချာန် ၅ ရပ်။
ပ-ဒု-တ-စ၊ ပဉ္စမ၊ ပွါးထချာန်ငါးရပ်။
ငါးချာန်ယှဉ်မှု ငါးခုသုံးလီ၊ ကု-ဝိ-ကြီ၊ ပွါးပြိစိတ်
ဆယ့်ငါး။

၅၉—စတုက္ကနည်းချာန်ယူနည်း

ဝိတက် သုခ ကေဂ္ဂတာ ချာန်အင်္ဂါ ၅ ပါးရှိ ပ ချာန် ၁
ဒိတိ သုခ ကေဂ္ဂတာ ချာန်အင်္ဂါ ၃ ပါးရှိ ဒု ချာန် ၁
သုခ ကေဂ္ဂတာ ချာန်အင်္ဂါ ၂ ပါးရှိ တ ချာန် ၁
ဥပေက္ခာ ကေဂ္ဂတာ ချာန်အင်္ဂါ ၂ ပါးရှိ စ ချာန် ၁=၄

ထိုချာန် ၄ ပါးကိုတဖန် ကု ဝိ ကြီ အပြား ၃ ပါးနှင့်မြောက်၊ ရူပချာန်စိတ်အပြား ၁၂ ပါးပြားလာသည်။ ဤစတုက္ကနည်းဖြင့် ရူပစိတ် ၁၂ ပါးသာရှိ၏။

[မှတ်ချက်] ဤသို့ ချာန်အင်္ဂါ ၅ ပါး ၃ ပါး ၂ ပါး ၂ ပါးစီရှိသော ချာန် ၄ ပါးသည်၊ စတုက္ကနည်းမည်၏။ ဤစတုက္ကနည်းကို ပဉ္စကနည်းအတွင်း၌ သွင်းယူ၍၊ ပဉ္စကနည်း တမျိုးတစားတည်းကိုသာ သင်္ဂြိဟ်ကျမ်းမှာပြဆိုထားသည်။

ရူပကုသိုလ်စိတ်များနှင့် စုတေသွားသော ချာန်လာဘီ ချာန်ရ ပုဂ္ဂိုလ်များသည်၊ ရူပ ၁၆-ဘုံ၌ မုချအားဖြင့် သွား၍ဖြစ်ကြရ၏။ ရူပကုသိုလ်စိတ်များသည်၊ မျက်နှာနှင့် မှန်ရိုပ်ကဲ့သို့ မိမိနှင့်တူသော(မိတ္တာ။) ဝိပါက်စိတ်များကို ဒုတိယဘဝမှာ တထပ်တည်းသာ အကျိုးပေးကြ၏။ ဒါ့ကြောင့်။ အကျိုးပေးမြဲ၌ ဤကံကို ဂရုကံဟုဆိုသည်။

ရူပဝိပါက်စိတ်များသည်အသညသတ်ချန်၍ကျန်ရူပဘဝ၃ဘုံ၌(ပဘာစု) အားဖြင့် ၃ ကိုယ်တပ်သောစိတ်မည်၏။

ရူပကြိယာစိတ်များသည် ဘုရားရဟန္တာများသာ ရရှိသော ဈာန်မည်၏။ (အကျိုးပေးခွင့်မရ ပြုရုံမျှဟူလို)

၆၀–ဗျာန် ၄ ပါးနှင့် ဘုံ ၄ စား

ပ ဈာန် ဝိပါက်စိတ်သည် ပ ဈာန် ၃ ဘုံ၌ အကျိုးပေးသည်။
ဒု ဈာန် ဝိပါက်စိတ်သည် ဒု ဈာန် ၃ ဘုံ၌ အကျိုးပေးသည်။
တ ဈာန် ဝိပါက်စိတ်သည် တ ဈာန် ၃ ဘုံ၌ အကျိုးပေးသည်။
စ ဈာန် ဝိပါက်စိတ်သည် စ ဈာန် ၆ ဘုံ၌ အကျိုးပေးသည်။
(ဤကား စတုက္ကနည်း ဈာန် ၄ ပါးက ဘုံ ၄ စား အကျိုးပေးပုံတည်း)

၆၁–ဈာန် ၅ ပါးက ဈာန် ၄ စား ဖြစ်လာပုံ

ပဉ္စက ပ ဈာန်သည်၊ စတုက္က ပ ဈာန်ပင် ဖြစ်လာ၏။
ပဉ္စက ဒုနှင့် တဈာန်သည်၊ စတုက္က ဒု ဈာန် ဖြစ်လာ၏။
ပဉ္စက စ ဈာန်သည်၊ စတုက္က တ ဈာန် ဖြစ်လာ၏။
ပဉ္စက မ ဈာန်သည်၊ စတုက္က စ ဈာန် ဖြစ်လာ၏။

(ဤကား– ပဉ္စကနည်း ဈာန် ၅ ပါးက စတုက္ကနည်း ဈာန် ၄ စား ဖြစ်လာပုံတည်း)

၆၂–သမာပတ် ၈ ပါးနှင့် ၉ ပါး

ရူပဈာန် စကုက္ကနည်း ၄ ပါးနှင့် အပရူပဈာန် ၄ ပါး=သမာပတ် ၈ပါး။
ရူပဈာန် ပဉ္စကနည်း ၅ ပါးနှင့် အရူပဈာန် ၄ ပါး=သမာပတ် ၉ ပါး

ဤစတုက္ကနည်းဖြင့် သမာပတ်အပြား ၈ ပါး
ပဉ္စကနည်းဖြင့် သမာပတ်အပြား ၉ ပါး (သတိပြုပါ)

ရူပကုသိုလ် ပဉ္စမဈာန်နှင့် ကြိယာပဉ္စမဈာန်စိတ် ၂ ပါးလုံးကို အဘိညာဏ်ဒွေးဟုဆိုကြ၏၊

အဘိညာ၊ အဘိ–ညာ၊ အဘိ–အလွန်၊ ညာ–သိသောညာဏ်သည် အဘိညာဉ်မည်၏။

အလွန်သိသော ရူပပဉ္စမဈာန်နှင့် ယှဉ်သော ညာဏ်ကို အဘိညာဉ်ဟုဆိုသည်။

အဘိညာဉ်နှင့် ယှဉ်ဘက် ပဉ္စမဈာန်စိတ်ကိုပင် အဘိညာဉ်ဟုဆိုထားသည်။

[တနည်း] ပဉ္စမစျာန်နှင့်ယှဉ်၍အဘိညာဉ်ကိစ္စတပ်ခိုက် အဘိ-ညာဉ်ဟုဆိုသည်။ အဘိညာဉ်စိတ်အတွက် နုတ်သော် မလျှော့ ထည့်သော်မူတိုး။ (ခရုစုတ်နည်းပမာမှတ်ပါ) ပဉ္စမစျာန်ကို အဖန်ဖန် ဝင်စားသုံးသတ်ခဲ့လျှင် အဘိညာဉ်ကိစ္စတပ်သည်။ (ပဉ္စစျာန်ကိုပင် အမွန်းတင်သည်ဟူလို)

အဘိညာဉ်ကို ကမ္မဋ္ဌာန်း သီးခြားအားမထုတ်ရ၊ ဘွဲ့ထူးဂုဏ်ထူးမျှသာဖြစ်၏၊

အဘိညာဉ်ကိစ္စမတပ်ခဲ့လျှင် တန်ခိုးများကိုပင်မဖန်ဆင်းနိုင်။

၆၃—အဘိညာဉ်တပ်ခိုက်နှင့် မတပ်ခိုက် ခြားနားပုံ

အဘိညာဉ်ကိစ္စမတပ်သော ပဉ္စမစျာန်စိတ်သည်၊ အာနာပါနနှင့် ကသိုဏ်းပညတ် ၁၂ ပါးကိုသာ အာရုံပြုသည်၊

အဘိညာဉ်ကိစ္စတတ်သော ကုသိုလ်ပဉ္စမစျာန်စိတ်သည်။ အာရုံ ဟတ္ထာမဂ်နှင့် အာရုံဟတ္ထာဖိုလ် ၂ ပါးချန်၍ ကျန်အလုံးစုံကိုအာရုံပြုသည်၊

အဘိညာဉ်ကိစ္စတပ်သော ကြိယာ ပဉ္စမစျာန်စိတ်သည်၊ အလုံးစုံကိုအာရုံပြုသည်။ (မပြုနိုင်သည်မရှိဟူလို)

၆၄—စတုဏ္ဏးနှင့် ပဉ္စကနည်းခြားနားပုံ

ပ စျာန်၌ရှိသော ဝိတက်ကို စက်ဆုပ်၍၊ ဒု စျာန်တက်ရန် ဆက်လက်အားထုတ်ရာ၌ ထက်မြက်သော တိက္ခိန္ဒြိယ ညာဏ်ရှင် ယောဂီသူတော်စင်အား ဝိတက်နှင့် ဝိစာရစျာန်အင်္ဂါ ၂ ပါးလုံး ကျော်လွန်ပြီး ပီတိ သုခ ကေဋ္ဌတာ စျာန်အင်္ဂါ ၃ ပါးရှိစျာန်သည်၊ နှစ်ကြိမ်မြောက် ဒုစျာန်အရာဖြစ်လာ၏။ (ဤပုဂ္ဂိုလ်မျိုးများမှာ ပဉ္စကနည်း၌ ဒုစျာန်ကို အသုံးမပြုဟူလို) နုံညံ့သော မုဒိန္ဒြိယ ညာဏ်ရှင် ယောဂီသူတော်စင်အား ဒု စျာန်တက်ရန် ဆက်လက်အားထုတ်ရာ၌ ဝိကက်ကိုသာကျော်လွန်နိုင်ပြီး ဝိစာရ ဖုထစ်ခံနေ၍၊ ဝိစာရ ပီတိ သုခ ကေဋ္ဌတာ စျာန်အင်္ဂါ ၄ ပါးရှိစျာန်သည်၊ ၂ ကြိမ်မြောက် ဒုစျာန်ဖြစ်လာ၏။

ဒါ့ကြောင့်။ တိကိဒ္ဓိန္ဒြေယ ပုဂ္ဂိုလ်အား ဈာန် ၄ ပါး၊ မုဒိန္ဒြေယ ပုဂ္ဂိုလ်အား ဈာန် ၅ ပါးခြားနားပုံကို ဟောကြားတော်မူခဲ့၏။

ဤပြဆိုခဲ့ပြီးသောနည်းဖြင့် ပ ဒု တ စသော ဈာန်များကို ယောဂီသူတော်စင်များ၏(အစအဆုံးဖြစ်စဉ်) ပဝတ္တိကြွမအားဖြင့်ငင်း၊ ဘုရားရှင်၏ (အစအဆုံးဟော၊ ဥ) ဒေသနကြွမ အား၊ဖြင့်ငင်း ခေါ်ဆိုထားသောအမည်များသာဖြစ်ကြ၏။

ဈာနကိစ္စ။ အာရုံကိုစူးစူးစိုက်စိုက်ရှုမှုသည် ဈာန်မည်၏။

အာရုံကို ရှေးရှုစူးစိုက်စွာရှုမှ၌ ကေဂ္ဂတာဈာန်အင်္ဂါ တပါးသာဆက်စပ်၍ ဈာန် ၅ ပါးလုံးတွင် ကေဂ္ဂတာပါဝင်ခဲ့သည်။ ဒါ့ကြောင့်– ဈာန်အရှမှာ အာရုံကိုအရှိန်ဆုံး ကေဂ္ဂတာ စေတသိက် တခုကိုသာ ကေန်ရမ်၏။

သို့ဟုတ်ပွင့်– ဝိတက်က အာရုံသို့ ရှေးရှုတင်ပေး၍ရှုမှု။
ဝိစာရက အာရုံ၌ အဖန်ဖန်သုံးသပ်စေ၍ရှုမှု။
ဝိတိက အာရုံကို ကျေနပ်နှစ်သိမ့်စေ၍ရှုမှု။
သုခက အာရုံ၏ ချမ်းသာကို သာယာစေ၍ရှုမှု။

ဤသို့အသီးသီးဝိုင်းဝန်းကူညီအားပေးမှုကြောင့်၊ကေဂ္ဂတာကျကျသမာဓိရရှိနှင့် ဈာနကိစ္စကိုဆောင်ရွက်နိုင်ကြ၏။ဒါ့ကြောင့်– ကေဂ္ဂတာချန်၍ ကျန်ဈာန်အင်္ဂါ ၄ ပါးလည်း ဈာန်အမည်ကိုရရှိကြ၏။ ဤဈာန်စိတ်ယှဉ်ခိုက်တွင် ဈာန်နင် ၅ ပါးလုံးချန်၍ ကျန်စေတသိက်များသည် ဈာနကိစ္စမရှိကြ၍ ဈာန်အမည်ကို မရနိုင်ကြပေ။

ဈာပနကိစ္စ။ ဆန်းကျင်ဘက်အကုသိုလ် နိဝရဏများကို လောင်ကျွမ်းမှုသည် ဈာန်မည်၏။ (ဈာပနကိစ္စအကျယ်ကို တတိယစောစောင်မှာရှုပါ)

၆၅-ဆန့်ကျင်ဘက်နိဝရဏများလောင်ကျွမ်းပုံ

အာရုံကို ရှေးရှုစူးစိုက်စွာရှုမှ ဝိတက်သည်၊ ထိုင်းမိုင်းမှု ထိနမိဒ္ဓနိဝရဏကို လောင်ကျွမ်း၏။

အာရုံ၌ အဖန်ဖန်သုံးသတ်မှု ဝိစာရသည်၊ ယုံမှားမှု ဝိစိကိစ္ဆာနိဝရဏကို လောင်ကျွမ်း၏။

အာရုံကိုကျေနပ်နှစ်သိမ့်မှု ဒီတိသည်စိတ်ကို ငြိုးငွေ့ခြောက်သွေ့မှု ဗျာပါဒ နိုဝရဏကို လောင်ကျွမ်းစေ၏။

ငြိမ်သက်ချမ်းမှုသုခသည်။ မငြိမ်သက် မချမ်းမှု ဥဒ္ဓစ္စ ကုက္ကုစ္စ နိဝရဏကို လောင်ကျွမ်းစေ၏။

အာရုံပေါင်း စုံးစိုက်စွာ တည်ငြိမ်မှုကောင်းကာသည်၊ မငြိမ်မသက် ကလိမ်ကလက်ဖြစ်မှု ကာမဆွဲနွဲ့ နိဝရဏကို လောင်ကျွမ်းစေ၏။

အဝိဇ္ဇာ နိဝရဏကို မည်သည့် ဈာန်နင်ကမှ မပယ်နိုင်သေး၍ ဈာန်အားလုံး၏၊ ဆန့်ကျင်ဘက်ဖြစ်၍ သီးခြားမပြဆိုတော့ဘဲ မင်္ဂလာမှ သာပယ်သတ်နိုင်လေတော့၏။

[မှတ်ချက်] ကုသိုလ်ဈာန်များ ဖြစ်ပေါ်နေခိုက် အကုသိုလ် နိဝရဏများ မဖြစ်ထိုက်သော်လည်း အမြဲထာဝစဉ် ကပ်နှံးဝင်နေလော နိဝရဏအခိုး အငွေ့ ဓါတ်ကို တမျိုးအတွေ့ မပြတ်သေးသဖြင့် ပယ်အပ်လောင်အပ်သည်ဟူလို။

အကုသိုလ် နိဝရဏဖြစ်ပေါ်နေခိုက် ကုသိုလ်ဈာန်က လောင်မြိုက်သည်ဟု မမှတ်နဲ့။

၆၆-အဘယ့်ကြောင့်ဝိတက်စသော ၅ပါးသော ဈာန်ခေါ်သနည်း

ဆိုင်ရာအာရုံ၌ စိုက်စိုက်စူးစူး ရှုမှုဈာန ကိစ္စကြောင့်၎င်း။
ဆန့်ကျင်ဘက်နိဝရဏများကို လောင်ကျွမ်းမှု ဈာပန ကိစ္စကြောင့်၎င်း။
ဝိတက်စသော ၅ ပါးသော စေတသိက်များကိုသာ ဈာန်ဟုဆိုရ၏။
ကျန်စေတသိက်များမှာ ဤ ၂ ကိစ္စမရှိကြ၍ ဈာန်အမည်ကို မရကြချေ
(ဈာန်ဟုမဆိုရဟူလို)

ရူပဓိတ်ပြီး၏။

၆၇—အရုပါဝစရကုသိုလ်စိတ် ၄

အာကာသာနဉ္စာယတန ကုသိုလ်စိတ် ၁
ဝိညာဏဉ္စာယတန ကုသိုလ်စိတ် ၁
အကိဉ္စညာယတန ကုသိုလ်စိတ် ၁
နေဝသညာ နာသညာ ယတန ကုသိုလ်စိတ် ၁
ပေါင်း အရုပါဝစရ ကုသိုလ်စိတ်=၄
(အရုပ-ဝိ-နှင့်ကြိုကို အရုပါဝစရ ကုနှင့် အတူဆို)

အရုပါဝစရ ကုသိုလ်စိတ် ၄
အရုပါဝစရ ဝိပါက်စိတ် ၄
အရုပါဝစရ ကြိယာစိတ် ၄ ပေါင်း အရုပါဝစရစိတ် ၁၂။
အရုပစိတ်သည် အာရုံအားဖြင့် ၄ ပါးပြားသည်။ တဖန်ကုသိုလ် ဝိပါက်ကြိယာအား ဖြင့် အရုပစိတ် ၁၂ ပါးပြားလာသည် (ဤစိတ်ကို အာလမ္ဗဏဘေဒစိတ် ဟု ဆို)

၆၈—အာရုံ ၄ စားနှင့် စိတ် ၄ ပါး

၁။ ကောင်းကင်ပညတ်အာရုံ အာကာ ဈာန်စိတ် ၁
၂။ ပထမာရုပ္ပဝိညာဉ်အာရုံ ဝိညာ ဈာန်စိတ် ၁
၃။ နတ္ထိဘော ပညတ်အာရုံ အာကိဉ် ဈာန်စိတ် ၁
၄။ တတိယာရုပ္ပဝိညာဉ်အာရုံ နေဝ ဈာန်စိတ် ၁=၄
ဤ ၄ အာရုံ ၄ ပါးပြားမှကြောင့် ထိုအာရုံ ၄ ပါးကို အာရုံပြု သောစိတ်လည်း ၄ ပါးပင်ပြားသည်။
ထိုအာရုံ ၄ ပါးကိုတဖန် ကုသိုလ်ဝိပါက် ကြိယာ အပြား ၃ ပါး နှင့်မြှောက် အရုပဈာန်စိတ်အပြား ၁၂ ပါးပြားလာသည်။

[ဆောင်] အာ-ဝိဉ်-အာ-နေ၊ ဈာန်လေးထွေ ဥအေက်ါနှစ်။

၆၉-အတိက္ကမိတမ္မအာရုံ

အာကာ ဈာန်စိတ်သည် ကသိုဏ်းပညတ်ကို ကျော်လွန်ခဲ့၏။
ဝိညာ ဈာန်စိတ်သည် ကောင်းကင်ပညတ်ကို ကျော်လွန်ခဲ့၏။

အာကိုဴ စျာန်စိတ်သည် အာကာစျာန်စိတ်ကို ကျော်လွန်ခဲ့၏။
နေဝ စျာန်စိတ်သည် နတ္ထိဘော ပညတ်ကို ကျော်လွန်ခဲ့၏။
(ဤကားလွန်အပ်သော အာရုံတည်း)

[ဆောင်] အာရုံပြောင်းကာ၊ ပွါးတုံပါ့၊ လေးဖြာအရှုပ။

၇၀—အာဝလမ္ဗဝိတဗ္ဗအာရုံ

အာကာ စျာန်စိတ်သည် ကောင်းကင်ပညတ်ကို အာရုံပြု၏။
ဝိညာ စျာန်စိတ်သည် အာကာစျာန်စိတ်ကို အာရုံပြု၍။
အာကိုဴ စျာန်စိတ်သည် နတ္ထိဘောပညတ်ကို အာရုံပြု၏။
နေဝ စျာန်စိတ်သည် အာကိုဴစျာန်စိတ်ကို အာရုံပြု၏။
(ဤကားပြုအပ်သော အာရုံတည်း)

[ဆောင်] အာကာ ကာသ၊ ဝိညာ အာကာ၊ အာကိုဴ နတ္ထိ။
နေဝအာကိုဴ၊ ပြုပယိနဲး၊ မတိန်းအရှုပ။

(စျာန်စိတ်)	(လွန်အပ်အာရုံ)	(ပြုအပ်အာရုံ)
အာကာ စျာန်စိတ်သည်	ကသိုဏ်းပညတ်	ကောင်းကင်ပညတ်။
ဝိညာ စျာန်စိတ်သည်	ကောင်းကင်ပညတ်	ပထမာရုပ္ပဝိညာဉ်။
အာကိုဴ စျာန်စိတ်သည်	ပထမာရုပ္ပဝိညာဉ်	နတ္ထိဘောပညတ်။
နေဝ စျာန်စိတ်သည်	နတ္ထိဘောပညတ်	တတိယာရုပ္ပဝိညာဉ်။

[မှတ်ချက်] အာကာစျာန်စိတ်သည် ကသိုဏ်းပညတ် အာရုံကို ကျော်လွန်ခဲ့၍ ကသိုဏ်း ၉ ပါး တပါးပါးကို ဒွါ၍ ရှအပ်သောအာရုံမပြု တော့ဘဲနေသည်ကို ဒွါသည်ဟုဆိုသည်။

ကောင်းကင် ပညတ်ကိုအာရုံပြု၍ ဝိညာ စျာန်စိတ်သည် ကောင်းကင်ပညတ်ကိုကျော်လွန်ခဲ့၍ ပထမာရုပ္ပဝိညာဉ်စိတ်ကို အာရုံပြု၏။

အာကိုဴ စျာန်စိတ်သည် ပထမာရုပ္ပဝိညာဉ်စိတ်ကို ကျော်လွန်ခဲ့၍ ပထမာရုပ္ပ ဝိညာဉ်စိတ်၏ မရှိမှုနတ္ထိဘောပညာကို အာရုံပြု၏။

နေဝ ဗျာန်စိတ်သည် နတ္ထိဘောပညတ်ကိုကျော်လွန်ခဲ့၍ တတိယာ ရုပ္ပဝိညာဉ်စိတ်ကိုအာရုံပြု၏။

ဤသို့အားဖြင့် အရူပကုသိုလ်ဈာန်စိတ် ၄ ပါးလုံးသည် ကျော်အပ် ဌာန်အပဲ အတိုက္ကမိတပ္ပ အာရုံနှင့် ရှာအပ် ပြုအပ် အာလမ္ဗဝတ္ထုအာရုံ ၂ ပါးစုံကို အစဉ်စပ်၍ သိမှတ်အပ်၏၊

ပထမာရုပ္ပဝိညာဉ်ကို အာကာ ဈာန်စိတ်ဟုဆို။
တတိယာရုပ္ပဝိညာဉ်ကို အာကိ ဈာန်စိတ်ဟုဆို။

၇၁-အရူပကမ္မဋ္ဌာန်းအကျဉ်းစီးဖြန်းနည်း

အာကာ ဈာန်ကိုအလိုရှိသူသည် အာကာသေအနန္တေဟု။
ဝိညာ ဈာန်ကိုအလိုရှိသူသည် ဝိညာဏံအနန္တံဟု။
အာကိ ဈာန်ကိုအလိုရှိသူသည် နတ္ထိကိဉ္စိဟု၊
နေဝ ဈာန်ကိုအလိုရှိသူသည် သန္တမေတံ-ပဏီတမေတံဟု။
အပန်ဖန်နှလုံးသွင်း စီးပြန်းကြရာ၏။ (ဤကားအကျဉ်းတည်း)

၇၂-အရူပစိတ်သည်အင်္ဂါမလွန်ဘဲ အာရုံလွန်ပုံ

အရူပစိတ်သည် ဥပေက္ခာနှင့် ကေဝဏ္ဍတာဈာန်အင်္ဂါ ၂ ပါးစီအညီ အမျှရှိကြ၍ ဈာန်အင်္ဂါကို လွန်ဘွယ်မလို။ အောက်တန်းဈာန်၏အာရုံကို ကျော်လွန်နိုင်မှ အထက်တန်း ဈာန်ကိုရရှိနိုင်၍ တဈာန်မှာ တအာရုံ ဒိသာ အဆင့်ဆင့် အာရုံကိုသာ လွန်လာခဲ့သည် (တဆင့်ထက်တဆင့် မြင့်မြတ် ထက်မြက်ကြ၏)

ဒါကြောင့်။ အရူပစိတ်သည် အာလမ္ဗဏာတိက္ကမ၊ အာလမ္ဗဏ-အတိက္ကမ၊အာလမ္ဗဏ-အာရုံကို၊အတိက္ကမ-ကျော်လွန်ခဲ့သည်၊အာလမ္ဗဏာဘိက္ကမစိတ်မည်၏။

၇၃–အရူပစိတ်ကိုအာဘဲ့ခကြောင့် ပဋ္ဌမဈာန်ဟု ဆိုသနည်း

ရူပ ပဋ္ဌမဈာန်ကို ရရှိခဲ့ပြီးသော ယောဂိပုဂ္ဂိုလ်သည် ထိုလက်ရှိ ပဋ္ဌမဈာန်၌ တည်နေပြီး အာရုံ ၄ ပါးကို ပွါးများကာ အာရုံနှင့် စပ်သော (အာရုပ္ပ) ၄ ပါးကို အဆင့်ဆင့် ဆက်လက်၍ ရအပ်သော ကြောင့် ဤအရူပစိတ် ၁၂ ပါးလုံးသည် (ပဋ္ဌမဈာန်နှင့် အလားတူ) ဥပေက္ခာ ဧကဂ္ဂတာ ဈာန်အင်္ဂါ ၂ ပါးစီသာရှိ၍ ပဋ္ဌမဈာန်မည်၏။

(အရူပဈာန်ကို ဥပေက္ခာ ဝေဒနာဟုဆို)

[ဆောင်] စိတ်အရူပ၊ ဒွါဒသ၊ ပဋ္ဌမ ဥပေက္ခာဖြစ်။

၇၄–ရူပဈာန်လောက် အရူပဈာန်အာရုံ မများသနည်း

ရူပဈာန်စိတ်သည် အင်္ဂါတိဂ္ဂမဈာန်စိတ်ဖြစ်၍ ဈာန်တပါးပါးလျှင် ကသိုဏ်းပညတ်စသော အာရုံအများအပြားကို အာရုံပြုကြ၏၊ အရူပ ဈာန်စိတ်ကား အာလမ္ဗဏာတိဂ္ဂမဈာန်စိတ်ဖြစ်၍ ရူပဈာန်စိတ်များကဲ့သို့ အာရုံအပြုမများဘဲ တ ဈာန်မှာ တ အာရုံစီသာ အသီးသီး အာရုံပြုကြ၏။

၇၅–လောကီဈာန် ၂ ပါးထူးခြားပုံ

ရူပ အရူပ ဈာန်သည် သမထာနုယောဂ ပဋိလဒ္ဓနှင့် မဂ္ဂသိဒ္ဓဈာန် ၂ ပါးရှိသည်။ သမထ-သမထကမ္မဋ္ဌာန်းကို၊ အနုယောဂ-အားထုတ်မှု၊ ပဋိလဒ္ဓ-ရအပ်သောဈာန်သည်၊ သမထာနုယောဂက ပဋိလဒ္ဓဈာန်မည်၏။

(ဤဈာန်ကို သမထဈာန်ဟုဆို)

မဂ္ဂ-မဂ္ဂတရားကို အားထုတ်၍ ရမှသာ၊ သိဒ္ဓ–ကိစ္စပြီးသောဈာန် သည် မဂ္ဂသိဒ္ဓဈာန်မည်၏ (ဤဈာန်ကို ဝိပဿနာဈာန်ဟုဆို) ရှောဘဝက ဈာန်ရလိုမှု ဆုတောင်းပြု၍ မဂ်ကိုရလာလျှင် လောကီဈာန် ၉ ပါးလုံး ကိုပင် ကိစ္စပြီးသော မဂ္ဂသိဒ္ဓဈာန်ဟု မှတ်ပါ။

[တနည်း] ဥပပတ္တိသိဒ္ဓစာန်ကို မိန့်ဆိုကြသေးသည်။ ဥပပတ္တိ-ဩဟ္ဒာပြည် ပဋိသန္ဓေနေမှသာ၊ သိဒ္ဓ-ကိစ္စပြီးသောစာန်သည်၊ ဥပ ပတ္တိသိဒ္ဓစာန်မည်၏။

ကာမဘုံမှာစာန်ရရှိပြီး စုတေသွားရာအခါ ထိုစာန်ကွယ်ပျောက်၍ ဩဟ္ဒာပြည်သို့ အရောက်တွင် ထို စာန်ကိုပင် နောက်ထပ် ရသည် ဟု မှတ်ပါ။

၇၆-ကာမကုသိုလ် နှင့် မဟဂ္ဂုတ်ကုသိုလ် ၂ ပါး ထူးခြားပုံ

ကာမကုသိုလ်ကံများသည် ကာမတဏှာ၏ လျှပ်ပေါ် လော်လီမှုကြောင့် အဟိတ်ဝိပါက်များကို မူမတူဘဲနှင့် ဘလောင်းဘလဲ အကျိုးပေးခဲ့၏ မဟဂ္ဂုတ်စာန် ကုသိုလ်ကံများသည် ကာမတဏှာ၏စက်ကွင်းမှလွတ်ကင်းခဲ့၍ သမာဓိအင်အားကြီးမားမှုကြောင့် ဆင်ကောင်နှင့် ဆင်ရိပ်ပမာ ဒုတိယဘဝမှာ အကျိုးပေးခဲ့၏။

ဒါ့ကြောင့်။ အကျိုးပေးမြဲမြံ၍ ဤကဲ့ ၉ ခုလုံးသည် ဂရုကံမည်၏။

ဘရုပစိတ်ပြီး၏။

——oOo——

၇၇-မဟဂ္ဂုတ်စိတ် ၂၇

ရူပါဝစရစိတ်	၁၅	
အရူပါဝစရစိတ်	၁၂=ပေါင်း	၂၇

၇၈-မဟဂ္ဂုတ်စိတ်ဘေဒ ၆

ဘူမိဘေဒ ၁။ဇာတိဘေဒ ၁။စျာနဘေဒ ၁။ဝေဒနာဘေဒ ၁။ သမ္ပယောဂဘေဒ ၁။ သခ်ါရဘေဒ ၁။=ပေါင်း ဘေဒ ၆။

၁။ ဘူမိဘေဒစိတ် ၂၇
ရူပစိတ် ၁၅
အရူပစိတ် ၁၂ ပေါင်းမဟဂ္ဂုတ်စိတ် ၂၇

၂။ ဇာတိဘေဒစိတ် ၂၇
ကုသိလ်စိတ် ၉
ဝိပါက်စိတ် ၉
ကြိယာစိတ် ၉=မဟဂ္ဂုတ်စိတ် ၂၇

၃။ ဈာနဘေဒစိတ် ၂၇
ပထမဈာန်စိတ် ၃
ဒုတိယဈာန်စိတ် ၃
တတိယဈာန်စိတ် ၃
စတုတ္ထဈာန်စိတ် ၃
ပဉ္စမဈာန်စိတ် ၁၅=မဟဂ္ဂုတ်စိတ် ၂၇

၄။ ဝေဒနာဘေဒစိတ် ၂၇
သောမနဿဝေဒနာစိတ် ၁၂
ဥပေက္ခာဝေဒနာစိတ် ၁၅=မဟဂ္ဂုတ်စိတ် ၂၇

၅။ သမ္ပယောဂဘေဒစိတ် ၂၇
သမ္ပယုတ်စိတ် ၂၇
ဝိပ္ပယုတ်စိတ် မရှိ=မဟဂ္ဂုတ်စိတ် ၂၇

၆။ သင်္ခါရဘေဒစိတ် ၂၇
အသင်္ခါရိကစိတ် မရှိ
သသင်္ခါရိကစိတ် ၂၇=မဟဂ္ဂုတ်စိတ် ၂၇

[ဆောင်] မဟဂ္ဂုတ်ဟူ၊ ရူ-အရူ၊ ပေါင်းမူသတ်ဝိသ။
ကု-ဝိ-ကြို-နော-သော-ဆယ့်နှစ်ပါး၊ ဥဆယ့်ငါး၊
ပေါင်းငြားသတ်ဝိသ။

[မှတ်ချက်] မဟဂ္ဂတ၊ မဟာ-ဂတ။ မဟာ-မြင့်မြတ်သည်၏ အဖြစ်သို့၊ ဂတ-ရောက်အပ်သော စိတ်သည်၊ မဟဂ္ဂတ-မဟဂ္ဂုတ် စိတ်မည်၏။ မြင့်မြတ်သော ပုဂ္ဂိုလ်များသည် ရောက်အပ် ရအပ်သော ကြောင့်၊ ရူပနှင့် အရူပစိတ် ၂၇ ပါးလုံးသည်၊ မဟဂ္ဂုတ်စိတ် မည်၏။ မဟဂ္ဂုတ် ကုသိုလ်အရာ၌ သောမနဿ ကုသိုလ်ဈာန်ထက် ဉပေက္ခာ ကုသိုလ်ဈာန်ကအကျိုးပေး အရာကျသ၍ မြင့်မြတ် ထက်မျက်ကြသည်။

ရူပစိတ်သည်၊ ဈာနဘေဒစိတ်နှင့် အင်္ဂါတိဏ္ဍမစိတ်မည်၏။

ညာဏသမ္ပယုတ်နှင့် သသင်္ခါရိကသုခသည်၊ စိတ်သုခနှင့် ကိုယ်သုခ ၂ ပါးစိတ်သုခမှာ သောမနဿသာ၊ ကိုယ်သုခမှာ ကာယဝိညာဉ်သာ။ (ဤအရာစိတ်သုခကိုသာယူ)

အရူပစိတ်သည်၊ အာလမ္ဗဏဘေဒစိတ်နှင့် အာလမ္ဗဏာတိဏ္ဍမစိတ် မည်၏။ ဈာန်အင်္ဂါများ ဉပေက္ခာနှင့် ကေဝဏ္ဍတာသာ ဉပေက္ခာ ညာဏသမ္ပယုတ်နှင့် သသင်္ခါရိကသာမှတ်ပါ။

ရူပစိတ်ဥဒ္ဓံ ပဒုတစ ဈာန်စိတ်များကို သောမနဿသာဆို။
ဥပ ပဉ္စမဈာန်နှင့် အရူပဈာန်စိတ်များကို ဉပေက္ခာသာဆို။

မဟဂ္ဂုတ်စိတ်ပြီး၏။

၇၉-လောကီစိတ် ၈၁

ကာမစိတ်	၅၄	
ရူပစိတ်	၁၅	
အရူပစိတ်	၁၂ ပေါင်း	၈၁

၈၀-လောကီစိတ်ဘေဒ ၇

ဘူမိဘေဒ ၁။ ဇာတိဘေဒ ၁။ ဣန္ဒြိယဘေဒ ၁။ သမ္ပယောဂဘေဒ ၁။ သင်္ခါရဘေဒ ၁။ ဟေတုဘေဒ ၁။ သောဘဏဘေဒ ၁။ ပေါင်း ဘေဒ ၇။

၁။	ဘူမိဘေဒစိတ်	၈၁	
	ကာမစိတ်	၅၄	
	ရူပစိတ်	၁၅	
	အရူပစိတ်	၁၂ ပေါင်း လောကီစိတ် ၈၁	
၂။	ဇာတိဘေဒစိတ်	၈၁	
	လောကီကုသိုလ်စိတ်	၁၇	
	အကုသိုလ်စိတ်	၁၂	
	လောကီဝိပါက်စိတ်	၃၂	
	ကြိယာစိတ်	၂၀=လောကီစိတ်	၈၁
၃။	ဒုန္နိယဘေဒစိတ်	၈၁	
	သုခသဟဂတ်စိတ်	၁	
	ဒုက္ခသဟဂတ်စိတ်	၁	
	သောမနဿသဟဂတ်စိတ်	၅၀	
	ဒေါမနဿသဟဂတ်စိတ်	၂	
	ဥပေက္ခာသဟဂတ်စိတ်	၄၇=လောကီစိတ်	၈၁
၄။	သမ္မယောဂဘေဒစိတ်	၈၁	
	သမ္မယုတ်စိတ်	၄၇	
	ဝိပ္ပယုတ်စိတ်	၃၄–လောကီစိတ်	၈၁
၅။	သန်ဓါရဘေဒစိတ်	၈၁	
	အသန်ဓါရိုကစိတ်	၃၇	
	သသန်ဓါရိုကစိတ်	၄၄–လောကီစိတ်	၈၁
၆။	ဟေတုဘေဒစိတ်	၈၁	
	အဟိတ်စိတ်	၁၈	
	သဟိတ်စိတ်	၆၃–လောကီစိတ်	၈၁
၇။	သောဘဏဘေဒစိတ်	၈၁	
	သောဘဏစိတ်	၅၁	
	အသောဘဏစိတ်	၃၀–လောကီစိတ်	၈၁

[ဆောင်] ကာ-ရှ-အရှ၊ လောကီဟူ၊ ပေါင်းမူ ရှစ်ဆယ့်တစ်။
ဆယ့်နှစ် အကု၊ ကုဆယ့်ခွန်နှုန်း၊ သုံးဆယ့်နှစ်ဝိ၊
နှစ်ဆယ်ကြို၊ ပေါင်းဘိရှစ်ဆယ့်တစ်။
ဥ ဇောသတ္တ၊ သောတိံသ၊ ဒေါ-ဒွ-ဒု-သုကော်။
ဇော ၄၊ သတ္တ ၇၊ ဇောသတ္တ ၄၇။

[မှတ်ချက်] ပျက်စီးတတ်သော ဥပါဒါနာက္ခန္ဓာ ခေါ်သော သန္ဓိရလောကတွင် အကျုံးဝင်သော စိတ် ၈၁ ခုကို လောကီစိတ်ဟု ဆိုသည်။

လောကီစိတ်ပြား၏

——o0o——

၈၁—လောကုတ္တရာကုသိုလ်စိတ်အကျဉ်း ၄

သောတာပတ္တိမဂ်စိတ်	၁
သကဒါဂါမိ မဂ်စိတ်	၁
အနာဂါမိ မဂ်စိတ်	၁
အရဟတ္တ မဂ်စိတ်	၁–၄

၈၂—လောကုတ္တရာဝိပါက်စိတ်အကျဉ်း ၄

သောတာပတ္တိဖိုလ်စိတ်	၁
သကဒါဂါမိ ဖိုလ်စိတ်	၁
အနာဂါမိ ဖိုလ်စိတ်	၁
အရဟတ္တ ဖိုလ်စိတ်	၁–၄

လောကုတ္တရာကုသိုလ်စိတ်အကျဉ်း	၄
လောကုတ္တရာဝိပါက်စိတ်အကျဉ်း	၄
ပေါင်း လောကုတ္တရာစိတ်အကျဉ်း	၈

လောကုတ္တရာကုသိုလ်စိတ်သည် မဂ် ၄ ပါးနှင့် ယှဉ်သောအားဖြင့် ၄ ပါးအပြားရှိ၏။ ထို့အတူ လောကုတ္တရာ ဝိပါက်စိတ်သည် ထိုကုသိုလ်စိတ်၏ အကျိုးအားဖြင့် ၄ ပါးပင်အပြားရှိ၏။ ဤသို့အားဖြင့် လောကုတ္တရာစိတ်အကျဉ်း ၈ ပါးပြားလာသည်။

(လောကုတ္တရာစိတ်အကျဉ်း ၈ ပါးလုံးကို သောမနဿနှင့် ညာဏသမ္ပယုတ်သဿင်္ခါရိကသာဆို)

[ဆောင်] လေးမဂ်ယှဉ်ရိုး၊ကု လေးမျိုး၊အကျိုးဖိုလ်လည်းလေး။

၈၃-မဂ်သည် အဘဲ့ကြောင့် ၄ ပါးပြား၊သနည်း

မဂ်သည် ဆိုင်ရာကိလေသာကို ပယ်သတ်ရာ၌ ဇုန်ခြေများ၏ ထက်မထက် ထက်သည်ထက် အထက်မြက်ဆုံးအား၊ဖြင့် မဂ် ၄ ပါးလုံးသည် အာရုံတူ အင်္ဂါတူ မဂ်ချင်းပင် တူသော်လည်း ဇုန်ခြေများ၏ (သတ္တိ) အစွမ်းအားဖြင့် မဂ် ၄ ပါးပြား၊လာ၏။

ဒါ့ကြောင့်။ မဂ် ၄ ပါး ပြား၊မှုကြောင့် မဂ်နှင့် ယှဉ်သောစိတ် (မဂ်စိတ်)လည်း ၄ ပါးပင်ပြား၊လာရပြန်သည်၊

(ထင်ရှာစေအံ့) မဂ္ဂင် ၈ ပါးတွင် ပါဝင်ခဲ့သော သမ္မာဒိဋ္ဌိ သမ္မာဝါယမ သမ္မာသတိ သမ္မာသမာဓိ တရား၊များသည် အစဉ်အတိုင်း ပညာခြေ ဝီရိယခြေ သတိခြေ သမာဓိခြေထိုက်ကြ၏၊ထို့ဇုန်ခြေ ထိုက်သော တရား၊များသည် သောတာပတ္တိ မဂ်အခိုက်၌ မထက်မြက် လှသေး၍ သကဒါဂါမိ မဂ်အခိုက်၌ ထက်မြက်စွာဖြစ်လာ၏။ အနာဂါမိ မဂ်အခိုက်၌ ပိုမိုစွာထက်မြက်လာ၏။ အရဟတ္တမဂ်အခိုက်၌ အထက်မြက်ဆုံးဖြစ်လာ၏။

ဒါ့ကြောင့်။ မဂ်သည် နိဗ္ဗာန်အာရုံတူ မဂ္ဂင် ၈ ပါးအင်္ဂါတူ ကိလေသာသတ်ခြင်း၊တူသော်လည်း ဇုန်ခြေများ၏ (သတ္တိ) ပြား၊မှုကြောင့် မဂ် ၄ ပါးပြား၊လာခဲ့၏။

၈၄-မဂ္ဂင်-မဂ်-မဂ်စိတ် ၃ ပါး ထူးခြားပုံ

သမ္မာဒိဋ္ဌိ စသောအစိတ်အပိုင်း မဂ်၏အင်္ဂါ ၈ ပါးလုံးသည် မဂ္ဂင်မည်၏။ ကိလေသာကိုပယ်သတ်ပြီး နိဗ္ဗာန်သို့ အာရုံပြုရာ ချဉ်းကပ်ရာသည် မဂ်မည်၏။ မဂ်နှင့်ယှဉ်သောစိတ်သည် မဂ်စိတ်မည်၏။

(ဤကား ထူးခြားပုံတည်း)

(မဂ္ဂင်နှင့် မဂ်မှာ ဈာန်အင်္ဂါနှင့် ဈာန်ပမာမှတ်ပါ)

၈၅-အဘဲ့ကြောင့် ဓလောကုတ္တရာ ကြိယာစိတ် မပါသနည်း

မင်္ဂစိတ် ၄ ပါးလုံးသည် ဆိုင်ရာကိလေသာများကို ပယ်သတ်ရာ၌ တကြိမ်တည်းသာပယ်သတ်ပြီး နောက်ထပ်တဖန် ဘယ်ပုဂ္ဂိုလ်သန္တာန်မှာမှ မဂ်စိတ်ပြန်ဖြစ်ဘွယ် တကယ်မရှိသောကြောင့် လောကုတ္တရာကြိယာစိတ် (ခေါ်စရာ) မပါမရှိလေတော့၏။

[မှတ်ချက်] ရဟန္တာဖြစ်ပြီးမှ မိမိရရှိခဲ့သော မဂ် ၄ ပါးလုံးကို ဝင်စားလိုလျှင် မဂ်ကိုပင်မရ ဖိုလ်ကိုသာ ဝင်စားလို့ရ၏။

ဒါကြောင့်။ ဖလဋ္ဌာန် ပုဂ္ဂိုလ် ၄ ယောက်မှာ ဝင်စားလိုရာ (ဖလသမာပတ်)ခေါ်သော ဖိုလ်များကိုသာ ဝင်စားတော်မူကြရ၏။

သောတာပတ္တိမဂ္ဂ။ နိဗ္ဗာန်သို့အာရုံပြုရာ ရှေးဦးစွာ ရောက်လာသော မဂ်။

သောတာပတ္တိဖဂ္ဂစိတ္တ။ သောတာပတ္တိမဂ်နှင့် ယှဉ်သော စိတ်။

သကဒါဂါမိမဂ္ဂ။ ကာမဘုံသို့ တကြိမ်သာ ပဋိသန္ဓေ ပြန်နေလာသော်သူ။

သကဒါဂါမိဖဂ္ဂစိတ္တ။ သကဒါဂါမိမဂ်နှင့် ယှဉ်သောစိတ်။

အနာဂါမိမဂ္ဂ။ ကာမဘုံသို့ ပဋိသန္ဓေပြန်မနေလာသော်သူ။

အနာဂါမိဖဂ္ဂစိတ္တ။ အနာဂါမိမဂ်နှင့် ယှဉ်သောစိတ်။

အရဟတ္တမဂ္ဂစိတ္တ။ အရဟတ္တဖိုလ်၏ အကြောင်းဖြစ်သော မဂ်စိတ်။

အကျိုးဖိုလ်ဖြင့် အကြောင်းမဂ်ကို အရဟတ္တဖိုလ်၌ အထူးဆို ထားသည်။

မဂ် ၄ ပါးသည် မဂ္ဂင်္ဂာန် ၄ ယောက်၏ဆိုင်ရာ ကိုယ်ပိုင်ဥစ္စာဖြစ်၏။
ဖလ အကျိုးဖြစ်သော မဂ္ဂင်တရား ၈ ပါးသည် ဖိုလ်မည်၏၊
ဖလ မဂ်၏အကျိုးဖြစ်သော စိတ် စေတသိက်များသည်ဖိုလ်မည်၏။

သောတာပတ္တိ ဖလစိတ္တာ။	သောတာပတ္တိဖိုလ်နှင့် ယှဉ်သောစိတ်။
သကဒါဂါမိဖလစိတ္တာ။	သကဒါဂါမိဖိုလ်နှင့် ယှဉ်သောစိတ်။
အနာဂါမိဖလစိတ္တာ။	အနာဂါမိဖိုလ်နှင့် ယှဉ်သောစိတ်၊
အရဟတ္တဖလစိတ္တာ။	အာရဟတ္တဖိုလ်နှင့် ယှဉ်သောစိတ်။

ဖိုလ် ၄ ပါးသည် ဖလဋ္ဌာန် ၄ ယောက်၏ဆိုင်ရာကိုယ်ပိုင်ဥစ္စာမည်၏။
မဂ် ၄ ပါးက ဖိုလ် ၄ ပါးအား ဆိုင်ရာတခုစီသာ(အဝတ္ထာ)ဘုံမှာ အသီးသီးအကျိုးပေးကြ၏၊

၈၆–သတ္တလောကမှ ထွက်မြောက်ပုံ

သောတာပတ္တိ မဂ်စိတ်သည် ပုထုဇဉ်သတ္တလောကမှ-
သကဒါဂါမိ မဂ်စိတ်သည် သောတာပန် သတ္တလောကမှ-
အနာဂါမိ မဂ်စိတ်သည် သကဒါဂါမ် သတ္တလောကမှ-
အရဟတ္တ မဂ်စိတ်သည် အနာဂါမ် သတ္တလောကမှ-
အသီးသီး ထွက်မြောက်ကြ၏။

၈၇–သန်ဒိဋ္ဌလောကမှ ထွတ်မြောက်ပုံ

မဂ်စိတ် ၄ ပါးလုံးသည် နိဗ္ဗာန်ကို အာရုံပြု၍ ဥပါဒါန်၏ အာရုံ မဟုတ်ရာ ခန္ဓာ သန်ဒိဋ္ဌလောကမှ အသီးသီးထွက်မြောက်ကြ၏။

၈၈–ဩကာသလောကမှ ထွက်မြောက်ပုံ

သောတာပတ္တိ မဂ်စိတ်သည် အပါယ် ၄ ဘုံ ဩကာသလောကမှ-
သကဒါဂါမိ မဂ်စိတ်သည် ကာမဘုံတစိတ်ဩကာသလောကမှ-
အနာဂါမိ မဂ်စိတ်သည် အလုံးစုံကာမဘုံဩကာသလောကမှ-
အရဟတ္တ မဂ်စိတ်သည် ရူပ, အရူပဘုံ ဩကာသလောကမှ-
အသီးသီးထွက်မြောက်ကြ၏။

(ဖိုလ် ၄ ပါးလုံးကို မင် ၄ ပါးထွက်မြောက်ပုံနှင့် အတူဆို)

[မှတ်ချက်] လောကုတ္တရ၊ လောက- ဥတ္တရ၊ လောက- လောက ဥ ရပ်မှ၊ ဥတ္တရ၊ လွတ်လပ်ဆဲ လွတ်လပ်ပြီးသောစိတ်သည် လောကုတ္တရာ ဇိတ်မည်၏။

လောကုတ္တရာစိတ်အကျဉ်း ပြီး၏။

———o0o———

၈၉-စိတ်အကျဉ်း.... ၈၉

လောကီစိတ်- ၈၁

လောကုတ္တရာစိတ်အကျဉ်း- ၈=၈၉

၉၀-စိတ်အကျဉ်းဘေဒ ၇

ဘူမိဘေဒ ၁။ဇာတိဘေဒ ၁၊ဈာန်ဘေဒ ၁။သမ္မယောဂဘေဒ ၁။ သဒ္ဓါရုဘေဒ ၁။ဟေတုဘေဒ ၁။သောဘဏဘေဒ ၁။ပေါင်းဘေဒ ၇။

၁။ ဘူမိဘေဒစိတ် ၈၉
ကာမစိတ် ၅၄
ရူပစိတ် ၁၅
အရူပစိတ် ၁၂
လောကုတ္တရာစိတ်အကျဉ်း ၈ ပေါင်း စိတ်အကျဉ်း ၈၉

၂။ ဇာတိဘေဒစိတ် ၈၉
ကုသိုလ်စိတ် ၁၁
အကုသိုလ်စိတ် ၁၂
ဝိပါက်စိတ် ၃၆
ကြိယာစိတ် ၂၀ ပေါင်း စိတ်အကျဉ်း ၈၉

၃။ ဇုန္ဒြိယဘေဒစိတ် ၈၉
သုခသဟဂုတ်စိတ် ၁
ဒုက္ခသဟဂုတ်စိတ် ၁
သောမနဿသဟဂုတ်စိတ် ၃၈
ဒေါမနဿသဟဂုတ်စိတ် ၂
ဥပေက္ခာသဟဂုတ်စိတ် ၄၇ ပေါင်း စိတ်အကျဉ်း ၈၉
၄။ သမ္မဃောဓဘေဒစိတ် ၈၉
သမ္မယုတ်စိတ် ၅၅
ဝိပ္ပယုတ်စိတ် ၃၄ ပေါင်း စိတ်အကျဉ်း ၈၉
၅။ သန်ဒါဓဘေဒစိတ် ၈၉
အသန်ဒါရိကစိတ် ၃၇
သသန်ဒါရိကစိတ် ၅၂ ပေါင်း စိတ်အကျဉ်း ၈၉
၆။ ဟေတုဘေဒစိတ် ၈၉
အဟိတ်စိတ် ၁၀
သဟိတ်စိတ် ၇၁ ပေါင်း စိတ်အကျဉ်း ၈၉
၇။ သောဘဏဘေဒစိတ် ၈၉
သောဘဏဘေဒစိတ် ၅၉
အသောဘဏဘေဒစိတ် ၃၀ ပေါင်း စိတ်အကျဉ်း ၈၉

[ဆောင်] ကို, ရှစ်ဆယ့်တစ်၊ ကုတ်မူရှစ်၊ ပေါင်း လစ်ရှစ်ဆယ့်ကိုး။ ဆယ့်နှစ်အကု၊ ကုသိုလ်ကိုး၊ ဆတ္တိံသဝိ၊ နှစ်ဆယ်ကြိ၊ ပေါင်းဘီရှစ်ဆယ့်ကိုး။

၉၁—စိတ်အကျဉ်းဇာတိဘေဒအရဆို

ကုသိုလ်စိတ် ၂၁။ မဟာကုသိုလ်စိတ် ၈
ရူပကုသိုလ်စိတ် ၅
အရူပကုသိုလ်စိတ် ၄
လောကုတ္တရာ ကုသိုလ်စိတ် ၄ ပေါင်း ၂၁

အကုသိုလ်စိတ်	၁၂။	လောဘမူစိတ်	၈		
		ဒေါသမူစိတ်	၂		
		မောဟမူစိတ်	၂	ပေါင်း	၁၂
ဝိပါက်စိတ်	၃၆။	အကုသလဝိပါက်စိတ်	၇		
		အဟိတ်ကုသလဝိပါက်စိတ်	၈		
		မဟာဝိပါက်စိတ်	၈		
		ရူပဝိပါက်စိတ်	၅		
		အရူပဝိပါက်စိတ်	၄		
		လောကုတ္တရာဝိပါက်စိတ်	၄	ပေါင်း	၃၆
ကြိယာစိတ်	၂၀။	အဟိတ်ကြိယာစိတ်	၃		
		မဟာကြိယာစိတ်	၈		
		ရူပကြိယာစိတ်	၅		
		အရူပကြိယာစိတ်	၄	ပေါင်း	၂၀

[မှတ်ချက်] ဇာတိ-ဘေဒ၊ ဇာတိ-ဇာတ်အားဖြင့်။ ဘေဒ-ပြားလာသောစိတ်များကို၊ ရေတွက်ပြရာသည်၊ ဇာတိဘေဒ နှံ့ည်းမည့်၏။ လောကမှာ လူများ၏၊ အမျိုးအနွယ်ကို မျိုးရိုးဇာတိ ခေါ်ဆိုရိုးရှိသည့် အဘိုင်း စိတ်ပရမတ်များ၏၊ စိတ်မျိုး စိတ်နွယ်ကို (ဇာတိ) ဇာတ် ဟုဆို၏။

ဇာတ်သည် ကုသိုလ်ဇာတ် အကုသိုလ်ဇာတ် အဗျာကတ ဇာတ် ၃ ရပ်ရှိ၏။ (ဝိပါက်နှင့် ကြိယာစိတ်များကို အဗျာကတဇာတ်ဟုဆို)

[တနည်း] ကုသိုလ် အကုသိုလ် ဝိပါက် ကြိယာ ဇာတ် ၄ ပါး ဖြားပြန်သည်။ ကုသိုလ်မျိုးချင်းတူရာ စဉ်အလာဖြစ်ရာကို ကုသိုလ်ဇာတ်ဟုဆိုသည်။

(ကျန်- အက, ဝိ- ကြိ- ဇာတ် ၃ ရပ်ကို ကုသိုလ်ဇာတ်ခေါ်ပုံနှင့် အတူဆင်)

၉၂-စိတ်အကျဉ်းဘူမိဘေဒအရဆို

ကာမစိတ်	၅၄။	အကုသိုလ်စိတ်	၁၂	
		အဟိတ်စိတ်	၁၈	
		ကာမာဝစရစိတ်	၂၄ ပေါင်း ကာမစိတ်	၅၄
ရူပစိတ်	၁၅။	ရူပကုသိုလ်စိတ်	၅	
		ရူပဝိပါက်စိတ်	၅	
		ရူပကြိယာစိတ်	၅ ပေါင်း	၁၅
အရူပစိတ်	၁၂။	ဒုခရူပကုသိုလ်စိတ်	၄	
		အရူပဝိပါက်စိတ်	၄	
		အရူပကြိယာစိတ်	၄ ပေါင်း	၁၂
လောကုတ္တရာစိတ်	၈။	လောကုတ္တရာကုသိုလ်စိတ်	၄	
		လောကုတ္တရာဝိပါက်စိတ်	၄ ပေါင်း	၈

[မှတ်ချက်] ဘူမိ-ဘေဒ၊ဘူမိ-ဘုံအားဖြင့်၊ဘေဒ-ပြားလာသောစိတ်များကို ရေတွက်ပြရာသည်၊ ဘူမိဘေဒ နည်းမည်၏။

ဘူမိအရ ဌာနဘုံနှင့် အဝတ္ထုဘုံအားဖြင့် ၂ စားရှိသည်။ ကာမဘုံ ရူပဘုံ အရူပဘုံ ၃ ပါးသည် တည်ရာဌာနရှိ၍ ဌာနဘုံမည်၏။ တဏှာ ၃ ရပ်ဖြင့်သတ်မှတ်ရာ တရားအစုအပုံသည် အဝတ္ထုဘုံမည်၏။

ကာမတဏှာ၏ အာရုံပြုရာ ကာမစိတ် စေတသိက် ရုပ်များသည်၊ ကာမ(အဝတ္ထုဘုံ) မည်၏။

ရူပတဏှာ၏အာရုံပြုရာ ရူပစိတ်စေတသိက်များသည် ရူပ(အဝတ္ထုဘုံ) မည်၏။

အရူပတဏှာ၏ အာရုံပြုရာ အရူပစိတ် စေတသိက်များသည် အရူပ (အဝတ္ထုဘုံ)မည်၏။

တဏှာ ၃ ရပ်၏ အာရုံမှ လွတ်မြောက်ခဲ့ရာ လောကုတ္တရာစိတ် စေတသိက် နိဗ္ဗာန်များသည် လောကုတ္တရာ (အဝတ္ထုဘုံ) မည်၏။

ဒါ့ကြောင့်။ ကာမ ရူပ အရူပ လောကဿ ၃ ဘုံသည် ဌာနဘုံနှင့် (အဝတ္ထုဘုံ) ၂ ပါးစုံ ရနိုင်လေ၏။ လောကုတ္တရာဘုံ ဆိုရာ၌ ကား (အဝတ္ထုဘုံ) တမျိုးတစားတည်းကိုသာရ၏။

[မှတ်ချက်] လောကအတွင်း၌ သတ္တဝါများ မှိတင်းတည်ရှိနေရာ အရပ်ဌာနကိုသာ ဘုံဟုထင်မှတ်ကာနေတတ်ကြသည်။ အမှန်အားဖြင့် ပရမတ် တရားများလည်း(ပစ္စယသတ္တိ)ဖြင့် အချင်းချင်းတည်ရာ မှီရာဘုံ ဖြစ်နိုင်ကြသေးသည်။

စိတ်အကျဉ်းပြီး၏။

—--ooOoo—

၉၃—သောတာပတ္တိမဂ်စိတ်အကျယ် ၅

ပထမဈာန်	သောတာပတ္တိမဂ်စိတ်	၁
ဒုတိယဈာန်	သောတာပတ္တိမဂ်စိတ်	၁
တတိယဈာန်	သောတာပတ္တိမဂ်စိတ်	၁
စတုတ္ထဈာန်	သောတာပတ္တိမဂ်စိတ်	၁
ပဉ္စမဈာန်	သောတာပတ္တိမဂ်စိတ်	၁= ၅

(ကျန် မဂ်သုံးပါးကို သောတာပတ္တိမဂ်စိတ်နှင့် အတူဆို)

သောတာပတ္တိ	မဂ်စိတ်အကျယ်	၅
သကဒါဂါမိ	မဂ်စိတ်အကျယ်	၅
အနာဂါမိ	မဂ်စိတ်အကျယ်	၅
အရဟတ္တ	မဂ်စိတ်အကျယ်	၅

ပေါင်း လောကုတ္တရာ ကုသိုလ်စိတ်အကျယ် ၂၀

၉၄–သောတာပတ္တိဖိုလ်စိတ်အကျယ် ၅

ပထမစျာန် သောတာပတ္တိ ဖိုလ်စိတ် ၁
ဒုတိယစျာန် သောတာပတ္တိ ဖိုလ်စိတ် ၁
တတိယစျာန် သောတာပတ္တိ ဖိုလ်စိတ် ၁
စတုတ္ထစျာန် သောတာပတ္တိ ဖိုလ်စိတ် ၁
ပဉ္စမစျာန် သောတာပတ္တိ ဖိုလ်စိတ် ၁ ပေါင်း ၅
(ကျန် ဖိုလ်စိတ် ၃ ပါးကို သောတာပတ္တိ ဖိုလ်စိတ်နှင့် အတူဆို)
သောတာပတ္တိ ဖိုလ်စိတ်အကျယ် ၅
သကဒါဂါမိ ဖိုလ်စိတ်အကျယ် ၅
အနာဂါမိ ဖိုလ်စိတ်အကျယ် ၅
အရဟတ္တ ဖိုလ်စိတ်အကျယ် ၅
ပေါင်း လောကုတ္တရာ ဝိပါက်စိတ် အကျယ် ၂၀
လောကုတ္တရာ ကုသိုလ်စိတ်အကျယ် ၂၀
လောကုတ္တရာ ဝိပါက်စိတ်အကျယ် ၂၀
ပေါင်း လောကုတ္တရာစိတ် ၃၀ အကျယ် ၄၀

[ဆောင်] ရှစ်လောကုတ်ခု၊ တခုခုငယ်၊ ငါးစျာန်ချယ်၊ အကျယ်လေးဆယ်ပွါး။ ပါဒကနှင့်၊ သမ္မသိတံ၊ ပုဂ္ဂလံ၊ သို့းတန် စျာန်ပွါးရာ။ မဂ်စိတ် နှစ်ဆယ်၊ ဖိုလ်စိတ် နှစ်ဆယ်၊ အကျယ် လောကုတ်ပွါး။ သောသုံးဆယ့်နှစ်၊ ဥမှုရှစ်၊ ပေါင်းလေးစ် လေးဆယ်ထား။

[မှတ်ချက်] သောတာပတ္တိ မဂ်စိတ်သည်၊ ပ ဒု တ စ မ စျာန် အားဖြင့် ၅ ပါးပြားရာတွင် ရှေ့ပိုင်း ပ ဒု တ စ စျာန် ၄ ပါးနှင့် ယှဉ်ခိုက်မှာ သောမနဿသာ နောက်ဆုံးပိုင်း ပဉ္စမစျာန်နှင့် ယှဉ်ခိုက်မှာ ဥပက္ခာ မှတ်ပါ။

(ကျန် မဂ်ဖိုလ်များကို သောတာပတ္တိ မဂ်နှင့် အတူဆို)

လောကုတ္တရာစိတ် အကျယ် ၄၀ လုံးကို ညာဏသမ္မယုတ်နှင့် သ သန်ဂါရိုက သာဆို။

၉၅–အဘဲ့ကြောင့်လောကုတ္တရာစိတ် ၄၀-ပြားသနည်း

ပါဒကစျာန်စသည်၏ အစွမ်းအားဖြင့် အကျယ် ၄၀ ပြားလာသည်။

၉၆–ပါဒကစျာန်ယူနည်း

မင်္ဂကိုမရသေးမီ (စျာနလာဘီ) စျာန်ရယောဂီသည် အခြေခံအဖြစ်ဖြင့် ဝဲစားအဝဲသော လောကီစျာန်သည် ပါဒက စျာန်မည်၏။

(ထင်ရှားစေအံ့) မင်္ဂကိုမရသေးခင် ရှေးအဘိုကပင် လောကီစျာန် ၉ ပါးဘပါးပါးကိုဝဲစား၍၊ ဝါ-အခြေခံပြု၍ ထိုစျာန်မှဆင်ခြင်း သင်္ခါရကိုကို(ဝိပဿနာ)သုံးသပ်၍ မင်္ဂကိုရအဝဲသည်ရှိသော် ဝင်စားအပ်သော စျာန်သည် ပါဒကစျာန်မည်၏။ ထိုရအပ်သော မင်္ဂသည် ပါဒကစျာန်နှင့် အကိုက်တူ၏။

ပ ဒကစျာန် ၅x မင် ၄။ ပေါင်း ပါဒကစျာန် မင်္ဂအကျယ် ၂၀

[ဆောင်] ပထမစျာန်၊ စသည်တို့တွင်၊ မှတ်ထောင်ကို၊ ဝင်စားပြီး၌၊ သင်္ခါရကို၊ ထ၍သုံးသပ်၊ မင်္ဂရလတံ့မူ၊ မှတ်ယူမပြော၊ အကိုက်အားဖြင့်၊ ဝင်းစားရာစျာန်၊ အမှန်မှချ၊ ပါဒကနှင့်၊ မစွဝ့်ခြင်းတည်း။

၉၇–သမ္မသိတစျာန်ယူနည်း

မင်္ဂကိုမရသေးမီ (စျာနလာဘီ)ယောဂီ ဂိုလ်သည် (လက္ခဏာ) ယဉ်တင်၍ သုံသပ်အံ့သော လောကီစျာန်သည် သမ္မသိတစျာန်မည်၏။

(ထင်ရှားစေအံ့) လောကီစျာန် ၉ ပါး တပါးပါးကို အနီစွ ဒုက္ခအနတ္တဟု၊ ဝိပဿနာရှု၍၊ ဝ်-သုံးသပ်၍ မင်္ဂကိုရအပ်သည် ရှိသော် သုံးသပ်အပ်သောစျာန်သည် သမ္မသိတစျာန်မည်၏။ ထိုရအင်သော မင်္ဂသည် သမ္မသိတစျာန်နှင့် အကိုက်တူ၏။

သမ္မသိဘစျာန် ၅x မင် ၄= သမ္မသိတစျာန် မင်္ဂအကျယ် ၂၀

[ဆောင်] ဈာန်ပါဒကာ၊ မရှိကြောင်း၊ ပထမဈာန်၊ စသည်မျှားတွင်
မှတ်ခဘင်ကို၊ ဂဒဂ၊ သုံးသပ်၊ ရအပ်သည်ခံ၊
မက်မှုအင်္ဂါ၊ သုံးသပ်ချာနှင့်၊ တူလာမကွဲဘည်း။

၉၀-ပုဂ္ဂလဈာသယဈာန်ယူနည်း

မင်္ဂါဂိုမရဒေသီခို ဈာနသာဘိ ဈာန်ရယောဂိပုဂ္ဂိုလ်၏ အားပိုဆန္ဒ အစ္ဆရာသယသည် ပုဂ္ဂ ပဈာသယ ဈာနမည်၏၊

(ထင်ရှားစေအံ့) ဈာန်ရယောဂိပုဂ္ဂိုလ်သည် ပ,ဈာန်နှင့် တူစွာ ဈာန်အင်္ဂါ ၅ ပါးရှိ မင်္ဂကိုရခဲ့ဘော် ကောင်းလေစွ၊ ဒု ဈာန်နှင့်တူစွာ ဈာန်အင်္ဂါ ၄ ပါးရှိ မင်္ဂကိုရခဲ့သော် ကောင်းလေစွ စသည်ဖြင့် ယောဂိပုဂ္ဂိုလ်၏ အားပိုဆန္ဒ အစ္ဆရာသယသည် ပုဂ္ဂလဈာသယ ဈာန်မည်၏။ ပုဂ္ဂလဈာသယဖြင့် လောကီဈာန် ၉ ပါး တပါးပါးကို ဝင်စားသည် ဖြစ်စေ၊ သုံးသပ်သည်ဖြစ်စေ ရအာသေခံသည် ပုဂ္ဂလဈာသယ ဈာန်နှင့် အင်္ဂါတူ၏။

ပုဂ္ဂလဈာသယဈာန် ၅x မင်္ဂ ၄=ပုဂ္ဂလဈာသယဈာန် မင်္ဂအာကျယ် ၂၀

[ဆောင်] ဈာန်ကိုပင်လျှင်၊ ဝင်စားငြားမှ၊ ထ၍တဖန်၊ ဈာန်ကို
သုံးသပ်၊ မင်္ဂရလတ်မူ၊ မှတ်ယူမပြား၊ အင်္ဂါအားမှာ၊
ဝင်စားသုံးသပ်၊ထိုနှစ်ရပ်တွင်၊ လိုချင်ရာနှင့်၊တူလာမ
ကွဲတည်း။

၉၉-ပုဂ္ဂလဈာသယ၏ထူးခြားပုံ

ဒု ဈာန်ကိုဝင်စား၍ ပ ဈာန်ကိုသုံးသပ်ခဲ့လျှင် ပါဒကဈာန်အလို ဒု ဈာန် မင်္ဂကိုသာဖြစ်နှင့်သင့်သည်။ သမ္မသိတဈာန်အလို ပ ဈာန် မင်္ဂကိုသာ ဖြစ်နှင့်သင့်သည်၊ သို့ရာတွင် ယောဂိပုဂ္ဂိုလ်က၊ ပ ဈာန်မင်္ဂကို အလိုရှိနေပါက ပ ဈာန်မင်္ဂကိုသာရသည် ဟူလို။ ဒု ဈာန်မင်္ဂကိုအလိုရှိနေပါက ဒု ဈာန်မင်္ဂကိုသာရသည်ဟူလို။

၁၀၀-အာဒေယ်အာဒါကြီးဈာန်ယူနည်း

ပါဒကဈာန်က ပ ဈာန် သမ္မသိတဈာန်က ဒု ဈာန် ၂ ပါးမည်မျှဘဲ ရှိနေခဲ့ရာ အဇ္ဈာသယကလည်း မရှိသေးစေကာမူ အထက်တန်းကျသော ဈာန်နှင့်တူစွာ ဒု ဈာန် မဂ်ကိုသာ ဖြစ်စေရမည်ဟူလို။

ဒါ့ကြောင့်။ အောက်တန်းဈာန်ထက် အထက်တန်းဈာန်က အင်အားကြီးမားခဲ့သည်။

[ဆောင်] ပဂ္ဂိုလ်ယောဂီ၊ လိုမရှိဟု၊ ဥပရိမှန်၊ အထက်ဈာန်နှင့်၊
လေးဘန်မဂ်မှာ၊ တူသည်သာဟု၊ ဋီကာအရှင်၊
မိန့်ဆိုသတည်း။

၁၀၁-ကုသိုလိစိတ်အကျယ် ၃၇

လောကီကုသိုလ်စိတ်	၁၇	
လောကုတ္တရာ ကုသိုလ်စိတ်အကျယ်	၂၀ ပေါင်း	၃၇

၁၀၂-ဝိပါက်စိတ်အကျယ် ၅၂

လောကီဝိပါက်စိတ်	၃၂	
လောကုတ္တရာ ကုသိုလ်စိတ်အကျယ်	၂၀ ပေါင်း	၅၂

၁၀၃-စိတ်အကျယ် ၁၂၁

လောကီစိတ်	၈၁	
လောကုတ္တရာစိတ် အကျယ်	၄၀ ပေါင်း	၁၂၁

[ဆောင်] သုံးဆယ့်ခွန်ကု၊ အပ္ပါးရှာ၊ စုငါးဆယ့်နှစ်။
ရှစ်ဆယ့်တစ်ကီ၊ ကုတ္တာလီ၊ ကော်ဝိသတာဖြစ်။
ဥပဋ္ဌေးစေး၊ သော ဆဋ္ဌေး၊ ဒေါဒေး ဒု သုကော်။

၁၀၄-စိတ်အကျယ်ဘေဒ ၇

ဘူမိဘေဒ ဘဇာတိဘေဒ ဘဋ္ဌန္ဒြိယဘေဒ ဘသမ္မယောဂဘေဒ ဘသန်ါရဘေဒ ဘဟေတုဘေဒ ဘသောဘဏဘေဒ ဘပေါင်းဘေဒ ၇။

၁။ ဘူမိဘေဒစိတ် ၁၂၁
- ကာမစိတ် ၅၄
- ရူပစိတ် ၁၅
- အရူပစိတ် ၁၂
- လောကုတ္တရာစိတ်အကျယ် ၄၀ ပေါင်း စိတ်အကျယ် ၁၂၁

၂။ ဇာတိဘေဒစိတ် ၁၂၁
- ကုသိုလ်စိတ် ၃၇
- အကုသိုလ်စိတ် ၁၂
- ဝိပါက်စိတ် ၅၂
- ကြိယာစိတ် ၂၀ ပေါင်း စိတ်အကျယ် ၁၂၁

၃။ ဋ္ဌန္ဒြိယဘေဒစိတ် ၁၂၁
- သုခသဟဂုတ်စိတ် ၁
- ဒုက္ခသဟဂုတ်စိတ် ၁
- သောမနဿသဟဂုတ်စိတ် ၆၂
- ဒေါမနဿသဟဂုတ်စိတ် ၂
- ဥပေက္ခာသဟဂုတ်စိတ် ၅၅ ပေါင်း စိတ်အကျယ် ၁၂၁

၄။ သမ္မယောဂဘေဒစိတ် ၁၂၁
- သမ္မယုတ်စိတ် ၈၇
- ဝိပ္ပယုတ်စိတ် ၃၄ ပေါင်း စိတ်အကျယ် ၁၂၁

၅။ သန်ါရဘေဒစိတ် ၁၂၁
- အသန်ါရိကစိတ် ၃၇
- သသန်ါရိကစိတ် ၈၄ ပေါင်း စိတ်အကျယ် ၁၂၁

၆။ ဟေတုဘေဒစိတ် ၁၂၁
အဟိတ်စိတ် ၁၈
သဟိတ်စိတ် ၁၁၃ ပေါင်း စိတ်အကျယ် ၁၂၁

၇။ သောဘဏဘေဒစိတ် ၁၂၁
သောဘဏစိတ် ၉၁
အသောဘဏစိတ် ၃၁ ပေါင်း စိတ်အကျယ် ၁၂၁

စိတ်အကျယ် ပြီး၏။

—၀၀—

၁၀၅-ချာန်စိတ်အကျယ်သရုပ်အရဆို

ပထမဈာန်စိတ် ၁၁။ ရူပ ပထမ ဈာန်စိတ် ၃
မဂ် ပထမ ဈာန်စိတ် ၄
ဖိုလ် ပထမ ဈာန်စိတ် ၄ ပေါင်း ၁၁

ဒုတိယဈာန်စိတ် ၁၁။ ရူပ ဒုတိယ ဈာန်စိတ် ၃
မဂ် ဒုတိယ ဈာန်စိတ် ၄
ဖိုလ် ဒုတိယ ဈာန်စိတ် ၄ ပေါင်း ၁၁

တတိယဈာန်စိတ် ၁၁။ ရူပ တတိယ ဈာန်စိတ် ၃
မဂ် တတိယ ဈာန်စိတ် ၄
ဖိုလ် တတိယ ဈာန်စိတ် ၄ ပေါင်း ၁၁

စတုတ္ထဈာန်စိတ် ၁၁။ ရူပ စတုတ္ထ ဈာန်စိတ် ၃
မဂ် စတုတ္ထ ဈာန်စိတ် ၄
ဖိုလ် စတုတ္ထ ဈာန်စိတ် ၄ ပေါင်း ၁၁

ပဉ္စမဈာန်စိတ် ၂၃။ ရူပ ပဉ္စမ ဈာန်စိတ် ၃
အ ရူပ ဈာန်စိတ် ၁၂
မဂ် ပဉ္စမ ဈာန်စိတ် ၄
ဖိုလ် ပဉ္စမ ဈာန်စိတ် ၄ ပေါင်း ၂၃

ပထမ ချာန်စိတ် ၁၁
ဒုတိယ ချာန်စိတ် ၁၁
တတိယ ချာန်စိတ် ၁၁
စတုတ္ထ ချာန်စိတ် ၁၁
ပဉ္စမ ချာန်စိတ် ၂၃
ပေါင်း ချာန်စိတ်အကျယ် ၆၇

[ဆောင်] ပဒုတစ၊လေးဝအညီ၊ဆယ့်တစ်မိ၊ တေဒိပဉ္စမချာန်။ သောမနသ်စု၊ဇောဇော်ရှု၊ဥမ္မဝေ-ဝိမှန်။ ချာန်မဟဂ္ဂုတ်၊ ချာန်လောကုတ်၊သရဲခြောက်ဆယ့်ခွန်။

[မှတ်ချက်] ပထမချာန်စိတ်(၁၁)ဆိုရာ၌၊ လောကီရူပ ကုဝိကြို ပချာန် ၃ နှင့် လောကုတ္တရာ ပချာန် မဂ်၄ နှင့် ဖိုလ်၄ ဤ(၁၁)ခုကို ပထမချာန်စိတ် ၁၁-ဟု ဆိုသည်။

(ကျန် ဒုတ စသော ချာန်များကိုသိုကြကုန်လော)

ချာန်သည်။ အာရမ္မဏ။ပနိဇ္ဈာနနှင့် လက္ခဏ။ပနိဇ္ဈာန ချာန်နှစ်မျိုး ရှိ၏။ အာရမ္မ-ကသိုဏ်းစသော အာရုံကို၊ ဥပနိဇ္ဈာန-ရှေ့ရှု ဝူးစိုက်စွာ ကပ်၍ရှုမှုသည်၊ အာရမ္မဏ။ပနိဇ္ဈာနချာန်မည်၏။

(ဤချာန်ကို မဟဂ္ဂုတ်ချာန်သမားပတ်များဟုဆို)

လက္ခဏ။ အနိစ္စ ဒုက္ခ,အနတ္တ, လက္ခဏာကို၊ ဥပနိဇ္ဈာန-ရှေ့ရှု ကပ်၍သုံးသပ်မှုသည်၊လက္ခဏ။ပနိဇ္ဈာနချာန်မည်၏။(ဤချာန်ကို ကာမဝိစရသနာနှင့် မဂ်ဖိုလ်များဟုဆို) ချာန်၏အရာဆိုလိုရင်းမှာ အာရမ္မဏ ချာန်နှင့် လက္ခဏာချာန်ဟုသာဖြတ်ပါ။ လောကုတ္တရာချာန်များသည်၊ လက္ခဏာယဉ်ဘင်ရ၍ လက္ခဏ။ပနိဇ္ဈာနချာန်မည်၏။ အပွနာဝိဘက်၏အမှန်း ကြောင့် မဟဂ္ဂုတ်နှင့် လောကုတ္တရာစိတ်များသည်၊ အပွနာစိတ်မည်၏။ (ဝါ) အပွန-ချာန်ရသည် ဟူလို။

၁၀၆—သောတာပတ္တိမဂ်စိတ် ၅ ပါး ဖြစ်နိုင်သလား

မဂ်စိတ်များသည် (စိတ္တက္ခဏ)တချက်မျှသာဖြစ်လေ့ရှိခဲ့ရာ ယောဂီတဦးတည်းအနေမှာ သောတာပတ္တိမဂ်စိတ် ဈာန် ၅ ပါးလုံး ဖြစ်နှင့်မသင့်သောကြောင့် တနှုံးဈာန် တမဂ်စိသာဖြစ်သင့်ဖြစ်ခွင့်ရှိသည်။

ဒါ့ခကြောင့် ဘယ်ပုဂ္ဂိုလ်သန္တာန်မှာဖြစ်ဖြစ် သောတာပတ္တိ မဂ်စိတ် ဈာန် ၅ ပါးလုံး အကုန်လုံးမဖြစ်နိုင်ရာ။ တဈာန် တမဂ်စိသာဖြစ်သည်ဟူလို။

၁၀၇—ဘယ်ယောဂီ ဘယ်ဈာန် ဘယ်မဂ် ဘယ်လိုတက်ရသနည်း

မဂ်တရားကိုအားထုတ်လိုသူ ယောဂီ၏သန္တာန်မှာ မဂ်ရခါနီးရှေ့အဘိဝယ် (ဝုဋ္ဌာနဂါမိနီ) ခေါ်သော ဝိပဿနာ ညာဏ်၏ သတ္တိထူးပြားခြားနားသည့်အတိုင်း အချို့သော ယောဂီမှာ ပဈာန် သောတာပတ္တိမဂ်စိတ်သာ။ အချို့သော ယောဂီမှာ ဒုဈာန် သောတာပတ္တိမဂ်စိတ်သာ စသည်ဖြင့် တဈာန် တမဂ်စိသာအသီးသီးဖြစ်ကြ၏။

[ထင်ရှားစေအံ့] သခ်ါရုပေက္ခာ ညာဏ်နှင့် အနုလောမ ညာဏ်သည်၊ (ဝုဋ္ဌာနဂါမိနီ)ဝိပဿနာညာဏ်မည်၏။ အချို့သောယောဂီဌ ဝိပဿနာညာဏ်သည် ဈာန်အင်္ဂါ ၅ ပါးလုံးကို စက်ဆုပ်ခြင်းမရှိခဲ့ပဲ ယုံ ဝိပဿနာ ညာဏ်ဖြင့်တက်၍ ရအပ်သောမဂ်သည်၊ ဈာန်အင်္ဂါ ၅ ပါရှိ ပ ဈာန်မဂ်ကိုရသည်ဟူလို။ အချို့သော ယောဂီဌကား-ဝိပဿနာညာဏ်သည် ဝိတက်ကို စက်ဆုပ်ခြင်းရှိခဲ့၏။ ထိုဝိပဿနာညာဏ်ဖြင့် တက်၍ရအပ်သောမဂ်သည် ဝိပဿနာ ညာဏ်အတိုင်း ဝိတက်မပါခတဲ့သဲ့ ဈာန်အင်္ဂါ ၄ ပါးရှိ ဒုဈာန်မဂ်ကိုရသည် ဟူလို။ (ကုန်ဈာန်မဂ်များကိုသိကြကုန်လော) ဤဈာန် မဂ်အရာ ဝုဋ္ဌာနဂါမိနီ ဝိပဿနာသာ အချုပ်အချာဖြစ်၏။

၁၀၈—မဂ်တရားအားထုတ်သူ ယောဂီ ၂ စား

မဂ်တရားကိုအားထုတ်လိုသူ သက္ခဝိပဿကနှင့် ဈာနလာဘီ ၂ မျိုး ရှိ၏။ သက္ခ-လောကီဈာန်ကို မရ၍ ဈာန်အစေးခြောက်သွေ့နေသော ဝိပဿက-ဝိပဿနာ ညာဏ်ရှိသူသည် သက္ခဝိပဿက ယောဂီမည်၏။ ဈာန-လောကီဈာန်ကို၊ လာဘီ-ရရှိသူသည်၊ ဈာနလာဘီ-ယောဂီမည်၏။

၁၀၉—လောကုတ္တရာစိတ်အကျဉ်း ၈ ပါး ဖြစ်လာပုံ

သက္ခဝိပဿက ယောဂီ၏မဂ်သည် ဈာန်နှင့် မစပ်သဖြင့် ၎င်း၊ ဈာနလာဘီယောဂီလည်း ဈာန်ကိုမဝင်းစား မသုံးသပ်ဝဲ ပကိဏ္ဏကသန်ဓိရကို လက္ခဏာယဉ်တင်၍ ရအပ်သောမဂ်လည်း ဈာန်နှင့် မစပ်သဖြင့်၎င်း။ ဤသို့ရအင်္ဂသော မဂ်များမှာ ဝိပဿနာ နိယာမ အားဖြင့် ဈာန်အင်္ဂ ၅ ပါးရှိ ပ ဈာန်နှင့်တူစွာ သောမနဿ မဂ်ကိုသာဖြစ်လာ၍ ဥပေက္ခာမဂ် လုံးဝမဖြစ်ကြ။

ဒါ့ကြောင့်။ လောကုတ္တရာစိတ် အကျဉ်း ၈ ပါးသာရှိ၏။

(ထင်ရှားစေခဲ့) သက္ခဝိပဿက ယောဂီသည် လောကီဈာန်ကို မရ၍ ကာမတရားစုကိုသာ ဝိပဿနာ ရှုကာ ဘယ်ဈာန်အင်္ဂါကိုမှ စက်ဆုပ်ခြင်းမရှိသော သက္ခဝိပဿက ယောဂီ ၁။ ကာမတရားစုကိုသာ ဝိပဿနာ ရှုကာနေသော ဈာနလာဘီ ယောဂီ ၁။ ပ ဈာန်ကိုသာ ဝင်စား၍ ဝိပဿနာ ရှုကာနေသော ဈာနလာဘီ ယောဂီ ၁။ ပ ဈာန်ကိုသာသုံးသပ်၍ ဝိပဿနာ ရှုကာနေသော ဈာနလာဘီ ယောဂီ ၁။ ပ ဈာန်ကိုသာ ဝင် သုံး ၂ ပါးလုံး ဝိပဿနာ ရှုကာနေသော ဈာနလာဘီ ယောဂီ ၁။ ဤယောဂီ ၅ ယောက်လုံးမှာ ပ ဈာန်နှင့် ယှဉ်သော မဂ်သာဖြစ်လာ၏။

၁၁၀—ယောဂိတို့မင်္ဂလာ သောမနဿမင်္ဂလာ အဓိပ္ပာယ်ဖွင့်ပုံ

သုခကို အပြစ်မြင်မှု ဆင်ခြင်ရှုသော ယောဂိချုပ်၍ ကျန်ယောဂိများ သန္တာန်၌ မင်္ဂလာရွှေအာဘိဝယ်(ဝုဋ္ဌာနဂါမိနီ)ဝိပဿနာညာဏ်အခိုက်သို့ အဆိုက်တွင် နှစ်သက်ဝမ်းမြောက်ဘွယ်ရာ သောမနဿ ဝေဒနာသာ အဓိပ္ပာယ်ဖွင့်လာကြ၏။

ဒါ့ကြောင့်။ ယောဂိတို့မင်္ဂလာတွင် ပဉ္စမစျာန် ဥပေက္ခာမင်္ဂလာနှင့် မယှဉ်။

စျာန်စိတ်အကျယ် ပြီး၏။

——oOo——

၁၁၁—စိတ်အကျဉ်း ၁၉ အနုလောမ အစဆို

၁။	လောဘမူစိတ်	၈
၂။	ဒေါသမူစိတ်	၂
၃။	မောဟမူစိတ်	၂
၄။	အကုသလဝိပါက်စိတ်	၇
၅။	အဟိတ်ကုသလဝိပါက်စိတ်	၈
၆။	အဟိတ်ကြိယာစိတ်	၃
၇။	မဟာကုသိုလ်စိတ်	၈
၈။	မဟာဝိပါက်စိတ်	၈
၉။	မဟာကြိယာစိတ်	၈
၁၀။	ရူပကုသိုလ်စိတ်	၅
၁၁။	ရူပဝိပါက်စိတ်	၅
၁၂။	ရူပကြိယာစိတ်	၅
၁၃။	အရူပကုသိုလ်စိတ်	၄
၁၄။	အရူပဝိပါက်စိတ်	၄

၁၅။ အရူပကြိယာစိတ် ၄
၁၆။ လောကုတ္တရာကုသိုလ်စိတ်အကျဉ်း ၄ ပေါင်း ၈၉

၁၁၂—စိတ်အကျဉ်း ၈၉ ပဋ္ဌိလောမအရဆို

၁။ လောကုတ္တရာ ဝိပါက်စိတ်အကျဉ်း ၄
၂။ လောကုတ္တရာ ကုသိုလ်စိတ်အကျဉ်း ၄
၃။ အရူပကြိယာစိတ် ၄
၄။ အရူပဝိပါက်စိတ် ၄
၅။ အရူပကုသိုလ်စိတ် ၄
၆။ ရူပကြိယာစိတ် ၅
၇။ ရူပဝိပါက်စိတ် ၅
၈။ ရူပကုသိုလ်စိတ် ၅
၉။ မဟာကြိယာစိတ် ၈
၁၀။ မဟာဝိပါက်စိတ် ၈
၁၁။ မဟာကုသိုလ်စိတ် ၈
၁၂။ အဟိတ်ကြိယာစိတ် ၃
၁၃။ အဟိတ်ကုသလဝိပါက်စိတ် ၈
၁၄။ အကုသလဝိပါက်စိတ် ၇
၁၅။ မောဟမူစိတ် ၂
၁၆။ ဒေါသမူစိတ် ၂
၁၇။ လောဘမူစိတ် ၈ ပေါင်း ၈၉

စိတ်အကျယ် ၁၂၁ အနုလောမနှင့် ပဋ္ဌိလောမသည် မဂ်စိတ် အကျယ် ၂၀ ဖိုလ်စိတ်အကျယ် ၂၀ ထည့်ဆိုသည်သာထူး၏။

၁၁၃—စိတ်အကျဉ်း ၈၉ အသေးစိတ်အရဆို

၁- လောဘမူစိတ် ၈

သောမနဿ ၄။ ဥပေက္ခာ ၄ ပေါင်း ၈
သမ္မယုတ် ၄။ ဝိပ္ပယုတ် ၄ ပေါင်း ၈

အသင်္ခါရိက ၄။ သသင်္ခါရိက ၄ ပေါင်း ၈
၂။ ဒေါသမူစိတ် ၂
သောမနဿ ၈။ ဥပေက္ခာ ၈ ပေါင်း ၈
သမ္မယုတ် ၂။ ဝိပ္ပယုတ် ၈ ပေါင်း ၂
အသင်္ခါရိက ၁။ သသင်္ခါရိက ၁ ပေါင်း ၂

၃။ မောဟမူစိတ် ၂
သောမနဿ ၈။ ဥပေက္ခာ ၂ ပေါင်း ၂
သမ္မယုတ် ၂။ ဝိပ္ပယုတ် ၈ ပေါင်း ၂
အသင်္ခါရိက ၂။ သသင်္ခါရိက ၈ ပေါင်း ၂

၄။ အကုသလဝိပါက်စိတ် ၇
သောမနဿ ၈။ ဥပေက္ခာ ၆။ ဒုက္ခ ၁ ပေါင်း ၇
သမ္မယုတ် ၈။ ဝိပ္ပယုတ် ၇။ ပေါင်း ၇
အသင်္ခါရိက ၇။ သသင်္ခါရိက ၈။ ပေါင်း ၇

၅။ အဟိတ်ကုသလဝိပါက်စိတ် ၈
သောမနဿ ၁။ ဥပေက္ခာ ၆။ သုခ ၁ ပေါင်း ၈
သမ္မယုတ် ၈။ ဝိပ္ပယုတ် ၈။ ပေါင်း ၈
အသင်္ခါရိက ၈။ သသင်္ခါရိက ၈။ ပေါင်း ၈

၆။ အဟိတ်ကြိယာစိတ် ၃
သောမနဿ ၁။ ဥပေက္ခာ ၂ ပေါင်း ၃
သမ္မယုတ် ၈။ ဝိပ္ပယုတ် ၃ ပေါင်း ၃
အသင်္ခါရိက ၃။ သသင်္ခါရိက ၈ ပေါင်း ၃

၇။ မဟာကုသိုလ်စိတ် ၈
သောမနဿ ၄။ ဥပေက္ခာ ၄ ပေါင်း ၈
သမ္မယုတ် ၄။ ဝိပ္ပယုတ် ၄ ပေါင်း ၈
အသင်္ခါရိက ၄။ သသင်္ခါရိက ၄ ပေါင်း ၈

(မဟာ ဝိနှင့် ကြီ ကို မဟာ ကုနှင့် အတူဆို)

၈။ ရူပကုသိုလ်စိတ် ၅

သောမနဿ ၄။ ဥပေက္ခာ ၁ ပေါင်း ၅

သမ္မယုတ် ၅။ ဝိပ္ပယုတ် ၈ ပေါင်း ၅

အသင်္ခါရိက ၈။ သသင်္ခါရိက ၅ ပေါင်း ၅

(ရူပ ဝိနှင့် ကြိုကို ရူပ ကုနှင့် အတူဆို)

၉။ အရူပကုသိုလ်ဝိတ် ၄

သောမနဿ ၈။ ဥပေက္ခာ ၄ ပေါင်း ၄

သမ္မယုတ် ၄။ ဝိပ္ပယုတ် ၈ ပေါင်း ၄

အသင်္ခါရိက ၈။ သသင်္ခါရိက ၄ ပေါင်း ၄

(အရူပ ဝိနှင့် ကြိုကို အရူပ ကုနှင့် အတူဆို)

၁၀။ လောကုတ္တရာ ကုသိုလ်စိတ်အကျဉ်း ၄

သောမနဿ ၄။ ဥပေက္ခာ ၈ ပေါင်း ၄

သမ္မယုတ် ၄။ ဝိပ္ပယုတ် ၈ ပေါင်း ၄

အသင်္ခါရိက ၈။ သသင်္ခါရိက ၄ ပေါင်း ၄

(လောကုတ္တရာ အကျဉ်း ဝိကို လောကုတ္တရာ အကျဉ်း ကုနှင့် အတူဆို)

၁၁။ လောကုတ္တရာ ကုသိုလ်စိတ်အကျယ် ၂၀

သောမနဿ ၁၆။ ဥပေက္ခာ ၄ ပေါင်း ၂၀

သမ္မယုတ် ၂၀။ ဝိပ္ပယုတ် ၈ ပေါင်း ၂၀

အသင်္ခါရိက ၈။ သသင်္ခါရိက ၂၀ ပေါင်း ၂၀

(လောကုတ္တရာအကျယ် ဝိကို လောကုတ္တရာအကျယ် ကုနှင့် အတူဆို)

ဓိတ်ဝိုင်းပထမဆင့်ပထမဝိုင်း

ပြီး ပြီ။

ဧစေတသိက်ဝိုင်းဒု။

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

၁—စေတသိက်အင်္ဂါကိုပြဆိုရာဂါထာ

ကေပ္ပါဒနိရောဓါစ၊ ကောလမ္ဗကာ ဝတ္ထုကာ။
စေတောယုတ္တာ ဒ္ဝိပညာသ၊ ဓမ္မာစေတသိကာမတာ။

ကေပ္ပါဒ နိရောဓါစ- စိတ်နှင့် အတူဖြစ်ခြင်း အတူ ချုပ်ခြင်းလည်း ရှိကုန်ထသော။ ကောလမ္ဗကာ ဝတ္ထုကာစ- စိတ်နှင့် အာရုံတူခြင်း တူသောမှီရာဝတ္ထုလည်း ရှိကုန်ထသော။ စေတောယုတ္တာ-စိတ်နှင့်ယှဉ်ကုန်ထသော။ ဒ္ဝိပညာသ-ငါးဆယ့်နှစ်ပါး အပြားရှိကုန်သော။ ဓမ္မာ-သဘောတရားတို့ကို။ စေတသိကာ-စေတသိက်အမည် ရှိကုန်၏ဟူ၍၊ မတာသိအပ်ကုန်၏။

ကေပ္ပါဒနိရောဓါစေ ကောလမ္ဗကာဝတ္ထုကာဖြင့် စေတသိက်များ၏ စေတောယုတ္တ အင်္ဂါလက္ခဏာ ၄ ပါးကို ပြဆိုသည်။

စေတောယုတ္တာ ဒ္ဝိပညာသဓမ္မာ စေတသိကာမတာဒု၊ စေတောယုတ္တာဖြင့် စိတ်နှင့်ယှဉ်သော စေတသိက်များကိုပြဆိုသည်။

ဒ္ဝိပညာသဖြင့် စေတသိက် အရေအတွက် လုံးရေကိုပြဆိုသည်။

ဓမ္မာဖြင့် သတ္တဇိဝမဘက်ပဲ ပရမတ်သက်သက်ကိုသာပြဆိုသည်။

၂—စေတသိက်အင်္ဂါလက္ခဏာ ၄

ကေပ္ပါဒ	စိတ်နှင့်အတူဖြစ်ခြင်း	၁
ကေနိရောဓ	စိတ်နှင့်အတူချုပ်ခြင်း	၁
ကောလမ္ဗက	စိတ်နှင့်အာရုံတူခြင်း	၁
ကေဝတ္ထုက	စိတ်နှင့်တူသောမှီရာဝတ္ထုရှိခြင်း	၁=၄

ဤအင်္ဂါလက္ခဏာလေးပါးနှင့်အညီ စိတ်နှင့်အမြဲယှဉ်သော ၂၅ ပါး သောသဘောတရားစုကို စေတသိက်ဟုဆို၏။

[ဆောင်] ဖြစ်-ပျက်-မှိအာ၊တူလေးဖြာ၊အင်္ဂါယှဉ်နိမိတ်။

၃—စေတောယုတ္တလက္ခဏာ ၄ ပါး ထား၍

ကုပ္ပါဒဖြင့် စိတ်နှင့်အတူဖြစ်ကြသော စိတ္တဇရုပ်နှင့် ကမ္မဇရုပ်များကို စေတောယုတ္တအဖြစ်မှ နစ်စေလို၍ ကောနိရောဓကိုပြဆိုရပြန်သည်။

ကုပ္ပါဒ ကောနိရောဓဖြင့် စိတ်နှင့် ဖြစ်ချုပ်ခြင်း တူနေပြန်သော ဝိညတ်ဒွေးကို စေတောယုတ္တအဖြစ်မှနစ်စေရန် ကောလမ္မဏကိုထပ်ဆို ရပြန်သည်။

ကုပ္ပါဒ ကောနိရောဓ ကောလမ္မဏာ ဤရှေလက္ခဏာ ၃ ပါးနှင့် ပြည့်စုံသောတရားတို့သည် ဝတ္ထုတခုတည်းမှာ အတူမှီကြပါမှ စေတောယုတ္တလက္ခဏာဖြစ်ခြင်းငှါ ကဝတ္ထုကိုနောက်ဆုံးထပ်ဆိုရပြန်သည်။

ဤလက္ခဏာ ၄ ပါးကို သမ္မယုတ္တလက္ခဏာ သမ္မယောဂလက္ခဏာ သမ္မယုတ်လက္ခဏာ စေတသိက်လက္ခဏာဟု အသီးသီးဆိုကြသေး၏။

၄—ဘုံ ၃ ပါးနှင့် လက္ခဏာ ၄ ပါး

ပဉ္စဝေါကာရ ၂၆ ဘုံ၌၊စေတောယုတ္တလက္ခဏာ ၄ ပါးလုံးအကုန်ရှိ၏။
စတုဝေါကာရ ၄ ဘုံ၌၊စေတောယုတ္တ ရှေလက္ခဏာ ၃ ပါးကိုသာရှိ၏။
ဧကဝေါကာရ ၁ ဘုံ၌၊စေတောယုတ္တလက္ခဏာ ဘာတခုမှမရကြ။

ဧကဝတ္ထုက လက္ခဏာကိုပဉ္စဝေါကာရ ၂၆ ဘုံ၌သာရပြီး၊စတုဝေါကာရ (အရူပ) ၄ ဘုံ၌ကား မိရာဝတ္ထု၊ရုပ်မရှိ၍ ဤနောက်ဆုံး ဧကဝတ္ထုက လက္ခဏာကိုခံရပဲ ရှေလက္ခဏာ ၃ ပါးနှင့်သာ၊စေတသိတ်များမှာ စေတောယုတ္တ ဖြစ်ကြရလေတော့၏။ဧကဝေါကာရ အသည်းသန်း ၁ ဘုံ၌ နာမ်မရှိ၍ စေတောယုတ္တလက္ခဏာ ဘာတခုမှမရဟုမှတ်ပါ။

လောဘ အလောဘစသော စေတသိက်များသည် စိတ်၌မှီတွယ်စိတ်ကိုချယ်လယ်၍၊အကုသိုလ်စိတ် ကုသိုလ်စိတ်စသည်ဖြစ်လာအောင် ချယ်လှယ်ဖန်.တီးပေးမှု ၂၅ ခုသည် စေတသိက်စုမည်၏။

[ဆောင်] စိတ်၌မှီတွယ်၊ စိတ်ကိုချယ်၊ ငါးဆယ်နှစ်ဒွိတ်၊
စေတသိက်။

၅-သဗ္ဗစိတ္တ သာဓာရဏစေတသိက် ၇

ဖဿ ဝေဒနာ သညာ စေတနာ ဧကဂ္ဂတာ ဇီဝိတိန္ဒြေ မနသိကာရ ၇

[ဆောင်] ဖဿ-ဝေ-သဉ်-စေ၊ ဧ-ဇီ-မန၊ ဤသတ္တာ၊
သဗ္ဗစိတ်တိုင်းဖြစ်။

၁။ အာရုံကိုတွေ့ထိမှုသည် ဖဿမည်၏။
၂။ အာရုံ၏အရသာကိုခံစားမှုသည် ဝေဒနာမည်၏။
၃။ အာရုံ၏သဘောကိုမှတ်သားမှုသည် သညာမည်၏။
၄။ အာရုံ၌ယှဉ်ဘက်များကိုစေ့ဆော်မှုသည် စေတနာမည်၏၊
၅။ အာရုံတခုတည်း၌တည်ကြည်မှုသည် ဧကဂ္ဂတာမည်၏။
၆။ ယှဉ်ဘက်များကိုစောင့်ထိန်းမှုသည် ဇီဝိတိန္ဒြေမည်၏၊
၇။ အာရုံကိုရှာဖွေမြော်မှန်း စုံစမ်းမှုသည် မနသိကာရမည်၏။

ဤစေတသိက် ၇ ပါးလုံးသည်၊ သဗ္ဗစိတ္တ-အားလုံးသော စိတ်နှင့် (စိတ်တိုင်း)နှင့်—သာဓာရဏ ဆက်ဆံမှု (ယှဉ်မှုသည်) သဗ္ဗစိတ္တ သာဓာရဏ စေတသိက်စုမည်၏။

[ဆောင်] တွေ့ခံမှတ်ဆော်၊ တည်သက်မြော်၊ အဘော်ခုနစ်၊
စိတ်တိုင်းဖြစ်။

သဗ္ဗစိတ္တသာဓာရဏစေတသိက်ပြီး၏၊

(နှုတ်တက်အရကျက်)

——oOo——

[မှတ်ချက်] ဖဿ-အတွေ့အထိဆိုရာ၌ လက်ဖြင့်ထိမိထပ်မိသော လက်တွေ့ ကိုယ်တွေ့ အသိမျိုးမဟုတ်၊ အာရုံတခုခုကို အာရုံပြုရာအခါ ထိုအာရုံ၌ ကြုံခဲ့က် တိုက်ဆိုက်ရာ သဘာဝအလိုက် ထိခိုက်လာသော

အတွေ့အထိမျိုးသည်၊ ဖဿမည်၏။ ချဉ်သီးစားသူကို မြင်ရလျှင် သွားရည်သိုသကဲ့အခါ၊ သစ်ပင်ခေါင်ဖျားသို့ တက်ရောက်နေသူကို မြင်ရလျှင် ဒူးတုန်ရာအခါ၊ချစ်သူနှစ်ဦးရွှင်မြူးနေကာမြင်ရာအခါ နေမထိထိုင်မသာစသည်တို့၌ အာရုံနှင့် ဖဿဓာတ် တွေ့ထိပုံကိုမှတ်ပါ။ အာရုံနှင့်ဓိတ်ဓာတ် ၂ ရပ်ကို ဆက်စပ်ပေးသော သဘောဖြစ်၏။ လက်ခုတ်တီးရာ၌ လက် ၂ ဘက်၏ထိခိုက်မှုကဲ့သို့ စိတ်နှင့်အာရုံအလိုက်ဓာတ်ခိုက် ဓာတ်ကြိုက်နေမှုကို ဖဿဟုဆိုရ၏။

ဝေဒနာ– အာရုံ၏အရသာကို ခံစားတတ်သော သဘောသည် ဝေဒနာမည်၏။ စေတသိက်အားလုံးသည် မိမိဆိုင်ရာ ကိုယ်ပိုင်ကိစ္စ ဆောင်ရွက်ကြရာ၌ အာရုံ၏အရသာကို အသီးသီးခံစားကြသော်လည်း တစိတ် တဒေသအားဖြင့် ခံစားကြရ၏။ ဝေဒနာကား တခြားကိစ္စမဟုတ် ခံစားရေးသက်သက်သာ အာရုံ၏အရသာကို အားရ ပါးရ နှစ်နှစ်ကာကာကြီး အစိုးတရခံစားရ၏။ အရှင်သခင်သည် ဘောဇဉ်၏ အရသာကို အစိုးတရခံစားရသကဲ့သို့ ဝေဒနာကိုမှတ်ပါ။ ထမင်းချက်သမား(စားတော်ကဲ)သည် အဝေပါ့ အငံ သိသာရုံလောက်သာဆားခြိုးရသကဲ့သို့ ကျန်စေတသိက်များ ကိုမှတ်ပါ။

သညာ– အာရုံ၏သဘောကိုမှတ်သားသောသဘောသည် သညာမည်၏။ ကောက်ရိုး လယ်စောင့်ရုပ်ကို အဟုတ်လူပဲဟု စွဲလမ်းထင်မှတ်မှားကြသော တောသမင်နှင့် ကျေးငှက်များကဲ့သို့ ထင်လာမြင်လာသော အာရုံတွေကို မစူး မစမ်းပဲ စွဲလမ်းမှတ်သားမှုကို သညာဟုဆိုရ၏။

စေတနာ-အာရုံ၌ မိမိနှင့်ယှဉ်ဘက်များကိုစေ့ဆော်သော သဘောသည် စေတနာမည်၏။ စစ်ဗိုလ်ကြီးသည် မိမိကိုယ်တိုင်လည်းတိုက်ခိုက်ငယ်သား စစ်သည်ဟောင်းများကိုသည်း (ညီညီညာညာ) တစည်းတလုံးတည်းတိုက်ခိုက်စေရန်စီမံပေးသကဲ့သို့ စေတနာသည်အာရုံ၌ မိမိလည်းလုံးပန်းမိမိနှင့်ယှဉ်ဘက်များကိုလည်းတစည်းတလုံးတည်းဆိုင်ရာကိစ္စကို ဆောင်ရွက်ကြစေရန် စေ့ဆော် အားပေးမှုကို စေတနာ ဟု ဆိုရ၏။ မိမိသူတပါးကိုစွ ၂ ပါးကို ဆောင်ရွက်သော တပည့်ကြီး လက်သမားကြီးစစ်ဗိုလ်ကြီးကဲ့သို့ စေတနာကို မှတ်ပါ။

ကေဂ္ဂတာ-အာရုံတခုတည်းဌ် တည်ကြည်၍ မပျံ့လွင့်သောသဘော သည် ကေဂ္ဂတာမည်၏။ ယှဉ်ဘက်များကို တအာရုံတည်းဌ် တစည်း တလုံးတည်း ဖြစ်ပေါ်လာအောင် ပြုပေးမှုသည် ကေဂ္ဂတာ ဟု ဆိုရ၏။ လေ့ကြိမ်ရာဌ် ညှိထွန်းထားသော မီးညွှန့်သည် တည်းငြိမ်စွာ တက်နေဘိ သကဲ့သို့ ယှဉ်ဘက်များကို တအာရုံတည်းဌ် စူးစိုက်စွာ တည်ငြိမ်လာ အောင် ဆောင်ရွက်ပေးမှုသည် ကေဂ္ဂတာမည်၏။ ရဲသည် မုံမှုန့်များ ကို တလုံးစီ ဖရို ဖရဲ ဆန်ကွဲ မကြဲရအောင် တွေ့ခဲပေါင်းစပ်ပေး သကဲ့ သို့ ကေဂ္ဂတာကို မှတ်ပါ။

ဇီဝိတိန္ဒြေ– ဇီဝိတ-အသက်ရှည်မှုဌ်၊ ဣန္ဒြေယ-အစိုးရခြင်းသည် ဇီဝိ တိန္ဒြေမည်၏။ ယှဉ်ဘက်များ၏ အသက်ရှည်လာမှုသည် ဇီဝိတိန္ဒြေမည် ၏။ အသက်ရှည်လာအောင် စောင့်ရှောက်မှုကို ဇီဝိတိန္ဒြေ ဟု ဆိုရ၏။ ရဲသည် ကြာပင်၏စိမ်းလန်းမှုကို စောင့်ရှောက်သကဲ့သို့ ယှဉ်ဘက်များ ၏ အသက်ရှည်လာမှုဌ် အစိုးတရ စောင့်နေသော စေတသိက်ကို ဇီဝိ တိန္ဒြေဟု ဆိုရ၏။

ဇီဝိတသည် ရုပ်စောင့် နှင့် နာမ်စောင့် ၂ ပါး ပြားလာ၏။

ရုပ်, ဇီဝိတိန္ဒြေက အတူပြစ်ဘက် ကမ္မဇရုပ်များကိုစောင့်၏။

နာမ်, ဇီဝိတိန္ဒြေက အတူယှဉ်ဘက် သမ္ပယုတ်တရားကိုစောင့်၏။

မနသိကာရ၊မနသိ-စိတ်ဌ်၊ကာရ-အာရုံသစ်ဖြစ်လာအောင် ဆောင် ပေးနေသောသဘောသည်မနသိကာရမည်၏။ရထားထိမ်းသည်မြင်းနှစ် ကောင်ကို ရထားဌ်ယှဉ်တပ်ပြီး လိုအပ်သောလမ်းစဉ်းသို့ ဖြောင့်တန်း အောင်မောင်းနှင်သကဲ့သို့မနသိကာရသည်စိတ်ဌ်အာရုံသစ်ဖြစ်ပေါ်လာ အောင်မျှော်မှန်း စုံစမ်း ရှာဖွေပြီးယှဉ်ဘက် တရားကို လိုအပ်သောနေရာ သို့အတင်းမောင်းနှင်မှုကို မနသိကာရ ဟု ဆိုရ၏။ (ဒါ့ကြောင့်)စိတ်စေ တသိက်များဌ် ဘယ်အခါမှ အာရုံမဆိတ်ပဲ အမြဲတန်း ရှေအာရုံက ချုပ်ဆုံးသွားလျှင် နောက်အာရုံက ဖြစ်ပွါးရင်းပင်စိတ်အစဉ်(ဝိထိ)အ ဆက်ဆက် ဖြစ်ပေါ်လာအောင် ဖန်တီးပေးနေမှုကို နှလုံးသွင်း ဆင်ခြင် ခြင်း မနသိကာရ ဟုဆိုရ၏ ရထားထိမ်းနှင့် မနသိကာရ မြင်းနှင့် ယှဉ် ဘက်များ ရထားဆိပ်နှင့် အာရုံချုပ်မှုနှင့် တူ၏။

၆—မနသိကာရအပြား ၃ ပါး

ဝိထိပဋိပါဒက ဇဝနပဋိပါဒက အာရမ္မဏပဋိပါဒက မနသိကာရ=၃
ဝိထိ ပဋိပါဒက ဝိထိ စိတ်အစဉ်ဖြစ်မှု ပဉ္စဒွါရာ ဝဇ္ဇန်းစိတ်ရှေ့။
ဇဝနပဋိပါဒက ဇောစိတ်စဉ်ဖြစ်မှု မနောဒွါရာ ဝဇ္ဇန်းစိတ်ရှေ့။
အာရမ္မဏာ ပဋိပါဒကစိတ်၌ အာရုံဖြစ်မှု ဤမနသိကာရ စေတသိက်ရှေ့။

ယောနိသော မနသိကာရ ကုသိုလ်ဖြစ်ကြောင်းနှင့် အယောနိသော မနသိကာရ အကုသိုလ်ဖြစ်ကြောင်းကို ဝိထိ ပဋိပါဒကနှင့် ဇဝန ပဋိပါဒက ၂ ပါး ကောက်ယူရှေ့။ (အာဝဇ္ဇန်းဒွေးကို ဆိုလိုသည်)

သာဓါရဏာ မိမိဆိုင်ရာ စိတ်အားလုံး၌မဆို အပို အလို မရှိဲ သာတူညီမျှ ယှဉ်နိုင်ကြမှသာ သာဓါရဏာ စေတသိက် အမည်ရှေ့။

သဗ္ဗစိတ္တသာဓါရဏာစေတသိက်
မှတ်ချက်ပြီး၏။
(နှုတ်တတ်မကျက်ရ)

——o0o——

၇—ပကိဏ်းစေတသိက် ၆

ဝိတက် ဝိစာရ အဓိမောက္ခ ဝီရိယ ပီတိ ဆန္ဒ ပေါင်း ၆။

[ဆောင်] တက်-စာ-ဓိ-ဝိ၊ ဆန်အဓိ၊ ပြွမ်းဘိပကိဏ်းခြောက်။

၁။ အာရုံသို့ ရှေ့ရှုတင်ပေးမှုသည် ဝိတက်မည်၏။
၂။ အာရုံ၌ အဖန်ဖန်သုံးသပ်စေမှုသည် ဝိစာရမည်၏။
၃။ အာရုံကိုဆုံးဖြတ်မှုသည် အဓိမောက္ခမည်၏၊
၄။ ယှဉ်ဘက်များကိုအားပေးထောက်ပံ့မှုသည် ဝီရိယမည်၏။
၅။ အာရုံကိုကြေနပ်နှစ်သိမ့်မှုသည် ပီတိမည်၏။
၆။ အာရုံကိုလိုလားတောင်းတမှုသည် ဆန္ဒမည်၏။

ဤစေတသိက် ၆ ပါးလုံးသည် သောဘကာစိတ်နှင့်ဝင်း၊ အသောဘကာစိတ်နှင့်ဝင်း၊ ပ-အပြေားအေားဖြင့်၊ ကိလ္လာ-ရောရောပြွမ်းပြွမ်းယှဉ်မှုသည် ပကိဏ်းစေတသိက်စမည်၏။ (ဟိတဆ္ဆိန္နဒိဘချို့ယှဉ်သည်ကိုဆိုလိုသည်)

ပကိဏ်း စေတသိက်ဖြိုး၏။

(နှုတ်တက်အရကျက်)

—---ပဝဝ—

[မှတ်ချက်] ဝိတက်- အာရုံသို့ မိမိလည်း တက်ရောက်ခြင်း၊ ယှဉ်ဘက်တရားကိုလည်း တင်ပေးခြင်း၊ တက်ရောက်စေခြင်းအားဖြင့် ဧိတ်ကို အာရုံပေါ်သို့ရောက်သွားအောင် တင်ဆောင်ပေးမှုကို (အရာရာကြံစိခြင်း) ဝိတက်ဟုဆိုရ၏။ မင်းအထံသို့ မရောက်ဘူးသေး၍ သွားလိုသော တောသားကို မင်း၏ထံမှောက်သို့ ရောက်အောင် ပို့ဆောင်ပေးသော မင်းကျွမ်းဝင်သူနှင့်တူ၏။ မင်းနှင့် အာရုံတောသားနှင့် ယှဉ်ဘက်တရား မင်းကျွမ်းဝင်သူနှင့် ဝိတက်တူ၏။ ဝိတက်ကင်း၍ အာရုံကို ယူခြင်းများ ဝိတက်နှင့်ဘယ်အခါမှ မယှဉ်ရသော ဒွေးပဉ္စဝိညာဉ် ၁၀ သည် ပဉ္စဝတ္ထု၊ အပေါ်၌ ပဉ္စာရုံတို့က အလိုလိုထင်လာထိခိုက်လာသောကြောင့် ဝိတက်ကင်း၍ အာရုံကို ယူနိုင်ခြင်းဖြစ်သည် (အာရုံပေါ်သို့ ဝိတက်က တင်ပေးနေဘို့မလို) ဒု ဈာန်စသည်များသည် ဝိတက်နှင့် မယှဉ်ကြသော်လည်း ဝိတက်ကို ပ'ဝင်ဖြုတ်ရန် အားထုတ်ပ္ပါးများနေသော ဥပစာရ ဘာဝနာ၏ အစွန်းအားဖြစ် အာရုံကိုယူနိုင်ကြ၏ ဒု ဈာန်၏ ရှေ့အဘို့၌ ဥပစာရ ဘာဝနာက ဝိတက်နှင့်တွဲဘက်၍ ပရိကံ ဥပစာ အနုလုံးဂေါတြဘူ အထိ အာရုံကို အလွယ်တကူယူနိုင်ကြ၏။

ဝိစာရ အာရုံ၌ မိမိလည်း သုံးသပ်စေခြင်း မိမိနှင့် ယှဉ်ဘက်တရားကိုလည်း အ ရုံထဲ၌ အဖန်တလဲလဲ တရစ်ဝဲဝဲ သုံးသပ်စေသောသဘောသည် ဝိစာရ မည်၏။

ဝိတက်နှင့် ဝိစာရ ခေါင်းလောင်းကြေးစည်ကို ပထမ တီးခင်စ အသံသည်ကြမ်း၏ ဖြစ်ဦးအသံကြမ်းသကဲ့သို့ ဝိတက် အာရုံယူပုံကိုမှတ်ပါ ခေါင်းလောင်းကြေးစည်၏ အဆက်ဆက် တဟိုဟို မြည်နေသောအသံသည် သိမ်မွေ့၏ ဖြစ်နှောင်းအသံသိမ်မွေ့သကဲ့သို့ ဝိစာရအာရုံယူပုံကို မှတ်ပါ၊ဝိတက်က ရှေသွားဖြစ်၍ ဝိစာရကနောက်လိုက်ဖြစ်၏ ငှက်များပျံဟန်နှင့် ပိတုံးရစ်ခဲဟန်ကို ပြဆိုကြသေး၏။

အဓိမောက္ခအာရုံ၌ မှားမှားမှန်မှန် မတုံမလှုပ် နောက်မဆုတ်ပဲ ဆုံးဖြတ်ချက်ချမှုသည် အဓိမောက္ခမည်၏။ တံခါးတိုင် ကျောက်တိုင်ကြီးများသည် လေတိုက်ခတ်မှုကြောင့် မယိမ်း မယိုင်သကဲ့သို့ အာရုံ၌ မတုံမလှုပ်ပဲ ဆုံးဖြတ်မှုကို အဓိမောက္ခဟုဆိုရ၏။ အဓိမောက္ခသည် မိစ္ဆာဓိမောက္ခနှင့် သမ္မာဓိမောက္ခ ၂ ပါး ပြားလာ၏။ မကောင်းရာ၌ ဆုံးဖြတ်ချက်ချမှုသည် မိစ္ဆာဓိမောက္ခမည်၏။ ကောင်းရာ၌ ဆုံးဖြတ်ချက်ချမှုသည် သမ္မာဓိမောက္ခ မည်၏။ တိတ္ထိ ဆရာကြီးအား တပည့်များကကြည်ညိုလေးစားမှုများလည်း မိစ္ဆာဓိမောက္ခဖြစ်၏။(သဒ္ဒါစေတသိက်ဟု မမှတ်သားနှင့်)

ဝိရိယ ဓိမိလည်းအား၊ထုတ် မိမိနှင့် ယှဉ်ဘက်တရားကိုလည်း ရှေ့ရဲရဲ မရှိစေပဲ ကြိုးစားအားထုတ်လာအောင် အထောက် အပံ့ ပေးနေသောသဘောသည် ဝိရိယ မည်၏။ အိမ်အိုကြောင်းအိုများကို မလဲမပြိုရအောင် ထောက်ကန် ကျားကန်ထားသကဲ့သို့ ယှဉ်ဘက်တရားအား၊ထောက်ပံ့ မှုကို ဝိရိယ ဟု ဆိုရ၏။ ဝိရိယ နှင့် ပြည့်စုံသော သူသည် ကိုယ်ကျိုး သူကျိုး ၂ မျိုးကို ဆောင်ရွက်ခံပးရန်(ရသည့်ဆင့်းရဲအံ့ကြိတ်ခဲ)၍ အမြတ်နိုးထကြွလုံ့လ ဥဿဟရှိလှ၏။

ရဲရင့်သူဆိုရာ၌ ဝိရိယ ကြီးမား ပညာရှင်များကိုဆိုလိုသည်၊ ဝိရိယစွန့်ဝန့်သူဆိုရာ၌ တလမ်းသွား လူမိုက်များကို ဆိုလိုသည် (ဒေါသ)၊

ဝိတိ-ပွင့်လန်းသော ပဒုမ္မာကြာပန်းကဲ့သို့ရင်း၊ ကြည်လင်သော လပြည့်ဝန်းကဲ့သို့ရင်း၊ ကြေနပ်နှစ်သိမ့်နေသောသဘောသည် ဝိတိမည်၏။ ဝိတိ ဖြစ်ရာအခါ ပွင့်လန်းသော ပဒုမ္မာကြာပန်းကဲ့သို့ စိတ်ဓါတ်များလည်း၊ ပွင့်လန်းတို့ ပွါးလာမှုကို ဝိတိဟုဆိုရ၏။ ရှင်လန်းမှုစိတ်ဓါတ်

ကြောင့် ပဏိတ စိတ္တဇရုပ်များလည်း တကိုယ်လုံး ပြန့်နှံ့လာသဖြင့် ဒိတိ ဒုတိယ တဖြည်းဖြည်း ခန္ဓာကိုယ် တကိုယ်လုံး စည်ကား တိုးပွါးထာလေ တော့၏။

၈—အဆင့်ဆင့်သာ ဒိတိ ၅ ဖြာ

ကြက်သီးမွေးညှင်းထရုံနှစ် သိမ့်မှုသည် ခုဒ္ဓိကာဝိတိမည်၏။
ခဏ ခဏ လျှပ်ပြက်သလို နှစ်သိမ့်မှု ခဏိကာဝိတိ။
လှိုင်းတံပိုးခတ်သလို တကိုယ်လုံး နှစ်သိမ့်မှု ဩကန္တိကာဝိတိ။
ကိုယ်ကို ကောင်းကင်ပျံတက်သွားအောင် နှစ်သိမ့်မှု ဥဗ္ဗေဂါဝိတိ။
တကိုယ်လုံး ပျံ့နှံ့သွားအောင် နှစ်သိမ့်မှု ဖရဏာ ဝိတိမည်၏။
ဖရဏာဝိတိ ၇မ်းဆိထိပမာဆိုရာ၌ ဥပမာဥပမေယျသင့်လျော်ရုံသာ စောင်္ဘမလာ။

[ဆောင်] မွေးညှင်းတခါ၊ ဝိတိမှာ၊ ခုဒ္ဓိကာဟုမှတ်။
လျှပ်ပြက်ခါ၊ ဝိတိမှာ၊ ခဏိကာဟုမှတ်။
လှိုင်းတံဝိုး၌၊ မြတ်ဝိတိ၊ ဩကန္တိကာဟုမှတ်၊
ပျံတက်အာကာ၊ ဝိတိမှာ၊ ဥဗ္ဗေဂါဟုမှတ်၊
ဆီထိအိခါ၊ ဝိတိမှာ၊ ဖရဏာဟုမှတ်။

ဒိတိ ပဿဒ္ဓိ သုခ သမာဓိ အဆက်ဆက်ဖြစ်လာပုံ

ကြေနပ်နှစ်သိမ့်မှု ဒိတိ ရင့်လာလျှင် ငြိမ်းချမ်းမှု ပဿဒ္ဓိ ဖြစ်လာ၏။ ပဿဒ္ဓိ ရင့်လာလျှင် ချမ်းသာပွါးလာမှု သုခ ဖြစ်လာ၏။ သုခ ရင့်လာလျှင် တည်ကြည်မှု သမာဓိ ဖြစ်လာ၏။

ဒိတိ နှင့်သုခ နေပူကြဲကြဲ ခရီးထဲမှ လာသောသူသည် ရေချိုးကာ ကြာရိုး ကြာစွယ်များကို ဝါးစားရင်း တောအတွင်းမှ ထွက်လာသူကို တွေ့မြင်ရာအခါ ငါသည် ဤတောသို့ ရောက်ခဲ့လျှင် ရေချိုး၍ ကြာရိုး ကြာစွယ်များကို စားရတော့မှာပဲဟု စိတ်ကူးနှင့် ကြေနပ်နှစ်သိမ့်နေမှုသည် ဒိတိမည်၏။ ရေချိုး၍ ကြာရိုး ကြာစွယ်များကို လက်တွေ့ခံစားမှုသည် သုခ မည်၏။

ဆန္ဒ ပြုလို ပြောလို သွားလို စားလိုသော လိုချင် လိုအင်အမျိုး မျိုးသည် ဆန္ဒမည်၏။ လေးသမားသည် ပစ်ရမည့်မြှားကို ယူသကဲ့သို့ ၎င်း၊ သူတပါးအား လှူဒါန်းပေးကမ်းရမည့် ပစ္စည်း ဥစ္စာကို ယူသကဲ့သို့၎င်း၊ အာရုံ၌ မကပ်ငြို့ မတွယ်တာ တဏှာမပါဝဲ သိုလှောင်းတောင်းတနေမှုကို ဆန္ဒဟုဆိုရ၏။ ဆန္ဒသည် အာရုံကို ရရှိစေရန် လက်လှမ်းသည်နှင့် တူ၏။

ဆန္ဒသည်ကာမဆန္ဒနှင့် ဓမ္မဆန္ဒ ၂ ပါး ပြားလာ၏

ကာမဂုဏ်အာရုံကို လိုလားတောင်းဓာနေမှုသည်ကာမဆန္ဒမည်၏။ သူတော်ကောင်းတရားကိုလိုလားတောင်းတနေမှုသည် ဓမ္မဆန္ဒမည်၏။ ဒုဋ္ဌိပါဒ် နှင့် အဓိပတိ ကိစ္စတပ်လွှာသော ဓမ္မဆန္ဒသည် အတုမရှိ စဉ်ကြွယ်ကောင်းမြတ်သော တရားကြီးဖြစ်၍ မပြီးသေးသောကိစ္စ မအောင်မြင် မဆောင်ရွက် နိုင်သေးသော ကိစ္စဟူ၍မရှိ မဂ် ဖိုလ် နိဗ္ဗာန် နှင့် ဘုရားအဖြစ်သို့ ရောက်သည်အထိ ဆုကြိုးပန်နိုင်၏။ မကောင်းမှုအရာ၌ ဆန္ဒထက် ရာဂက အင်အားကြီးမားသည် ကောင်းမှုအရာ၌ လောဘထက် ဆန္ဒမိပတိက အင်အားကြီးမားသည် (ဒါ့ကြောင့်) ဆန္ဒာဓိက ဘုရားအဖြစ်သို့ ရောက်ရှိနိုင်သေး၏။

ပကိဏ်းစေတသိက်မှတ်ချက်ပြု၏။

(နှုတ်တက်မကျက်ရ)

၉—အညသမာန်း စေတသိက် ၁၃

သဗ္ဗစိတ္တသာဓာရဏစေတသိက်	၇
ပကိဏ်းစေတသိက်	၆=၁၃

ကောင်းဆိုး ၂ ပါး သောဘဏ အသောဘဏ စိတ်များ၌ ယှဉ်နိုင်ကြ၍၊ ကောင်းဆိုးနှစ်တန် ခတ်တိုင်းငံသည် အညသမာန်းစေတသိက်မည်၏။

[ဆောင်] ကောင်းဆိုးနှစ်တန်၊ ခတ်တိုင်းငံ၊ သမာန်အညှ၊ တေရသ။

အညသမာန်း စေတသိက် ပြီး၏။

(နှုတ်တက်အရကျက်)

——oOo——

အညသမာန်၊အညေသံ-အညမည်သော သောဘဏ အသောဘဏ စိတ် ၂ မျိုးတို့နှင့်၊ သမာနာ-သဘောတူ ယှဉ်ခြင်းများသည့် အညသမာန်းစေတသိက်တို့မည်၏။

သောဘဏစိတ်မှထောက်ဆလျှင်အသောဘဏစိတ်သည် အညမည်၏" အသောဘဏစိတ်မှထောက်ဆလျှင် သောဘဏစိတ်သည် အညမည်၏"

ထိုအညမည်သော သောဘဏ အသောဘဏစိတ် ၂ မျိုးတို့နှင့် သဘောတူယှဉ်နိုင်၍ အညသမာန်းစေတသိက်ဟု ခေါ်ဆိုရ၏။ ဥဒ္ဓစ္စ စသော အကုသိုလ်စေတသိက်များသည် အကုသိုလ်စိတ်၌သာယှဉ်၏။

သဒ္ဓါစသော သောဘဏစေတသိက်များသည် သောဘဏစိတ်၌သာယှဉ်၏။ ဤဖဿစသော အညသမာန်း စေတသိက်များကား—ယို ဥဒ္ဓစ္စ သဒ္ဓါတို့ကဲ့သို့ တဖက်သတ် ယှဉ်သည်မဟုတ်၊ သောဘဏ အသောဘဏစိတ် ၂ ဖက်လုံး၌ ယှဉ်နိုင်ကြ၏။

အညသမာန်း စေတသိက် မှတ်ချက် ပြီး၏။

(နှုတ်တက်မကျက်ရ)

၁၀—အာကာသိုလ် စေတသိက် ၁၄

မောဟ အဟိရိက အနောတ္တပ္ပ ဥဒ္ဓစ္စ လောဘ ဒိဋ္ဌိ မာန ဒေါသ ဣဿာ မစ္ဆရိယ ကုက္ကုစ္စ ထိန မိဒ္ဓ ဝိစိကိစ္ဆာ=၁၄။

၁၁—အာကာသိုလ် စေတသိက်၏ အမည်ထူးများ

မောဟ အဟိရိက အနောတ္တပ္ပ ဥဒ္ဓစ္စ၊ ၅ ခုကို မောစတုတ်ဟုဆို၏ ၅ ခုကိုပင် အကုသလ သာဓာရဏာဟုဆို။

လောဘ ဒိဋ္ဌိ မာန ၃ ခုကို လောတိတ်ဟုဆို။

ဒေါသ ဣဿာ မစ္ဆရိယ ကုက္ကုစ္စ ၄ ခုကို ဒေါစတုတ်ဟုဆို။

ထိန မိဒ္ဓ ၂ ခုကို ထိဒုက်ဟုဆို။

ဝိစိကိစ္ဆာ ၁ ခုကို ဝိစိကေါဟုဆို။

မောဟခေါင်းဆောင် ၄၊ လောဘခေါင်းဆောင် ၃၊ ဒေါသခေါင်းဆောင် ၄၊ နောက်ဆုံးထား ၃၊ ပေါင်း အကုသိုလ်စေတသိက် ၁၄။

[ဆောင်] မောဟိ၊ နောက်ဥဒ္ဓ၊ မောစတုတ်။
လော မာန ဒိဋ္ဌိ၊ လောတြိ။
ဒေါ-ဣဿ-မစ္ဆ-ကုတ်၊ ဒေါစတုတ်။
ထိ-မိဒ္ဓ-ဝိစိ-ဆုံးတြိ။

၁။ အာရုံ၏သဘောကို ဖုံးလွှမ်းမှုသည် မောဟမည်၏။
၂။ ကာယဒုစရိုက်စသည်မှ မရွံ့မှုသည် အဟိရိကမည်၏။
၃။ ကာယဒုစရိုက်စသည်မှ မလန့်မှုသည် အနောတ္တပ္ပမည်၏။
၄။ စိတ်၏မငြိမ်သက်မှု ပြန့်လွင့်မှုသည် ဥဒ္ဓစ္စမည်၏။
၅။ အာရုံ၌ကပ်ငြိတွယ်တာမှုသည် လောဘမည်၏။
၆။ မှားသောအားဖြင့် မြင်မှုသည် ဒိဋ္ဌိမည်၏။
၇။ ငါသာတတ် ငါသာမြတ်ဟု ထောင်လွှားမှုသည် မာနမည်၏။
၈။ ကြမ်းထမ်း ပြစ်မှားမှုသည် ဒေါသမည်၏။
၉။ သူတပါးစီးစိမ်ကိုငြူစူမှုသည် ဣဿာမည်၏။

၁၀။ ဗိမိစည်းစိမ်ကို လျှိုဝှက်မှုသည် မစ္ဆရိယမည်၏။
၁၁။ အဖန်တလဲလဲစိုးရိမ်မှုသည် ကုက္ကုစ္စမည်၏။
၁၂။ စိတ်၏ မခန့်ကျမ်းမှုသည် ထိနမည်၏၊
၁၃။ စေတသိက်များ၏ မခန့်ကျမ်းမှုသည် မိဒ္ဓမည်၏။
၁၄။ အာရုံကိုမဆုံးဖြတ်နိုင်မှုသည် ဝိစိကိစ္ဆာမည်၏၊

ဤစေတသိက် ၁၄ ပါးလုံးသည်၊ အပြစ်မှမကင်းသော အကုသိုလ်ဝိတ်တို့နှင့်သာယှဉ်ခြင်း၊ ရှိ၍ အပြစ်နှင့်တကွဖြစ်ခြင်း၊ မကောင်းသောအကျိုးကိုပေးခြင်းသည် အကုသိုလ်စေတသိကမည်၏။

[ဆောင်] ယုတ်မာညစ်ကြေး၊မိုက်မဲမှေး၊ဆယ့်လေးအကုသိုလ်၊

အကုသိုလ် စေတသိက် ပြီး၏။

(နှုတ်တက်အရကျက်)

——oOo——

[မှတ်ချက်] မောဟ– အာရုံ၏သဘောကို မှန်ကိုဖုံးကွယ်ပိတ်ထားသောသဘောသည် မောဟမည်၏၊ ထိုမောဟသည် သစ္စာ ၄၊ ရှေအစွန်း ၁၊ နောက်အစွန်း ၁၊ ရှေနောက်အစွန်း ၁၊ ပဋိစ္စသမုပ္ပါဒ်သဘော ၁၊ ဤ ဂဒ္ဓာနဉ်မိုက်မဲစွဲလမ်းမှောင်ကြီးချ၍ သဘောအမှန်ကို မသိနှင့်တာ (အဝိဇ္ဇာ) ခေါ် မောဟက ပိတ်ကာထားလေတော့၏။ (ဒါ့ကြောင့်) ဤမောဟသည် မှောက်မှောက် မှားမှား မကောင်းမှုတရား အကုသိုလ်များကို ပြိုရာဌာန ညာဏ်သမားကြီး တဦးဖြစ်၍ မိန့်ဆိုညာဏ်မည်၏။

အဟိရိက– ဒုစရိုက်တရား မကောင်းမှုများကို ပြုလုပ်ရန်အတွက် မရှက်တတ်သောသဘောသည် အဟိရိကမည်၏၊ ရွာဝက်သည် မစင်ဘွက်ကို လူးကာ လိမ့်ကာ စားအိပ်ကာနှင့် မရွံမရှာ မြိန်ရှက်စွာစား သကဲ့သို့။ အရှက်ကင်းမဲ့သူလည်း ဒုစရိုက်မကောင်းမှုများကို မောဟ၏ပုံးကွယ်မှကြောင့် မရှက်သာ မရွံရှာ မြိန်ရှက်စွာ နှစ်သက်ပြုရက်လေတော့၏။ (တောဝက်ကား မစင်မစား၍၊ ရွာဝက်ကဲ့ဥပမောပြဆိုသည်)

အနောတ္တပ္ပ–ဒုစရိုက်မကောင်းမှုမျှားမှ မကြောက် မလန့်တတ်သော သဘောသည် အနောတ္တပ္ပမည်၏။ ထိပ်လန့်ဘွယ်ကောင်းသော မီးတောက်ကို ပိုးဖလံကောင်တွေက ရွေ့ရောင်(ရွှေတောင်ကြီးမှတ်ထင်ပြီး) သူ့ထက်ငါ အတင်းဝင်တိုးသကဲ့သို့ ကြောက်လန့်ခြင်းကင်းမဲ့သူလည်း ကြောက်ဘွယ်လန့်ဘွယ်တကယ်ကောင်းတဲ့ ဒုစရိုက်မှုတွေကိုမကြောက် မန့်ရံနောက်မတွန့်ဘဲ ရဲရဲကြီးပြုဝံ့ကြပေ၏။

အဟိရိကနှင့်အနောတ္တပ္ပ ဤတရား ၂ ပါးသည် ဗိုလ်များထိုက်ကြ၍ အရှက်အကြောက် ၂ ပါးကင်းမဲ့သူများသည် မဖြစ်မနေ အသက်ပင်သေသေ ဟု ရွပ်ရွပ် ခွန်ခွန်ကြီးပြုဝံ့ကြပေ၏။

ဥဒ္ဓစ္စ အာရုံတခုပေါ်မှာငြိမ်သက်စွာမရပ်မတည်ပဲ(လိမ့်)လည်သော သဘောသည် ဥဒ္ဓစ္စမည်၏။ လေခတ်သော တံခွန်ကဲ့သို့ဂုင်း၊ ပြာပုံကို ဒုတ်နှင့် ရိုက်ပုတ်သကဲ့သို့ဂုင်း၊ အာရုံပေါ်၌ လှုပ်လှုပ်ရှားရှား လွင့်လွင့် ပါးပါး ရှိမှုမျှားကို ဥဒ္ဓစ္စဟုခေါ်ဆိုရ၏။

မောစတုက်– မောဟ ခေါင်းဆောင်သော(မောစတုတ်) စေတသိက် ၄ ပါးလုံးသည် သမ္မာကုသလ အားလုံးသော အကုသိုလ်စိတ် ၁၂ ပါးနှင့် သာဓါရဏ သာတူညီမျှ ယှဉ်ကြခြင်းသည် အကုသလ သာဓါရဏ စေတသိက်စုမည်၏။ (ဒါ့ကြောင့်)၌ ၄ ပါးကို ရှေ့ဆုံးက ဆိုထားသည်။

လောဘ– အာရုံကို စွဲလမ်းတပ်မက်ခင်မင် လိုချင်သော သဘော သည် လောဘ မည်၏။ မျောက်နဲ့စေး ညောင်စေးများသည် တွေ့ထိရာအရပ်ကို ငြိကပ်သကဲ့သို့ မြင်းမြင်သမျှအာရုံမျိုးစုံကို ခုံမင်လိုချင်မှု သဘောကို လောဘဟု ခေါ်ဆိုရ၏။ (မျောက်နဲ့ဇစ်နှင့် လောဘ မျောက်အင်္ဂါခြေလက်နှင့် အာရုံ ၆ ပါးကို ပြဆိုဟောကြားတော်မူ၏။

ဒိဋ္ဌ–ဖေါက်ပြန် မှားယွင်းသောအားဖြင့် မြင်သောသဘောသည် ဒိဋ္ဌ မည်၏။ ကံ ကံ၏အကျိုး နောင်တမလွန်ဘဝ ဖြစ်ရပုံ မယုံကြည်၍ မရှိပြီဟု ပစ်ပယ်မှုလည်း ဒိဋ္ဌ မည်၏။ ဤအယူဝါဒသည် နိယတ ဖြစ်၍ သေသွားက ငရဲကျမြဲသောကြောင့် နိယတ မိစ္ဆာဒိဋ္ဌကြီးဟု ဆိုကြ၏။ ငါဘဲ သူဘဲ အထင်လွဲပြီး အတ္တ စွဲသန်နေမှုမျှားလည်း ဒိဋ္ဌ မည်၏။

ဤအယူဝါဒသည်(သက္ကာယဒိဋ္ဌ)ဖြစ်၍ သေသွားက နတ်ရွာမတားဘဲ မင်္ဂ ဖိုလ် သာတား၏။ အဖြူကို အနက်ဟူ အထင်မှားနေသူနှင့် တူ၏။

ဒိဋ္ဌိသည် သက္ကာယဒိဋ္ဌ ၂၀ အနှစ်ဂါဟိက ဒိဋ္ဌိ ၁၀ ဒသဝတ္ထုက မိစ္ဆာ ဒိဋ္ဌိ ၁၀ မိစ္ဆာ ဒိဋ္ဌိကြီး ၃ ပါးစသည်ဖြင့် များပြားလှ၏။

သဿတ ဒိဋ္ဌိ ၄၄+ ဥစ္ဆေဒ ဒိဋ္ဌိ ၁၀=ပေါင်း ဒိဋ္ဌိ ၆၂ ပါး။

မာန– ငါသာတတ် ငါသာမြတ် ဟု ထောင်လွှားတက်ကြွသော သဘောသည် မာန မည်၏။

၁၂–မာန်အပြား ၉ ပါး

သေယျဿ်ဒ် သေယျမာန် သဒိသမာန် ဟီနမာန် ၃ ပါး
သဒိသဿ်ဒ် သေယျမာန် သဒိသမာန် ဟီနမာန် ၃ ပါး
ဟီနဿ်ဒ် သေယျမာန် သဒိသမာန် ဟီနမာန် ၃ ပါး=၉ ပါး

စည်းစိမ်ဂုဏ်သိရှိစသည်ဖြင့် သူများထက် ငါတတ်၏ ငါမြတ်၏ ငါသာ၏ ဟု မာန်တက်နေခြင်းသည် သေယျမာန် မည်၏။

စည်းစိမ် ဂုဏ်သိရှိစသည်ဖြင့် သူတို့နှင့် ငါ ဘာအကြောင်းထူးသေး သလဲ အတူတူပဲ မဟုတ်လား ဟု မာန်တက်နေခြင်းသည် သဒိသမာန် မည်၏။ စည်းစိမ် ဂုဏ်သိရှိ စသည်ဖြင့် သူတို့အောက် ကျနေကော ငါဘာအရေးလဲ ကိုယ်ရှိမှ ကိုယ်စားရတာပဲဟု မာန်တက်နေခြင်းသည် ဟီနမာန် မည်၏။

ကိုယ်နှင့် တန်သောမာန်သည် (ယထာဝမာန) မည်၏။ ထိုမာန်ကို အရဟတ္တမဂ် ကမှသာ ပယ်နိုင်၏။ ကိုယ်နှင့် မတန်သောမာန်သည် (အယာထာဝမာန) မည်၏။ ထိုမာန်ကို သောတာပတ္တိမဂ်တုံးက ပယ်လာခဲ့ပြီး။ မာန် မာနဟူသမျှသည် သူတပါးအား အထင်သေးပြီး မိမိကိုယ်ကို အထင်ကြီးနေမှု စိတ်ကြီးဝင်နေမှု ဘဝင်မြင့်နေမှု သဘောမျိုးတည်း။

မာန် မာန ရှိနေသူသည် ထူးကဲမြင့်ခွန်း တံခွန်ပမာ အရာရာမှာ သူတကာထက်ကဲသာမှုကို ဆိုလိုသည်အရင်းခံ လောဘ မပါလျှင် မာန် မာန ပင်မဖြစ်နိုင် (မာနသည်) အရှုံးနှင့်တူ၏။

ဒေါသ–ဒုက်နှင့် ရိုက်အပ်သော မြွေဆိုး မြွေဟောက်ကဲ့သို့ ကြမ်းထမ်းသော သဘောသည် ဒေါသ မည်၏။ ဒေါသသည် မိမိမှီရာပုဂ္ဂိုလ်ကို တကိုယ်လုံး လောင်ကျွမ်းစေတတ်သောကြောင့် တောမီးနှင့်တူ၏။ ဒေါသအရှိန် အင်အားကြီးမားလာလျှင်(မနောပဒေါသိက)နတ်သားကဲ့သို့ တခါတည်း အသက်ဆုံးရှုံးသွားအောင် တကိုယ်လုံး လောင်ကျွမ်းလေတော့၏။ အာဃာတဝတ္ထု ၉ ပါးနှင့် ၁၀ ပါးလည်း ဒေါသကြောင့်သာဖြစ်လာ၏။

ဣဿာ–သူတပါးစည်းစိမ် ချမ်းသာကို မနာလို ဝန်တို ငြူးစူးသော သဘောသည် ဣဿာမည်၏။ သူတပါး၏ ရပြီး ရလတ္တံ့ စည်းစိမ် ဂုဏ်သိရှိများကို မနာလို မရှုစိမ့်ပဲ မျက်နှာလွဲကာနေမှုကို ဣဿာဟု ခေါ်ဆိုရ၏။ (ဇီးကွက်လောက်တော့ငှက်တိုင်းလှရဲ့)ဟု ကဲ့ရဲ့မှုများလည်း ဣဿာပင်ဖြစ်၏။

ဣဿာသည် သူတပါးစည်းစိမ်ချမ်းသာ ဇဟိဒ္ဓကို အာရုံပြု၍ဖြစ်၏။ ကဲ့ရဲ့မှု ဣဿာသည် ချီးမွမ်းမှု မုဒိတာနှင့် ဆန့်ကျင်ဘက်ဖြစ်၏။

မစ္ဆရိယ–မိမိစည်းစိမ်ချမ်းသာကို ဝန်တို လျှို့ဝှက်သော သဘောသည် မစ္ဆရိယမည်၏။ မိမိရရှိပြီး ရရှိလတ္တံ့(ရပေါက်ရလမ်း)ရှိနေသော ပစ္စည်း ဥစ္စာများကို သူဘပါးနှင့် မဆက်ဆံစေလိုခြင်း သူတပါးမှာ ဒီပစ္စည်းမျိုး မဖြစ်စေလိုသော သဘောကို မစ္ဆရိယ ဟု ခေါ်ဆိုရ၏။ ကိုယ့်ဥစ္စာမပေးချင်ရုံမျှနှင့် မစ္ဆရိယ မဖြစ်နိုင်ချေ ကိုယ်ပိုင်ဥစ္စာ သူတပါး ရသွားမှာ စိတ်မသက်မသာ လျှို့ဝှက်ရှာ၍ စိုးရိမ်မှုမျိုးသာ မစ္ဆရိယ ဖြစ်ရလေတော့၏။

၁၃–မစ္ဆရိယအပြား ၅ ပါး

အာဝါသမစ္ဆရိယ နေရာထိုင်ခြင်းနှင့် စပ်လျဉ်း၍ ဝန်တိုနေမှု။
ကုလမစ္ဆရိယ ဆွေမျိုး ဒကာ ဒကာမအခင်းနှင့်စပ်လျဉ်း၍ ဝန်တိုနေမှု။
လာဘမစ္ဆရိယ ပစ္စည်းလာဘ်လာဘအခင်းနှင့်စပ်လျဉ်း၍ ဝန်တိုနေမှု။

ဝဏ္ဏဓဇရိယ အလှ အဆင်း ဂုဏ်သတင်းနှင့်စပ်လျဉ် ၍ ဝန်တိုနေမှု။
ဓမ္မမဇ္ဈရိယ အတတ် ပညာ အခင်းနှင့် စပ်လျဉ်း၍ ဝန်တိုနေမှု။
အာဝါသေစ ကုလံလာဘော၊ ဝဏ္ဏော ဓမ္မောတိမဇ္ဈရာ။

(မဇ္ဈရင်ဖြာ အဋ္ဌသာလိနီ အဋ္ဌကထာမှာလာ၏။)

ကုက္ကုစ္စ–ပြုအပ်ပြီးသော ဒုစရိုက် မပြုလိုက်မိသေးသော သုစရိုက် တို့၌ အပန်တလဲလဲ စိုးရိမ်သောသဘောသည် ကုက္ကုစ္စမည်၏။ နောင်တ တဖန်ပူပန်၍ စိတ်နှလုံး မကြည်သာခြင်း (ဝိပ္ပဋိသာရ) ကို ကုက္ကုစ္စဟု ခေါ်ဆိုရ၏။

ရင်ထဲ နှလုံးထဲမှာ မအေးအောင် ပူဆွေးနေမှုက သောကတရား ငိုတ်ထဲမှာ လှိုက်လှိုက်လဲလဲ နောင်ရေးတဖန် ပူပန်စိုးရိမ်မှုက ကုက္ကုစ္စတရား သောကနှင့် ကုက္ကုစ္စ ရှုပ်ထွေးလှ၏။ (သတိပြုပါ)

၁၄–ကုက္ကုစ္စအပြား ၃ ပါး

ဝိနယ ကုက္ကုစ္စ မဟာကုသိလ မဟာကြိယာ စိတ္တုပ္ပါဒ်များရ၏။ အသံယတ ကုက္ကုစ္စမေဟပြဋ္ဌာန်းသော အကုသိလစိတ္တုပ္ပါဒ်များရ၏။ နိဝရဏ ကုက္ကုစ္စ ဤကုက္ကုစ္စ မဖစ်သတိုက် ရ၏။

ရဟန်းတော်များမှာ ဝိနည်းအရာ၌အပ်သလော မအပ်သလော ဟု တွေးတော ယုံမှားနေမှုသည် ဝိနယ ကုက္ကုစ္စ မည်၏။ သံဃာ့အစည်းအဝေး စသည်၌ မစောင့်စည်းဘဲ လက် ခြေများ၏(ဂဏာ)မငြိမ် ဂုန်ဖြေ လှုပ်ရှားနေမှုသည် အသံယတ ကုက္ကုစ္စ မည်၏။

ထိန–စိတ်၏မခန့် ပျော့ညံ့. ထိုင်းမှိုင်းနေသာ သဘောသည် ထိန မည်၏။ ထိန-ယှဉ်ရာအခါ ယှဉ်ဘက်စိတ်များ၏ မထက်သန်စေဘဲ ညံ့ဖျင်း ပျင်းရိ တွန့်တို ဆုတ်နစ်စေတတ်၏။ (လူပျင်းနှင့်တူ၏)

မိဒ္ဓ –စေတသိက်များ၏ မခန့် ပျော့ညံ့ ထိုင်းမှိုင်းနေသော်သဘော သည် မိဒ္ဓ မည်၏။ မိဒ္ဓ-ယှဉ်ရာအခါ စေတသိက်များ၏ လုပ်ငန်းကိစ္စ တက်ကြွခြင်းမရှိလှဘဲ မပျော့ပျင်းရိ လေးလံ ထိုင်းမှိုင်း တွန့်တို ဆုတ်နစ် စေတတ်၏။ (လူမမာနှင့်တူ၏)

ထိန်နှင့် မိဒ္ဓ—ဤစေတသိက် ၂ ပါးသည် တရားနာခြင်း အတတ်ပညာသင်ယူခြင်း ကမ္မဋ္ဌာန်းတရားအားထုတ်ခြင်း ဆရာသမားထံ ချဉ်းကပ် ခစားခြင်း စသည်ပြုရာအခါ တမ်ိန်မေးမေး ငိုက်ငေးတတ်၍ တဖျတ်ဖျတ် တဆတ်ဆတ် ငိုက်မျည်းစေတတ်၏။ ဒါကြောင့်။ ခဲလို့မရတဲ့လိုယှဉ်ကြသော ထိန မိဒ္ဓ စေတသိက် ၂ ပါးသည် ထက်သန်ခြင်းမှကင်းနေသော အကုသိုလ်သဘော်ရိက ၅ ပါးနှင့် သင့်သလိုယှဉ်ကြရ၏။

ဝိစိကိစ္ဆာ—တခုခုအာရုံကို မယုံတဝက် ယုံတဝက်နှင့် အယုံရ ခက်နေသော နှလုံး နှစ္ဆ ဖြစ်နေရသော သဘောသည် ဝိစိကိစ္ဆာ မည်၏။ လမ်းဆုံ လမဲ့ခွ ရောက်နေရ၍ ဒီလမ်းသွားရမလို ဟိုလမ်းသွားရမလိုနှင့် မဆုံးဖြတ် နိုင်သေးဘဲ (ဝေ့လဲလဲလယ်) ဖြစ်နေသော သူနှင့်တူ၏။ ဝိစိကိစ္ဆာသည် အစစ်နှင့် အတုအားဖြင့် ၂ ပါး ပြားလာ၏။

ဘုရားစသော ဝတ္ထု (၈) ပါး၌ မဟုတ်ဘူးလား ဟုတ်ကဲ့လားဟုတွေးတောယုံမှားမှုသည် နိဝရဏ ကိုးစွတပ်သော ဝိစိကိစ္ဆာ အစစ်မည်၏။ ဤဝိစိကိစ္ဆာ အစစ်မှာ (ဝိစိကိစ္ဆာစိတ္တုပ္ပါဒ်များ၏) ဘုရားရှင်ချန်၍ ကျန် ပုထုဇဉ် သေက္ခ ရဟန္တာပုဂ္ဂိုလ်များမှာ ကုန်စဉ်အောင်မသိမမြင်ကြ၍ ပရိယတ် ပဋိပတ် စသည်၌ (ဒီဟာလား ဟိုဟာပဲလား) ဟုတွေးတောယုံမှားမှုသည် ပဋိဂ္ဂုပက ဝိစိကိစ္ဆာ အတုမည်၏။ ဤဝိစိကိစ္ဆာ အတုမှာ ကုသိုလ် အကုသိုလ် ကြိယာ စိတ္တုပ္ပါဒ်များ (သင့်သလို) ရကြ၏။

အဓိမောက္ခ အုပ်ထိန်းခြင်းမှ ကင်းနေသော ဝိစိကိစ္ဆာသည် အာရုံ၌ မရပ်မတည် တလည်တည်း လိမ့်လည်လေတော့၏။

(ကျောက်လုံးနှင့် တူ၏)

အကုသိုလ်စေတသိက်မှတ်ချက်ပြီး၏။

(နှုတ်တက်မကြက်ရ)

———oOo———

၁၅-သောဘဏ စေတသိက် ၂၅

သဒ္ဓါ သတိ ဟိရိ ဩတ္တပ္ပ အလောဘ အဒေါသ တတြမဇ္ဈတ္တတာ ကာယ ပဿဒ္ဓိ စိတ္တ ပဿဒ္ဓိ ကာယလဟုတာ စိတ္တလဟုတာ ကာယ မုဒုတာ စိတ္တမုဒုတာ ကာယ ကမ္မညတာ စိတ္တကမ္မညတာ ကာယပါဂုညတာ စိတ္တပါဂုညတာ ကာယုဇုကတာ စိတ္တုဇုကတာ သောဘဏ သာဓာရဏ စေတသိက် ၁၉

သမ္မာဝါစာ သမ္မာ ကမ္မန္တ သမ္မာ အာဇီဝ
ဝိရတိစေတသိက် ၃
ကရုဏာ မုဒိတာ အပ္ပမညာ စေတသိက် ၂
ပညိန္ဒြေ အမညိန္ဒြိသော အမောဟ ဇေတသိက် ၁-ပေါင်း ၂၅

သောဘဏသဓာရဏ စေတသိက် ၁၉
ဝိရတိ စေတသိက် ၃
အပ္ပမညာ စေတသိက် ၂
အမောဟ(ပညာ)စေတသိက် ၁-ပေါင်း ၂၅

ဤစေသသိက် ၂၅ ပါး လုံးသည် အပြစ်ကင်း၍ ကောင်းမြတ်ခြင်း ကြောင့် တင့်တယ်သော သောဘဏ စေတသိက်မည်၏။

၁။ ဘုရားစသောကောင်းသောအာရုံ၌ယုံကြည်မှုသည် သဒ္ဓါမည်၏။
၂။ ဘုရားစသော ကောင်းသောအာရုံ၌ အောက်မေ့မှုသည် သတိ။
၃။ ကာယဒုစရိုက်စသည်မှ ပြုရန်ရှက်မှုသည် ဟိရိ။
၄။ ကာယဒုစရိုက်စသည်မှ ပြုရန်ကြောက်လန့်မှုသည် ဩတ္တပ္ပ။
၅။ အာရုံ၌ မကပ်ငြိ မတွယ်တာမှုသည် အလောဘ။
၆။ မကြမ်းထမ်း မပြစ်မှားမှုသည် အဒေါသ။
၇။ ထိုထိုအာရုံ၌ လှစ်လျူရှုမှုသည် တတြမဇ္ဈတ္တတာ။
၈။ စေတသိက်များ၏ ငြိမ်းအေးမှုသည် ကာယပဿဒ္ဓိ။
၉။ သောဘဏစိတ်များ၏ ငြိမ်းအေးမှုသည် စိတ္တပဿဒ္ဓိ။
၁၀။ စေတသိက်များ၏ ပေါ့ပါးမှုသည် ကာယလဟုတာ။
၁၁။ သောဘဏစိတ်များ၏ ပေါ့ပါးမှုသည် စိတ္တလဟုတာ။

၁၂။ စေတသိက်များ၏ နည်ဖွံ့မှုသည် ကာယမုဒုတာ။
၁၃။ သောဘဏစိတ်များ၏ နည်ဖွံ့မှုသည် စိတ္တမုဒုတာ။
၁၄။ စေတသိက်များ၏ ခန့်ကျန်းမှုသည် ကာယကမ္မညတာ။
၁၅။ သောဘဏစိတ်များ၏ ခန့်ကျန်းမှုသည် စိတ္တ ကမ္မညတာ။
၁၆။ စေတသိက်များ၏ လေ့လာမှုသည် ကာယပါဂုညတာ။
၁၇။ သောဘဏစိတ်များ၏ လေ့လာမှုသည် စိတ္တပါဂုညတာ။
၁၈။ စေတသိက်များ၏ ဖြောင့်စင်းမှုသည် ကာယုဇုကတာ။
၁၉။ သောဘဏစိတ်များ၏ ဖြောင့်စင်းမှုသည် စိတ္တုဇုကတာ မည်၏။

ဤစေတသိက် ၁၉ ပါး လုံးသည် သောဘဏစိတ်အားလုံးနှင့် ယှဉ်သောကြောင့် သောဘဏ သာဓါရဏ စေတသိက် မည်၏။

[ဆောင်] သဒ္ဓါ၊ သတိ၊ ဟိရီ၊ ဩတ္တပ်၊ ဟိတ်နှစ်ရပ်၊ တတြ မဇ္ဈတ္တတာ။ ပဿဒ္ဓိ၊ လဟု၊ မုဒုကမ္မည်၊ ပါဂုညနှင့်၊ ထိုပြင်ဥဇုက၊ ခြောက်မြေ၊ ကာယ စိတ်နှင့် နှော။ ငြိမ့်ပေါ့နူးညံ့၊ ကျန်းခန့်လေ့လာ၊ ဖြောင့်စင်းစွာ၊ ခြောက်ဖြောက်စွဟော၊ သောဘဏတွင်၊ အကုန်ယှဉ် ဤလျှင်ဆယ့်ကိုးသော။

သောဘဏသာဓါရဏစေတသိက်ပြီး၏။



၁။ အသက်မွေးဝမ်းရေးနှင့်မစပ်ပဲ ဝစီဒုစရိုက် ၄ ပါးမှ ရှောင်ကြဉ်မှုသည် သမ္မာဝါစာ မည်၏။

၂။ အသက်မွေး ဝမ်းရေးနှင့်မစပ်ပဲ ကာယဒုစရိုက် ၃ ပါးမှ ရှောင်ကြဉ်မှုသည် သမ္မာကမ္မန္တ မည်၏။

၃။ အသက်မွေးဝမ်းရေးနှင့်စပ်၍ ဝစီဒုစရိုက် ၄ ပါးနှင့် ကာယဒုစရိုက် ၃ ပါးမှ ရှောင်ကြဉ်မှုသည် သမ္မာအာဇီဝ မည်၏။

ဤစေတသိက် ၃ ပါးလုံးသည် မကောင်းမှု အကုသိုလ် ဒုစရိုက် ၇ ပါးမှ ရှောင်ကြဉ်တတ်သောကြောင့် ဝိရတိ ၎ေတသိက် မည်၏။

[ဆောင်] ဝါစာကမ္မ၊ အာဇီဝံ၊ သုံးတန်ဝိရတိ။

ဝိရတိစေတသိက်ပြီး၏၊

၁။ ဒုက္ခိတသတ္တဝါပညတ်ကို အာရုံပြု၍ သနားမှုသည် ကရုဏာမည်၏။

၂။ သုခိတ သတ္တဝါပညတ်ကို အာရုံပြု၍ ဝမ်းမြောက်မှုသည် မုဒိတာ မည်၏။

ဤစေတသိက် ၂ ပါး လုံးသည် အဆုံး အဝိုင်း အခြားမရှိသော သတ္တဝါပညတ်ကို အာရုံပြုတတ်သောကြောင့် အပ္ပမညာ စေတသိက် မည်၏။

[ဆောင်] ကရု၊ မုဒု၊ ဤနှစ်ခု၊ ခေါ်မှု၊ ပမညာ။

အပ္ပမညာစေတသိက်ပြီး၏၊

အထူးထူးအပြားပြားသိခြင်းဌာန အစိုးရမှုသည် ပညာန္ဒြေအမည်ရသော အမောဟ(ပညာ) စေတသိက် မည်၏။

[ဆောင်] အသိအလိမ္မာ၊ ညာဏ်ပညာ၊ ဝိဇ္ဇာအမောဟ။

ပညာစေတသိက်ပြီး၏၊

(နှုတ်တက်အရာကျက်)

သောဘဏစေတသိက်ပြီး၏၊

—-oOo—

[မှတ်ချက်] သဒ္ဓါ-ရတနာသုံးပါး ကံ ကံ၏ အကျိုးတရားနှင့် ယခု လောက နောင်တမလွန်လောကများကို ယုံကြည်နေမှုသည် သဒ္ဓါမည်၏။ မိမိသည်းကြည်လင် မိဓိနှင့်ယှဉ်ဘက်ဝင် တရားကိုလည်းကြည်လင် စေတတ်သောကြောင့် သဒ္ဓါသည်(စကြာမင်း၏ ပတ္တမြားရတနာနှင့် တူ၏)

လက် ဥစ္စာ မျိုးစေ့ ၃ မျိုးတူပုံ

ဥစ္စာထုပ်ကို လက်ရှိမှ ယူနိုင်သကဲ့သို့ သဒ္ဓါရှိမှ ပုညကြိယာ နောင် တမလွန်ရိက္ခာ ဥစ္စာထုပ်ကို ကောက်ယူနိုင်သောကြောင့် သဒ္ဓါသည် (လက်နှင့်တူ၏) လူ နတ် နိဗ္ဗာန် သုံးတန်သော ချမ်းသာကို လဲလှယ် ဝယ်ယူနိုင်သောကြောင့် သဒ္ဓါသည် (ရွှေ,ငွေ,ရတနာ ဥစ္စာ နှင့် တူ၏)၊

မင်္ဂဠာ ဖိုလ်သီး နိဗ္ဗာန်ကြီးကို ပေးသီးစေတတ်သောကြောင့် သဒ္ဓါသည် (မျိုးစေ့ကောင်းနှင့်တူ၏) တက္ကာဂက သဒ္ဓါရောင် ဆောင်တတ် သည်သဒ္ဓါလွန်က တက္ကာမွန်သည်။

၁၆-သဒ္ဓါအပြား ၄ ပါး

၁။ ဘုရားအလောင်းတော်များ၏ ယုံကြည်မှုသည် အာဂမသဒ္ဓါ မည်၏။

၂။ မင်္ဂ ညာဏ်နှင့် ယှဉ်ကာ အရိယာများ၏ ယုံကြည်မှုသည် အဓိဂမသဒ္ဓါ မည်၏။

၃။ ဂုဏ်ကို ယုံကြည်သက်ဝင် ဆင်ခြင်၍ ယုံကြည်မှုသည် ဩကပ္ပနသဒ္ဓါ မည်၏။

၄။ မြင်ရုံ ကြားယုံမျှနှင့် ရတနာသုံးပါးအား ယုံကြည်မှုသည် ပသာဒသဒ္ဓါ မည်၏။

တိတ္ထိဆရာများအား တပည့်များက ယုံကြည်မှုလည်း မုဒ္ဓပသန္နသဒ္ဓါ မည်၏။ ဤနောက်ဆုံးမုဒ္ဓပသန္နကား အရမ်းကာယော မစူးမစမ်း ယုံကြည်မှုကြောင့် သဒ္ဓါစစ်မဟုတ်ပဲ မောဟသာအမြဲဖြစ်၏၊ ရှေသဒ္ဓါ ၄ ပါးသာ သဒ္ဓါစေတသိက် အစစ်အမှန်ဖြစ်၏။

သတိ= ဘုရားစသော ကောင်းသော အရာ၌ အောင်းမဲ့နေခြင်း အမှတ်အထပ်ထပ်ရနေခြင်းများသည်၊ သတိ မည်၏။ မကောင်းသော အရာ၌ အမှတ်အထပ်ထပ်ရနေခြင်းကား သတိမဟုတ်။ မစ္ဆာသတိသာ ရှိ၏၊ (ဆိုင်ရာအကုသိုလ်စိတ္တုပ္ပါဒ်များရကြ၏)

အကျိုးမဲ့ကိုပယ်ရှားပြီး အကျိုးစီးပွါးထွန်းကားလာအောင် ဆောင်ရွက်တတ်သောကြောင့် သတိသည် စကြာမင်း၏ သားကြီးရတနာနှင့် တူ၏။ စက္ခုစသော ၆ ဒွါရ ၆ အာရုံ၌ ကိလေသာဝင် မလာအောင် စောင့်ရှောက်တတ်သောကြောင့် သတိသည်(တံခါးမှူးနှင့်တူ၏)

ဟိရီ=မကောင်းမှုဒုစရိုက်ပြုရန်အတွက် အလွန်ရှက်မှုသည် ဟိရိမည်၏။ ဟိရိသည် အမျိုးအနွယ်စသော မိမိအဇ္ဈတ္တကိုစွဲ၍ဖြစ်၏။ မိမိဂုဏ်သိက္ခာကိုငဲ့၍ မကောင်းမှုပြုရမှာ ရှက်တတ်သောကြောင့် ဟိရိသည် (ဒေမျိုးကောင်းချွေးမနှင့်တူ၏)

ဩတ္တပ္ပ=မကောင်းမှုဒုစရိုက်ပြုရမှာ ကြောက်လန့်နေသော သဘော သည် ဩတ္တပ္ပ မည်၏။ ဩတ္တပ္ပသည် မိမိမှတပါး ဆရာသမား မိဘစသော ဗဟိဒ္ဓကိုစွဲ၍ဖြစ်၏။ ယောကျ်ားများနှင့် မဆက်ဆံရမှာစို့ ရိမ်ပြီး ကိုယ်ဝန်ရမည်မှ မရှက်သော်လည်း ကြောက်လန့်နေသော ကြောင့် ဩတ္တပ္ပသည် (ပြည်တန်ဆာမနှင့်တူ၏)

ဟိရိနှင့် ဩတ္တပ္ပ တရား ၂ ပါး ကင်းမဲ့နေလျှင် တိရစ္ဆာန်အသွင် ကဲ့သို့ မကြားကောင်းမနာသာတွေကို ဖြစ်ဘို့သာမြင်၏။ (ဒါးကြောင့်) ဤတရား ၂ ပါးကိုလောကပါလ (ကမ္ဘာစောင့်တရား) ဟု ဟောကြား တော်မူ၏။

အလောဘ=အာရုံ၌ မခုံငင် မလိုချင် မကပ်ငြိသော သဘော သည် အလောဘ မည်၏။ လောဘနှင့် ဆန့်ကျင်ဘက် ဖြစ်သောကြောင့် အလောဘမည်၏။ အလောဘသည် အလှူအဒါန်းပေးကမ်းချင်သော သဘောဖြစ်၏။ မစင်တွင်းကျနေသူသည် မစင်တွေကပ်ငြိပေနေသော်လည်း မကပ်ငြိစေလိုသကဲ့သို့ အလောဘသည် ကာမဂုဏ် အာရုံတွေနှင့် တွေ့ကြုံနေရသော်လည်း မကပ်ငြိမတွယ်တာပဲ ကင်းကင်းရှင်းရှင်းကြီး နေလိုသော သဘောမျိုးရှိ၏။ အလောဘကို ရဟန္တာနှင့်ဂင်း ကြာရွက်နှင့်ဂင်းတူ ပဉ္ဉဟု ပြဆိုကြသေး၏။

အဒေါသ=မကြမ်းဘန်း မပြစ်မှားသော သဘောသည် အဒေါသ မည်၏။ ဒေါသ၏ ဆန့်ကျင်ဘက်ဖြစ်သောကြောင့် အဒေါသ မည်၏။

ကျွေကွင်းနေသော အဆွေခင်ပွန်းချင်း တွေ့ရသကဲ့သို့ မေတ္တာသက်ဝင်ချစ်ခင်တတ်သောကြောင့် အဒေါသသည် မေတ္တာလည်းမည်၏၊ စန္ဒကူးနှံ့သာသည် ရေပူသို့ချလျှင် ရေအေးသွားသကဲ့သို့ အဒေါသသည် ပင်ကိုယ်အားဖြင့် ကိလေသာပူပူဆာဆာမှ ကင်းဝေးအေးမြစေတတ်သောကြောင့်(စန္ဒကူးနှံ့သာနှင့်လည်းတူ၏) (လပြည့်ဝန်းကြီးနှင့်လည်းတူသေး၏) အဒေါသတိုင်း မေတ္တာမမှတ်သားနှင့် သတ္တဝါပညတ်ကို အာရုံမပြုပဲ ဘုရားဖူးတရားနာ စသောအရာ၌ မေတ္တာမဟုတ် ကုသိုလ် အဒေါသသာဖြစ်၏။

တတြဗျတ္တတာ=ရထားထိမ်းသည် မြင်းနှစ်ကောင်ကို အပို အလို မထားပဲ အသင့်ရှိစားကာ မောင်းနှင်သွားသကဲ့သို့ ယှဉ်တက်တရားကိုလည်းအာရုံ၌ ညီညီမျှမျှ သင့်တင့်သောအားဖြင့် ရှုစားကာနေသောသဘောသည် တတြမဇ္ဈတ္တတာ မည်၏။

တတြ=ထိုထိုယှဉ်တက်တရား၌ မဇ္ဈတ္တတာ-အသင့်ရှုစားခြင်းသည် တတြမဇ္ဈတ္တာ ခေါ်၏၊ တတြမဇ္ဈတ္တာကိုဝဲ၊ ဥပေက္ခာ ဗြဟ္မဝိဟာရမှတ် ကုသိုလ် အဒေါသသာဖြစ်၏။

တတြ=ထိုထိုယှဉ်တက်တရား၌ မဇ္ဈတ္တတာ-အသင့်ရှုစားခြင်းသည် တတြမဇ္ဈတ္တာ ခေါ်၏၊ တတြမဇ္ဈတ္တာကိုဝဲ၊ ဥပေက္ခာ ဗြဟ္မဝိဟာရမှတ် သတ္တဝါပညတ်ကို အာရုံပြုကာ အသင့်ရှုစားရာ၌ တတြမဇ္ဈတ္တတာသာ ဥပေက္ခာဗြဟ္မဝိဟာရအမည်ရ၏။

တတြမဇ္ဈတ္တတာကား စေတသိက်၏ သဘောလက္ခဏာရှိ၏။
ဥပေက္ခာကား စိတ်၏ သဘောလက္ခဏာရှိ၏။

ပဿဒ္ဓိ ၂ ပါး= စေတသိက် အပေါင်း၏ ငြိမ်သက်အေးမြသောသဘောသည် ကာယပဿဒ္ဓိမည်၏။ သောဘဏစိတ်များ၏ အေးမြသော သဘောသည် စိတ္တပဿဒ္ဓိမည်၏။ သောဘဏစိတ်များနှင့် ယှဉ်ဖက် စေတသိက်အပေါင်းသည် (ကာယ, မည်၏။ သောဘဏ စိတ်များသည် (စိတ္တ) မည်၏။ (သတိပ္ပဋ္ဌာန၁)

(ကျန် ကာယနှင့် စိတ္တများကို ဤနည်းနှင့် အတူဆို)

ပဿဒ္ဓိ ၂ ပါးရှိသူများသည် ကုသိုလ်ရေး၌ အေးချမ်းသာယာမှုရှိ၏၊ ငြိမ်သက်မှု ပဿဒ္ဓိ ၂ ပါးသည် ပုံလွှင့်မှု ဥဒ္ဓစ္စနှင့် ဆန့်ကျင်ဘက်ဖြစ်၏။

လဟုဘာ ၂ ပါး စေတသိက်အပေါင်း၏။ မလေးလံ မနှေး ကန်သော သဘောသည် ကာယ လဟုတာ မည်၏။ သောဘဏစိတ်များ၏ မလေးလံ မနှေးကန်မှုသည် စိတ္တ လဟုတာ မည်၏။ လဟုတာ ၂ ပါး၌ သူများသည် ကုသိုလ်ရေးဥ္စ ဝန်မလေးတော့ပဲ (ကုသိုလ်ဇောအဆက်ဆက်) ကြောင့် ကံယ စိတဇနစ်ဖြာ ပေါ့ပါးကာဖြစ်လာ၏။ ပေါ့ပါးမှု လဟုတာ ၂ ပါးသည် ထိုင်းမှိုင်းမှု ထိန မိဒ္ဓ ၂ ပါးနှင့် ဆန့်ကျင်ဘက်ဖြစ်၏၊ ကုသိုလ်ရေးဥ္စ ဝန်မလေးရာ ရေဥ္စကြာပန်းရွှင်လန်းလာ၏။

(ဥဇ္ဇောဝါဒိတိကြောင့် ပံ့တက်သူနှင့် တူ၏)

မုဒုတာ ၂ ပါး စေတသိက်အပေါင်း၏၊ နူးညံ့ ပျော့ပြောင်းသော သဘောသည် ကာယ မုဒုတာ မည်၏။ သောဘဏစိတ်များ၏၊ နူးညံ့ပျော့ပြောင်းမှုသည် စိတ္တ မုဒုတာ မည်၏။ မုဒုတာ ၂ ပါး၌ရှိသူများသည် ကုသိုလ်ရေးဥ္စ နူးညံ့ပျော့ပြောင်း၍ အလွန်စိတ်ကောင်းရှိ၏။ (ကုသိုလ်ရှင် အစစ်ဖြစ်လာလေတော့၏) မုဒုတာ ၂ ပါးသည် ကြမ်းထမ်းခြင်း ထောင်လွှားခြင်း ဒိဋ္ဌိ မာန ၂ ပါးနှင့် ဆန့်ကျင်ဘက် ဖြစ်၏။ (နိဝါတာနိမာန ရှိသူများနှင့် တူ၏)

ကမ္မညတာ ၂ ပါး—စေတသိက်အပေါင်း၏၊ အမှုကိစ္စဥ္စ ခန့်ကျန်းသန့်စွန်းသော သဘောသည်၊ ကာယ ကမ္မညတာမည်၏။ သောဘဏစိတ်များ၏ အမှုကိစ္စဥ္စ သန့်စွမ်းမှုသည် စိတ္တ ကမ္မညတာ မည်၏။ ကောင်းမှုကိစ္စများကို ဆုံးခန်းတိုင်အောင် ဆောင်ရွက်ပေးမှုသည်၊ အမှုကိစ္စဥ္စ ခန့်ကျန်းသန့်စွမ်းသည် မည်၏။

ဤတရား ၂ ပါး၌ရှိသူများသည် ကောင်းသောအရာဥ္စ ဆုံးခန်းတိုင်အောင် ဆောင်ရွက်နိုင်သောကြောင့် (ဇရစင် ဇရစစ်နှင့် တူ၏) ဤတရား ၂ ပါးသည် လောဘ ကိလေသာနှင့် ဆန့်ကျင်ဘက်ဖြစ်၏

ပါဂုညတာ—စေတသိက် အပေါင်း၏၊ အမှုကိစ္စဥ္စ အလေ့အလာများ၍ လိမ်မာကျွမ်းကျင်သော သဘောသည်၊ကာယပါဂုညတာမည်၏၊ သောဘဏစိတ်များ၏ အမှုကိစ္စဥ္စလိမ်မာမှုသည်၊စိတ္တ ပါဂုညတာမည်၏ ဤတရား ၂ ပါးကင်းမဲ့သူသည် တောမျောက်ကို ရေနက်မှာ ပစ်ချသကဲ့သို့ မကျွမ်းကျင်ဘဲ ရိုင်းစိုင်းနေတတ်၏။

ဤတရား ၂ ပါးရှိသူများသည် ကုသိုလ်ရေးဥစ္စာလိမ်မာ၍မိကျောင်းကို ရေချောင်းထဲပစ်ချသကဲ့သို့ ကျွမ်းကျင်ပြုပြင်တတ်၏၊ ဤတရား ၂ ပါးသည် အသင်္ခယ (မကြည်ညိုဝန်တို) မှနှင့် ဆန့်ကျင်ဘက်ဖြစ်၏။

ဥဇုကတာ ၂ ပါး—ဇစတသိက်အပေါင်း၏ အမှုကိစ္စ၌ တဖြောင့်တည်း တသမတ်တည်း ဖြစ်သော သဘောသည် ကာယုဇုကတာမည်၏။ သောဘကစိတ်များ၏ အမှုကိစ္စ၌ တဖြောင့်တည်း ဖြစ်မှုသည် စိတ္တုဇုကတာ မည်၏။ ဤတရား ၂ ပါးကင်းဝေ့နေသူများသည်။ အရက်သမားလမ်းရောက်သွားသကဲ့သို့ ကွေးကွေး ကောက်ကောက်နှင့် လမ်းမဖြောင့်ဘဲ ရှိလှချေ၏။ ဤတရား ၂ ပါးရှိသူများသည် လိမ်မာသော လေးသမား၏ ပစ်အပ်သောမြားကဲ့သို့ ကုသိုလ်ရေးဥ ဖြောင့်မတ်၍ မကွေးမကောက်သော မြားနှင့်တူ၏။ ဤတရား ၂ ပါးသည် ကိုယ်စိတ်များကို ကောက်ကျွေစည်းလဲတတ်သော မာယာ သာထေယျတို့၏။ ဆန့်ကျင်ဘက်ဖြစ်၏။

မာယာကား မိမိအပြစ်ဖုံး၍ မရှိလေဟန်ဖြင့် လှည့်ပတ်တတ်၏။ သာထေယျကား မိမိ၌ မရှိသည်ကို ရှိလေဟန်ဖြင့် စည်းလဲကောက်ကျွေ့တတ်၏။ ဤအရာ၌ သောဘက စိတ်အား လုံးသည် (စိတ္တ) မည်၏။

ၛင်းနှင့်ယှဉ်ခိုက် အညသမာန်းနှင့် သောဘကစေတသိက်အပေါင်းသည် (ကာယ) မည်၏။ ကျန်အကုသိုလ်စေတသိက် အပေါင်းနှင့် အသောဘကစ်တ်များကို (ကာယနှင့် စိတ္တ) ဟု မမှတ်သားနဲ့။

သောဘကသာဓါရဏစေတသိက်
မှတ်ချက်ပြီး၏။

—oOo—

[မှတ်ချက်] ဝိရတိ— ဒုစရိုက်-ဒုရာဇီဝများကို ရှောင်ကြဉ်မှုသည် ဝိရတိမည်၏။ ကာယကံ ၃ ပါးနှင့် ဝစီကံ ၄ ပါး ဤ ၇ ပါးလုံးသည် ဒုစရိုက်မည်၏။ ဒုစရိုက် ၇ ပါးလုံးသည် အသက်မွေးဝမ်းရေးနှင့်စပ်လျဉ်မကောင်းသောအသက်မွေးမှု (ဒုရာဇီဝ) မည်၏။ (မတရားအသက်မွေးနည်းကိုဆိုလိုသည်)။

ရဟန်းတော်များမှာ ပစ္စည်းလေးပါးရရှိမှု မကောင်းအောင် ပြုနေကြသော (ကုသဒူသန အနေသန) မိစ္ဆာဇီဝတို့သည်း၊ ဒုရာဇီဝပင်ဖြစ်၏။ အသက်မွေးဝမ်းရေးနှင့်မစပ်ပဲ မုန်း၍-စိတ်ဆိုး၍ ဒုစရိုက်များပြုမှုကား၊ ဒုရာဇီဝမဖြစ်နိုင်ချေ။

သမ္မာဝါစာ– ကောင်းသောစကားကိုပြောဆိုခြင်းသည် သမ္မာဝါစာမည်၏၊ အသက်မွေးကိုမငဲ့ပဲ ပါဏာတိပါတမှု စသည်ကုံပြုရာ၌ ယခုဘဝမှာ မကောင်းသင်းဖြစ်ရခြင်း။ နောင်တမလွန်ဘဝမှာ အပါယ်ဘေးဒုက္ခနှင့် တွေ့ကြုံရခြင်းစသော ဗဟိဒ္ဓဘေးရန်ကိုငဲ့၍ ဝစီဒုစရိုက် ၄ ပါး (မိစ္ဆာဝါစာ)မှ ရှောင်ကြဉ်သောအားဖြင့် ဝစီကံ ၄ ပါး၏ စင်ကြယ်မှု (သမ္မာဝါစာ) ကိုဝစီသုစရိုက် ၄ ပါးဟုခေါ်ဆိုရ၏။ ဤဝစီကံ ၄ ပါးကို ကောင်းမွန်စွာ ပြောဆိုနေသည်ဖြစ်စေ၊ မပြောဆိုပဲ နေသည်ဖြစ်စေ၊ သီလခံ အဓိဋ္ဌာန်ဆောက်တည်ပြီး နောက် (မိစ္ဆာဝါစာ) မှ ရှောင်ကြဉ်နေခြင်းသည် သမ္မာဝါစာမည်လေတော့၏။ လေးဋ္ဌာန ဒုစိုက် နှုတ်မှမိမမြွက်ဟအသက်ကိုမှမညှာ တဘဝတွက်တာ ရှောင်လွှဲ၍ အားခဲနေမှုကို သမ္မာဝါစာဟုဆိုသည်။

သမ္မာကမ္မန္တ– ကောင်းသော လုပ်ငန်းကို လုပ်ကိုင်နေခြင်းသည် သမ္မာကမ္မန္တမည်၏။ အသက်မွေးကိုမငဲ့ပဲ အပါယဒုက္ခဗဟိဒ္ဓကို အာရုံပြု၍ ကာယကံ ၃ ပါး (မိစ္ဆာမကမ္မန္တ) မှ ရှောင်ကြဉ်သောအားဖြင့် ကာယကံ ၃ ပါး၏စင်ကြယ်မှု (သမ္မာကမ္မန္တ)ကို ကာယသုစရိုက် ၃ပါး ဟုခေါ်ဆိုရ၏။

သူတပါးအသက်ကို မပျက်ပယ်ထား
ပယောဂခြောက်ပါး

ခိုးခြင်းအပြား နှစ်ဆဲ့ငါးနှင့် မိန်းမနှစ်ကျိပ် ပျော်ကြောင်းသိပ်လည်း မအိပ်လေရာ သူ့ကြင်ရာမှ ဝေးစွာရှောင်ကြဉ်မှုကို သမ္မာကမ္မန္တဟုဆိုသည်။

ဤစေတသိက် ၂ ပါးလုံးသည် ဗဟိဒ္ဓ ဘေးရန်ကိုင့်၍ အစ္ဆတ္တကို မငဲ့ပဲ ဒုစရိုက် ၇ ပါးမှရှောင့်ကြဉ်၏။ (အသက်မွေးဝမ်းရေးနှင့် ဘာတာခုမှ မဆက်သွယ်ရ)

သမ္မာအာဇီဝ– မိမိ၏စားရေး-သောက်ရေး အသက်မွေး ဝမ်းရေးစင်ကြယ်မှု(အာဇီဝဟေတု)ကိုငဲ့၍ ဒုစရိုက် ၇ ပါး(မိစ္ဆာဇီဝ)မှရှောင်ကြဉ်လျှင် သမ္မာအာဇီဝပင်ဖြစ်၏။ (အသက်မွေးနှင့်ဆက်သွယ်ရ၏)

ကာယကံသုံး၊ ဝစီကံလေးမထွေးစေရ၊ တံငါ ဖလောင်း ဝက်ရောင်းသားတိုး မုဆိုး မယားခိုး စသည်မှ ရှောင်ကြဉ်မှုကို သမ္မာအာဇီဝဟုဆိုသည်။

၁၇–အသက်မွေးငဲ့မငဲ့အထူး

သမ္မာအာဇီဝသည် မိမိအစ္ဆတ္တကိုအာရုံပြု၍ ရှောင်ကြဉ်၏၊ သမ္မာဝါစာ သမ္မာအာဇီဝ ၂ ပါးသည် ဗဟိဒ္ဓကို အာရုံပြု၍ ရှောင်ကြဉ်၏။ ငါသည် သူတပါးအသက်စသည်ကို သတ်ဖြတ်၍ မစား-မသောက် တော့ပြီဟု အသက်မွေးဝမ်းရေးနှင့်စပ်သော (အာဇီဝဟေတု)ကိုငဲ့၍ ဒုစရိုက် ၇ ပါး (မိစ္ဆာဇီဝ)မှ ရှောင်ကြဉ်လျှင် သမ္မာဇီဝဖြစ်၏။

(အဆိတ်သီးကိုသေမည်စိုး၍မစားဝံ့သူနှင့်တူ၏)

သူ့အသက် သတ်ဖြတ်ခြင်းစသော မကောင်းမှုကိုပြုရာ၌ ယခုဘဝမှာလည်း မကောင်းသတင်းဖြစ်ရခြင်း နောင်ဘဝမှာလည်း အပါယ်ဘေးနှင့် တွေ့ကြုံရခြင်းစသော ဗဟိဒ္ဓ အပြစ်ခံရမည်၊ ဘေရန်ကိုငဲ့၍၊ ဒုစရိုက် ၇ ပါးမှ ရှောင်ကြဉ်လျှင် သမ္မာဝါစာ သမ္မာကမ္မန္တ ၂ ပါး ဖြစ်၏။ သမ္မာအာဇီဝ၏ ရှောင်ကြဉ်ရာ သီးခြားမှလာ ဒုစရိုက် ၇ ပါးငဲ့မငဲ့သာပြားလာ၏။

၁၈–ဝိရတိအပြား ၉ ပါး

သမာဒါနဝိရတိ ၃ သမ္ပတ္တဝိရတိ ၃ သမုစ္ဆေဒဝိရတိ ၃ ပေါင်း ၉ ပါး။

၁။ ငါသည် သူတပါးအသက်ကို မသတ်တော့ပါ ပါဏာတိ ပါတာဝေရမဏိ ဟု နှုတ်ဝစီကမ္မဖြင့်ဟ၍ဆင်း၊ စိတ်ထဲက အဓိဋ္ဌာန်၍ဆင်း၊

ရောင်ကြည်ခြင်းသည် သမာဒါန ဝိရတိမည်၏။(ပန်နှင့် နာကာလ ၂ ပါး ကိုအာရုံပြု၏)

၂။ ရှေးဦးစွာသိက္ခာပုဒ်ကိုမခံယူ မဆောက်တည်သေးခင် ရောက်ဆဲ ဘုံပင် ရောင်ကြည်ခြင်းသည် သမ္မတ္တဝိရတ်မည်၏။ (ပန်ကာလ ၁ ပါး ကိုသာ အာရုံပြု၏)

၃။ မင်းဖြင့် ဒုစရိုက်ကို အမြဲစပြတ်အောင် ပယ်သတ်၍ ဝိရမိတဗ္ဗ ဝတ္ထု၊မှရောင်ကြည်ခြင်းသည် သမုစ္ဆေဒဝိရတိမည်၏။(ပန်နှင့် နာ ကာလ ၂ ပါးကို အာရုံပြု၏)ရှေ ၂ ပါးက လောကီ ဝိရတိ၊နောက်ဆုံးတပါးက လောကုတ္တရာ ဝိရတိ တည်း။ ဤဘို့အားဖြင့် ဝိရတိ တပါးလျှင် သမာန သမ္မတ္တ သမုစ္ဆေဒ ၃ မျိုးစီရှိ၍၊ ဝိရတိ အပြား ၉ ပါး ပြား၏။

[ဆောင်] သမာဒါန၊ သမ္မတ္တ၊ ဆေဒ၊ သုံးသုံးလိ။

၁၉-ဝိရတိနှင့်စပ်ရာ အမျိုးအမည်များ၊

ဝိတိက္ကမ် အစ၌	သူ့အသက်စသော၊	လွန်ကြူးစရာ အစာရုံများ။
ဝိတိက္ကမ၊	လွန်ကြူးကြောင်း	ဒုစရိုက်မှုများ။
ဝိရမိ တဗ္ဗ၊	ရှောင်ကြဉ်စရာ	ဒုစရိုက်တရား။
ဝိရတိ၊	ရှောင်ကြဉ်ကြောင်း	စေတနာများ။

လွန်ကြူးစရာ သူ့အသက်စသော ဝိတိက္ကမိ တဗ္ဗကို အာရုံပြု၍၊ ရှောင်ကြဉ်စရာ ဝိရမိတဗ္ဗ ဒုစရိုက်မှုမှ ရှောင်ကြဉ်ကြောင်း ဝိရတိက ရှောင်ကြည်ခဲ့၏၊ (ဝိတိက္ကမိ တဗ္ဗဝတ္ထု၊ နှင့် ဝိရမိ တဗ္ဗဝတ္ထု၊ ဤ ၂ ခုကို ဝိရမိဘဗ္ဗ ဟု ဆိုကြသေး၏)

၂၀-သမ္မာဝါစာအပြား ၃ ပါး

ကထာ၊ သမ္မာဝါစာ၊ စေတနာ၊ သမ္မာဝါစ၊ ဝိရတိ၊ သမ္မာဝါစာ ပေါင်း ၃ ပ ။

အပြစ်ကင်းအပ် ကောင်းမြတ်သော စကားသည် ကထာ သမ္မာဝါစာ မည်၏။

ကောင်းသောစကားကို ပြောဆိုကြောင်း စေတနာသည် စေတနာသမ္မာဝါစာ မည်၏။

ဝစီဒုစရိုက် ၄ ပါးမှ ရှောင်ကြည်ခြင်းသည် ဝိရတိ သမ္မာဝါစာ မည်၏။

(ဤအရာမှာ ဝိရတိ သမ္မာဝါစာသာ အသက်မွေးနှင့် မဆက်သွယ်ရ)

၂၁–သမ္မာကမ္မန္တအပြား ၃ ပါး

ကြိယာ သမ္မာကမ္မန္တ၊ စေတနာ သမ္မာကမ္မန္တ၊ ဝိရတိ သမ္မာကမ္မန္တ ပေါင်း ၃ ပါး။

၁။ အပြစ်ကင်းသော ကိုယ်လှုပ်ရှားရာ အမှုအရာသည် ကြိယာသမ္မာ ကမ္မန္တ မည်၏။

၂။ အပြစ်မဟု ကိုယ်အမှုအရာကို ဖြစ်ကြောင်း စေတနာသည်။ စေတနာ သမ္မာ ကမ္မန္တမည်၏။

၃။ ကာယဒုစရိုက် ၃ ပါးမှ ရှောင်ကြည်ခြင်းသည် ဝိရတိ သမ္မာကမ္မန္တ မည်၏။

(ဤအရာမှာ ဝိရတိသမ္မာကမ္မန္တသာ အသက်မွေးနှင့် မဆက်သွယ်ရ)

၂၂–သမ္မာအာဇီဝအပြား ၂ ပါး

ဝိရိယ သမ္မာအာဇီဝ နှင့် ဝိရတိ သမ္မာအာဇီဝ–ပေါင်း ၂ ပါး။

၁။ အပြစ်ကင်းသော ကောင်းသော တောင်သူ လယ်သမား ကောင်းသောကုန်သွယ်ခြင်းအားဖြင့် အသက်မွေး ဝမ်းရေးသည်၊ ဝိရိယ သမ္မာအာဇီဝမည်၏။

၂။ အသက်မွေးဝမ်းရေးကိုငဲ့၍ ဒုစရိုက် ၇ ပါးမှ ခံယူဆောက်တည် ပြီးရှောင်ကြည်ခြင်းသည် ဝိရတိ သမ္မာအာဇီဝ မည်၏။

ဤအရာမှာ ဝိရတိသမ္မာအာဇီဝသာ အသက်မွေးဝမ်းရေးနှင့် ဆက်သွယ်ရ၏။

ဝိရတိစေတသိက်မှတ်ချက်ပြီး၏။

[မှတ်ချက်] ကရဏာ–ဒုက္ခရောက်နေသော ဒုက္ခိတ သတ္တဝါများကို တွေ့မြင်ရလျှင် သနားကျင်နာသော သဘောသည် ကရဏာ မည်၏။ ဆင်းရဲဒုက္ခကိုပယ်၍ ကယ်ဆယ်လိုမှုကို ကရဏာ ဟု ဆိုရ၏၊ (ကရဏာသည် အမြဲနှင့် တူ၏)

မုဒိတာ=ဥစ္စာစည်းစိမ် ဂုဏ်သိရိနှင့်ပြည့်စုံနေသော သုခိတ သတ္တဝါများကို တွေ့မြင်ရလျှင် ဝမ်းမြောက်ဝမ်းသာဖြစ်လာသော သဘောသည် မုဒိတာမည်၏။ ပစ္စည်းဂုဏ်သတင်း အရွယ်အဆင်းနှင့် ပြည့်စုံနေသော သူကို တွေ့မြင်ရလျှင် လ,ဝန်းကို မြင်နေရသော ကလေးသူငယ်ကဲ့သို့ ၎င်း၊ ရေနှင့်တွေ့ရသောကြာကဲ့သို့ဌင်း၊ ဝမ်းသာရွှင်လန်းနေမှုကို မုဒိတာ ဟု ဆိုရ၏။ စည်းစိမ် ချမ်းသာ ဟုက်စီးမှု ပြည့်စုံမှုများသည် သတ္တဝါ ပညတ်ဟုတ် ငါ,သူတပါး ယောကျ်ားမိန်းမ လူစသော အသုံးအနှုံးများသာ သတ္တဝါပညတ်ဖြစ်၏။

ဤကရုဏာမုဒိတာ ၂ ပါးသည်ဗဟိဒ္ဓ သတ္တဝါပညတ်ကိုသာ အာရုံပြု၏၊ မိမိနှင့်ဆက်သွယ်ခြင်းမကင်းသော ဆရာ မိဘ သား သို့မဟုတ် ချွေရုံသင်းပင်း သူငယ်ချင်းများ အပေါ်၌၊ သနားကျင်နာခြင်း ဝမ်းမြောက်ဝမ်းသာဖြစ်ခြင်းများမှာ (သောကနှင့် လောဘ) အရင်းခံသော ကရုဏာနှင့် မုဒိတာ အတုအရောင်များသာ (ဖြစ်လွယ်ကြ၏) အပွမညာခေါ်သော ဗြဟ္မဝိဟာရကား (အလွန်ဖြစ်ခဲလှ၏) ကမ္မဋ္ဌာန်းပိုင်း၌ ဤအပွမညာ ၄ ပါးကို ဗြဟ္မဝိဟာရ ၄ ပါး အမည်ဖြင့် အသုံးပြုလိမ့်မည်။ ဤဗြဟ္မဝိဟာရ ၄ ပါး၌ အဒေါသဖြင့် မေတ္တာကို တကြမ်းဖွဲ့တွတာဖြင့် ဥပေက္ခာ ဗြဟ္မဝိဟာရကို သွင်းယူပြဆိုလိမ့်မည်။

အပွမညာစေတသိက်မှတ်ချက်ပြီး၏။

——oOo——

ပညိန္ဒြေ=အထူးထူး အပြားပြားသိတတ် အစိုးတရ ဖြစ်တတ်သော သဘောသည် ပညိန္ဒြေ မည်၏။ ပညာအပြားအားဖြင့် သိခြင်း၌ ဣန္ဒြေယ အစိုးရခြင်းသည် ပညိန္ဒြေ မည်၏။ အပြားအားဖြင့်သိ၍ အစိုးရခြင်းကို ပညိန္ဒြေ ဟု ဆိုရ၏။

အဝိဇ္ဇာမောဟ၏ ဆန့်ကျင်ဘက်ဖြစ်၍ ဝိဇ္ဇာအမောဟ ညာဏ်ပညာ ဟု အသီးသီးခေါ်ဆိုရ၏။ စီးပွါးရေးလောကဥစ္စာ လူပါးလူနပ်များသည် လိမ်လည်ကောက်ကျစ် စဉ်းလဲလှည့်ပတ်မှုတို့ဥစ္စာ လက်သုံးဖြုလျက် ညာဏ်နိ ညာဏ်နက် ကလိန်စိ ညာဏ်တက် ပလိစိ ခြောက် ချက်များသည် (လောဘ မောဟ ဒိဋ္ဌိ ဝိတက္က ဝိစာရ စိတ္တ)ဤအကောက်ညာဏ်ခြောက် ပါးသာ ဖြစ်ကြ၍ ပညာကဲ့သို့ လိမ်မာပါးနပ် လှည့်ပတ်တတ်သောကြောင့် ပညာရောင် ပညာတုများသာ ဖြစ်လာ၏။ (ပညာစစ်က ခဲရင်းလှ၏)

၎သောဘဏစေတသိက်–သဒ္ဓါအစ ပညိန္ဒြေအဆုံး ဤ ၂၅ ပါး လုံးသည် ဒုပ္ပစ်ကင်း၍ကောင်းပြတ်ခြင်းကြောင့် တင့်တယ်သော သောဘဏ စေတသိက် အမည်ရ၏။

ပညာစေတသိက်မှတ်ချက်ပြီး၏။

(နှုတ်တတ်မကျက်ရ)

သောဘဏစေတသိက်မှတ်ချက်ပြီး၏။

——-oOo——

၂၃-စေတသိက် ၅၂

အညသမာန်း စေတသိက်		၁၃
အကုသိုလ် စေတသိက်		၁၄
သောဘဏ စေတသိက်	၂၅ ပေါင်း	၂၅

၂၄-သာဓာရဏစေတသိက် ၃၀

သပ္ပစိတ္တ သာဓာရဏ စေတသိက်		၇
အကုသလ သာဓာရဏ စေတသိက်		၄
သောဘဏ သာဓာရဏ စေတသိက်	၁၉ ပေါင်း	၃၀

မိမိဆိုင်ရာ စိတ်တိုင်းနှင့်ယှဉ်မှုသည် သာဓာရဏ စေတသိက်စုမည်၏။

၂၅-အသာဓာရဏစေတသိက် ၂၂

ပကိဏ်းစေတသိက် ၆
ဟျန် အကုသိုလ် စေတသိက် ၁၀
ကျန် သောဘဏ စေတသိက် ၆ ပေါင်း ၂၂

မိမိဆိုင်ရာ စိတ်တိုင်းနှင့် မယှဉ်မှုသည် အသာဓာရဏ စေတသိက်စုမည်၏။

၂၆-နိယတယောဂိစေတသိက် ၄၁

အနိယတယောဂိချန်၍ ကျန် (၄၁) သည် နိယတယောဂိစေတသိက်ဖြစ်၏။ မိမိယှဉ်ရာစိတ်၌ အမြဲယှဉ်မှကြောင့် နိယတယောဂိစေတသိက်စုမည်၏။

၂၇-အနိယတယောဂိစေတသိက် ၁၁

ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စ၊ သမ္မာဝါစာ။ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ ကရုဏာ၊ မုဒိတာ၊ မာန၊ ထိန်း၊ မိဒ္ဓ=၁၁။

မိမိယှဉ်ရာစိတ်၌ မမြဲယှဉ်မှကြောင့် အနိယတယောဂိ စေတသိက်စုမည်၏။

[ဆောင်] မာဇ္ဈသ်မစ်ကု။ ထိမိဒ်စု။ သုံးခုဝိရတိ။ နှစ်ပမညာ။ ဆယ့်တဖြာ။ ရဲခါယှဉ်ကြဘိ။ အာရုံ မတူ။ ကွဲကြမူ။ အတူ မဖြစ်သိ။

ဤ ၁၁ လုံးသည် တရဲတခါသာယှဉ်၏ အာရုံကွဲ၍ တွဲမယှဉ်ဝဲ တလုံးစီသာယှဉ်၏။

နိယတယောဂိ စေတသိက်	၄၁		
အနိယတယောဂိ စေတသိက်	၁၁	ပေါင်း	၅၂
နာနာကဒါစိ စေတသိက်	၈		
ကဒါစိ မာန စေတသိက်	၁		
သဟကဒါစိ ထိန မိဒ္ဓ စေတသိက်	၂	ပေါင်း	၁၁

စေတသိက် ၂၅ လုံးပြီး၏။

(နောက်တက်အရာကျက်)

၂၀-သမ္မယောဂအာကျဉ်းခေါင်းစဉ် ၄ နည်း

သမ္မစိတ္တ သာဓါရဏာ ၇ လုံးသည် စိတ်အားလုံး၌၊
ယှဉ်၏။
ပကိဏ်းစေတသိက် ၆ လုံးသည် စိတ်အားလုံး၌၊
သင့်သလိုယှဉ်၏။
အကုသိုလ်စေတသိက် ၁၄ လုံးသည် အကုသိုလ်စိတ်၊
အားလုံး၌ သင့်သလိုယှဉ်၏။
သောဘဏစေတသိက် ၂၅ လုံးသည် သောဘဏစိတ်
အားလုံး၌ သင့်သလိုယှဉ်၏။
သမ္မယောဂနည်း—ဤစေတသိက်သည်၊ ဤမျှသောစိတ်စုနှင့် ယှဉ်၏
ဟူ စိတ်အရေအတွက်ကို ပြုခြင်းသည်၊ သမ္မယောဂနည်း မည်၏။

၂၉—သမ္မစိတ္တသာဓာရဏသမ္မယောဂ ၁ နည်း

သမ္မစိတ္တသာဓာရဏစေတသိက် ၇ လုံးသည် စိတ်အကျဉ်း (၇၉)
အကျယ် (၁၂၁) ပါးလုံးနှင့် ယှဉ်၏။ ဖဿသည် စိတ်အကျဉ်း (၇၉)
အကျယ် (၁၂၁) ပါးလုံးနှင့် ယှဉ်၏။ (၀၀ သည် စေ ဇ ဓိ မ ဤ ၆ ခုကို
ဖဿနှင့် အတူဆို)

[ဆောင်] သမ္မစိတ္တေ၊ ခုနှစ်တွေ့၊ ယှဉ်လေ၊ စိတ်အားလုံး။

၃၀-ပကိဏ်းစေတသိက်သမ္မယောဂ ၆ နည်း

ဝိတက်ယှဉ် ၅၅ ကြဉ် ၆၆=၁၂၁

ဒွေး ပဉ္စဝိညာဉ် ၁၀ ကြဉ် ကာမစိတ် ၄၄+ ပ ဈာန်စိတ် ၁၁ ပေါင်း
၅၅ ပါးသောစိတ်နှင့် ဝိတက်ယှဉ်၏။

ဒွေး ပဉ္စဝိညာဉ် ၁၀ + ဒုဈာန် ၁၁ + တ ဈာန် ၁၁ + စ ဈာန် ၁၁ +
မ ဈာန် ၂၁ ပေါင်း ၆၆ ပါးသောစိတ်နှင့် ဝိတက်မယှဉ်။

[ဆောင်] ပဋ္ဌဝိညာဏ်၊ ကြွင်္ဂတုံပြန်၊ ကာဉ္စနလေးဆယ့်လေး၊ လေးဆယ့်လေးတန်၊ ကာမကျန်ဝယ်၊ ပ စျန်ဆယ့်တစ်၊ လောင်းတုံလစ်၊ တက်ဖြစ် ပဉ္စေးစေး။ (၅၅)

ဝိစာရယှဉ် ၆၆ ကြဉ် ၅၅=၁၂၁

ဒွေး ပဋ္ဌဝိညာဉ် ၁၀ ကြဉ် ကာမစိတ် ၄၄+ ပ စျန် ၁၁ ဒု စျန်စိတ် ၁၁ ပေါင်း ၆၆ ပါးသောစိတ်နှင့် ဝိစာရယှဉ်၏။

ဒွေး ပဋ္ဌဝိညာဉ် ၁၀+ တ စျန် ၁၁ စ စျန် ၁၁+ မ စျန် ၂၃ ပေါင်း ၅၅ ပါးသောစိတ်နှင့် ဝိစာရမယှဉ်၊

[ဆောင်] ငါးဆယ့်ငါးတန်၊ တက်ဖြစ်ရန်ဝယ်၊ ဒု စျန်ဆယ့်တစ်၊ လောင်းတုံလစ်၊ စာဖြစ် ဆ ဆ ဒွေး။ (၆၆)

အဓိမောက္ခယှဉ် ၇၀ ကြဉ် ၁၁=၈၉

ဒွေး ပဋ္ဌဝိညာဉ် ၁၀ ဝိစိကိစ္ဆာချန်၍ ကျန် ၇၀ ပါးသောစိတ်နှင့်၊ အဓိမောက္ခယှဉ်၏။

ဒွေး ပဋ္ဌဝိညာဉ် ၁၁+ ဝိစိကိစ္ဆာ ၁ ပေါင်း ၁၁ ပါးသောစိတ်နှင့် အဓိမေက္ခမယှဉ်။

[ဆောင်] ပဋ္ဌဝိညာဉ်၊ ဝိစိကြဉ်၊ မိယှဉ်သုဉ်ကော်ဓ။ (၁၁၀)

ဝိရိယယှဉ် ၇၃ + ကြဉ် ၁၆=၈၉

ဒွေး ပဋ္ဌဝိညာဉ် ၁၀+ ပဋ္ဌဒ္ဓါရာဝဇ္ဇန်း ၁+ သမ္ပဋိစ္ဆိုင်း ၂+ သန္တီရဏ ၃= ၅၌ ၁၆ ပါးချန်၍ ကျန် ၇၃ ပါးသောစိတ်နှင့် ဝိရိယ ယှဉ်၏။

ဒွေး ပဋ္ဌဝိညာဉ် ၁၀+ ပဋ္ဌဒ္ဓါရာဝဇ္ဇန်း ၁+ သမ္ပဋိစ္ဆိုင်း ၂+ သန္တီရဏ ၃ ပေါင်း ၁၆ ပါးစိတ်နှင့် ဝိရိယမယှဉ်။

[ဆောင်] ပဋ္ဌဝိညာဉ်၊ သံသန်ပဉ်၊ ကြဉ် ဝိ ဗျဉ်း သုဉ်ဓ။ (၁၀၅)

ဝိတိယှဉ် ၅၁ ကြဉ် ၇၀=၁၂၁

လောဘမူ	သောမနဿ	သဟဂတ်စိတ်	၄
အဟိတ်	သောမနဿ	သဟဂတ်စိတ်	၂

မဟာကုသိုလ် သောမနဿ သဟဂုတ်စိတ် ၄
မဟာဝိပါက် သောမနဿ သဟဂုတ်စိတ် ၄
မဟာကြိယာ သောမနဿ သဟဂုတ်စိတ် ၄
ပ ဈာန် ၁၁ ဒု ဈာန် ၁၁ တ ဈာန်စိတ် ၁၁=၃၃
ပေါင်း ၅၁ ပါးသောစိတ်နှင့် ပီတိ ယှဉ်၏။

ဒေါသမူ ၂+ ဥပေက္ခာသဟဂုတ် ၅၅+ ကာယဝိညာဉ် ၂+ ဈာန်စိတ် ၁၁–ပေါင်း ၇၀ သောစိတ်နှင့် ပီတိ မယှဉ်။

[ဆောင်] စ ဈာန်ကြဉ်ပစ်၊ သောကုံစစ်၊ပီဖြစ်ပဉ္စ။(၅၁)
ဆန္ဒ ယှဉ် ၆၉+ ကြဉ် ၂၀= ၈၉

ဓလောဘမူ ၈ ဒေါသမူ ၂ သောဘဏစိတ်အကျဉ်း ၅၉–ပေါင်း ၆၉ ပါးသောစိတ်နှင့် ဆန္ဒယှဉ်၏။

ဓမောဟမူ ၂ အဟိတ်စိတ် ၁၀–ပေါင်း ၂၀ သောစိတ်နှင့် ဆန္ဒ မယှဉ်။

[ဆောင်] မောမူ အဟိတ်၊ စိတ်နှစ်ဆယ်ပစ်၊
ကျန်အစစ်၊ ဆန်ဖြစ်သည်။(၁၀၁)

၃၁-အညသမာန်းစေတသိက် ယှဉ်,ကြဉ် အရဆို

သဗ္ဗစိတ္တာနှင့် ယှဉ်သောစိတ် ၈၉ ၁၂၁+
မယှဉ်သောစိတ် မရှိ–၈၉ ၁၂၁။
ဖဿနှင့် ယှဉ်သောစိတ် ၈၉ ၁၂၁+
မယှဉ်သောစိတ် မရှိ–၈၉ ၁၂၁။
(၀၀ သည် စေ ဧ ဇိ မ ဤ ၆ ခုကို ဖဿနှင့် အတူဆို)

ဇိတက်နှင့် ယှဉ်သောစိတ် ၅၅+မယှဉ်သောစိတ် ၆၆ ပေါင်း ၁၂၁
ဝိစာရနှင့် ယှဉ်သောစိတ် ၆၆+မယှဉ်သောစိတ် ၅၅ ပေါင်း ၁၂၁

အဓိမောက္ခနှင့်ယှဉ်သောစိတ်	၇၀+မယှဉ်သောစိတ်	၁၁	ပေါင်း	၈၉
ဝီရိယနှင့်	ယှဉ်သောစိတ်	၇၃+မယှဉ်သောစိတ်	၁၆	ပေါင်း ၈၉
ဒိဋ္ဌိနှင့်	ယှဉ်သောစိတ်	၅၁+မယှဉ်သောစိတ်	၇၀	ပေါင်း ၁၂၁
ဆန္ဒနှင့်	ယှဉ်သောစိတ်	၆၉+မယှဉ်သောစိတ်	၂၀	ပေါင်း ၈၉

[မှတ်ချက်] ဝိတက် ဝိစာရ ဒိဋ္ဌိ ၃ လုံးသည် စျာန်အင်္ဂါစေတသိက်များဖြစ်၍ စိတ်အားကျယ် ၁၂၁ ပါးဟု ယှဉ်၏။ အဓိမောက္ခ ဝီရိယ ဆန္ဒ ၃ လုံးသည် စျာန်အင်္ဂါ စေတသိက်များ မဟုတ်ကြ၍ စိတ်အကျဉ်း ၈၉ ပါဟု သာယှဉ်၏။ အကယ်၍ အားကျယ်ယှဉ်ကို ရေတွက်လိုလျှင် လောကုတ္တရာစိတ်အကျယ် ၈ ပါးကို အကျယ် ၄၀ ပွားး၍ အဓိမောက္ခအကျယ် (၁၁၀) ဝီရိယအကျယ်(၁၀၅) ဆန္ဒ အကျယ် (၁၀၁) ဖြစ်၏။

[ဧဆေင်] ဒိမောက်ရာဆယ်၊ ဝီရိဝယ်၊ မှတ်ဘွယ်တရာ့ငါး၊
တရာ့တစ်ဆန်၊ ဤသုံးတန်၊ မကျန်ကျဉ်းကျယ်ထား။

၃၂-အညသမာနသမ္မယောဂ ၇ နည်း

သမ္ဗစိတ္တ သာဓါရဏစေတသိက် ၇ လုံးဌ သမ္မယောဂ ၁ နည်း။
ပကိဏ်း စေတသိက် ၆ လုံးဌ သမ္မယောဂ ၆ နည်း။
စေတသိက် ပေါင်း ၁၃ သမ္မယောဂ ပေါင်း ၇

အညသမာန်၊ သမ္မယောဂ ၇ နည်း ပြီး၏။

(နှုတ်တက်အရကျက်)

———oOo———

[မှတ်ချက်] တွေ့ထိခြင်း မှတ်သားခြင်း စသည်ရှိမှသာ စိတ်ဖြစ်ပေါ်လာ၍ ဖဿစသော သမ္ဗစိတ္တ သဓါရဏ စေတသိက် ၇ လုံးသည် စိတ်တိုင်းနှင့် ယှဉ်၏။

အင်အားနည်းပါး၍ ဒွေးပဉ္စဝိညာဉ် ၁၀ ဌ ပကိဏ်း စေတသိက် ၆ လုံး မယှဉ်နိုင်။

ဘာဝနာအစွမ်းဖြင့် ဝိစာရကိုပယ်၍ တစျာန် စ စျာန် မ စျာန်များဌ ဝိစာရ မယှဉ်နိုင်။

ဘာဝနာအစွမ်းဖြင့် ဒိတိကိုပယ်၍ စ ဈာန် မဈာန်၌ ဒိတိ မယှဉ်နိုင်ဆန့်ကျင်ဘက်ဖြစ်၍ ဝိစိကိစ္ဆာစိတ်၌ အဓိမောက္ခ မယှဉ်နိုင်။ ဗိုလ်ကိစ္စမတပ်၍ ပဏ္ဍိစ္စာဝဇ္ဇန်းစသော စိတ် ၁၆ ပါး၌ ဝိရိယ မယှဉ်နိုင်။

ဆန့်ကျင်ဘက်ဖြစ်၍ ဒေါသမူဒွေး ဥပေက္ခာ ၅၅ ဒုက္ခ သဟဇာတ် ကာယဝိညာဉ်စိတ်များ၌ ဝိတိမယှဉ်နိုင်။

ကိုယ်ချမ်းသာကိုခံစား၍ သုခသဟဂတ် ကာယဝိညာဉ် စိတ်၌ ဝိတိ မယှဉ်နိုင်။

လိုလားတောင့်တမှုမရှိ၍ မောဟမူနှင့် အဟိတ်စိတ် ၂၀ ၌ ဆန္ဒ မယှဉ်နိုင်။

ဘည်သမာန်၊သမ္ပယောဇနည်းပြီး၏။

(နှုတ်တက်မကျက်ရ)

——o0o——

၃၃-အကုသိုလ်စေတသိက်သမ္ပယောဇဂဏန်း

မောစတုတ် ၄ လုံးသည် အကုသိုလ်စိတ် ၁၂ ပါးလုံးနှင့်ယှဉ်၏။
မောဟသည် အကုသိုလ်စိတ် ၁၂ ပါးလုံးနှင့်ယှဉ်၏။
(ဟိ နောက် ဥဒ္ဓ ၌ ၃ ခုကို မောဟနှင့် အတူဆို)

လောဘသည်	လောဘမူစိတ်	၈ ပါးနှင့် ယှဉ်၏။
ဒိဋ္ဌိသည်	ဒိဋ္ဌိဂတသမ္ပယုတ်စိတ်	၄ ပါးနှင့် ယှဉ်၏။
မာနသည်	ဒိဋ္ဌိဂတ်ပျံယုတ်စိတ်	၄ ပါးနှင့် ယှဉ်၏။
ဒေါစတုတ်	၄ လုံးသည်ဒေါသမူစိတ်	၂ ပါးနှင့် ယှဉ်၏။
ဒေါသသည်	ဒေါသမူစိတ်	၂ ပါးနှင့် ယှဉ်၏။

(ဣဿ မစ္ဆ ကုက် ၌ ၃ ခုကို ဒေါသနှင့် အတူဆို)

ထီနှုက် ၂ လုံးသည် အကုသိုလ် သသင်္ခါရိကစိတ် ၅ ပါးနှင့်ယှဉ်၏။
ဝိစိကိစ္ဆာသည် ဝိစိကိစ္ဆာ သဟဂတ်စိတ်နှင့်သာယှဉ်၏။

[ဆောင်] မောစတုတ်စု၊ ယှဉ်တဲ့မှု၊ အားကုတဆယ့်နှစ်၊
လော,လောဘမူ၊ ဒိဋ္ဌသံယူ၊ မာမူဝိပ်လေးဖြစ်၊
ဒေါစတုတ်မူ၊ ယှဉ်ရာယူ၊ ဒေါမူစိတ်စုံနှစ်၊
ထိမိဒ်သသင်၊ ငါးမှာယှဉ်၊ ဝိစဉ် ၀၀ဖြစ်။

၃၄-အကုသိလ စေတသိက် ယှဉ် ကြဉ်အရဆို

မောစတုက်နှင့် ယှဉ်သောစိတ် ၁၂+မယှဉ်သောစိတ် ၇၇=၈၉
မောဟနှင့် ယှဉ်သောစိတ် ၁၂+မယှဉ်သောစိတ် ၇၇=၈၉
(ဟိ နောက် ဥဒ် ဤ ၃ ခုကို မောဟနှင့် အတူဆို)

လောဘနှင့် ယှဉ်သောစိတ် ၈+မယှဉ်သောစိတ် ၈၁=၈၉
ဒိဋ္ဌိနှင့် ယှဉ်သောစိတ် ၄+မယှဉ်သောစိတ် ၈၅=၈၉
မာနနှင့် ယှဉ်သောစိတ် ၄+မယှဉ်သောစိတ် ၈၅=၈၉
ဒေါစတုက်နှင့် ယှဉ်သောစိတ် ၂+မယှဉ်သောစိတ် ၈၇=၈၉
ဒေါသနှင့် ယှဉ်သောစိတ် ၂+မယှဉ်သောစိတ် ၈၇=၈၉
(ဤသည် ၂စီ ကုက် ဤ ၃ ခုကို ဒေါသနှင့် အတူဆို)

ထိနုက်နှင့် ယှဉ်သောစိတ် ၅+မယှဉ်သောစိတ် ၈၄=၈၉
ဝိစိကိစ္ဆာနှင့် ယှဉ်သောစိတ် ၁+မယှဉ်သောစိတ် ၈၈=၈၉

၃၅-အကုသလ သမ္ပယောဂ ၅ နည်း

၁။ မောစတုက် ၄ လုံးဌ် သမ္ပယောဂ ၁ နည်း။
၂။ လောဘိတ် ၃ လုံးဌ် သမ္ပယောဂ ၁ နည်း။
၃။ ဒေါစတုက် ၄ လုံးဌ် သမ္ပယောဂ ၁ နည်း။
၄။ ထိနုက် ၂ လုံးဌ် သမ္ပယောဂ ၁ နည်း။
၅။ ဝိစိကိစ္ဆာ ၁ လုံးဌ် သမ္ပယောဂ ၁ နည်း။
စေတသိက်ပေါင်း ၁၄ သမ္ပယောဂပေါင်း ၅

အကုသိလသမ္ပယောဂ ၅ နည်းပြီး၏။

(နတ်ဘက်အရကျော်)

[မှတ်ချက်] မောစတုက်-မည်သည် အကုသိုလ်၌မဆို တွေဝေခြင်း အရှက်မရှိခြင်း အကြောက်အလန့်မရှိခြင်း ပျံ့လွင့်နေခြင်းအားဖြင့် မောစတုက် ၄ လုံးနှင့်သာ အရင်းခံရှိလာသောကြောင့် ဤ စေတသိက် ၄ ပါးလုံးသည် အကုသိုလ်တိုင်းယှဉ်ကဲ့ ဖြစ်ကြ၍ အားလုံးသော အကုသိုလ်စိတ်နှင့် ယှဉ်သောကြောင့် သမ္မာကုသလ သာဓါရဏ စေတသိက် အမည်ရ၏။ အပြုန်အားဖြင့် အသိညာဏ်ရှိသူ အရှက်ရှိသူ ကြောက်လန့်သူ တည်ကြည့်သူများ၌ အကုသိုလ်ဖြစ်ဘို့မလို။

လောဘိက်-ဒိဋ္ဌိသည် ခန္ဓာ ၅ ပါး၌ ငါဟုစွဲလမ်းပြီး အပ္ပဟုမှားသော အားဖြင့် သုံးသပ်၏။ မာနသည် ခန္ဓာ ၅ ပါးအပေါ်၌ ငါဟုစွဲလမ်းပြီး ငါသာတတ် ငါသာမြတ်ဟု ထောင်လွှားသောအားဖြင့် ထင်မှတ်၏။ ဤသို့(အမှားနှင့်အကြွား)ဒိဋ္ဌိ မာန ၂ ပါးသည် သဘောထား ကွဲပြားကြ၍ ဒိဋ္ဌိသည် လောဘမူသမ္မယုတ်နှင့် မာနသည် ဝိမ္မယုတ်နှင့် အသီးသီးယှဉ်ကြ၏။ ဒိဋ္ဌိ မာန ၂ ပါးသည် ခေါင်းဆောင်ကြီးများဖြစ်ကြ၍၊ ခြင်္သေ့မင်း ၂ ကောင်တဂူတည်း မအောင်းသကဲ့သို့ ကွဲဘက်၍ အတူတကွမဖြစ်နိုင်ကြပေ ဒိဋ္ဌိ မာန (အမှားနှင့်အကြွား) ၂ ပါးသည် မိဓိကိုယ်ကို ချစ်ခင်မှု လောဘ အရင်းခံရှိသောကြောင့် ဒေါသမူနှင့် မောဟမူ စိတ်များ၌ ဘယ်တော့အခါမှ မယှဉ်ဝဲ လောဘမူစိတ်နှင့်သာ အမြဲယှဉ်ရလေတော့၏။

ဒေါစတုက်=ကြမ်းတမ်းခြင်း ပြုံးစူးခြင်း နောင်တဖန် ပူပန်နေခြင်း အားဖြင့် ဇာသမ္ဘရိယ ကုက္ကုစ္စ ၃ လုံးသည် ဒေါသအရင်းခံရှိသောကြောင့် ဒေါသမူစိတ်၌သာ ယှဉ်သင့်ပါ၏။ ကိုယ့်ပစ္စည်းကို (မပေးလိုဝန်တို)မှု မဆုရိယတခုသည် လောဘအရင်းခံရှိသောကြောင့် လောဘမူစိတ်၌ ယှဉ်သင့်သေ်လည်း ကိုယ့်ပစ္စည်းကို သူတပါးနှင့် ဆက်ဆံရမည်အရေးကြောင့် တွေးပြီး သည်းမခံနိုင်ဝဲ နောင်တဖန် ပူပန်နေမှုသည် ဒေါသအရင်းခံရှိ၍ လောဘမူစိတ်နှင့် အဘယ်အခါမှမယှဉ်ဝဲ ဒေါသမူစိတ်နှင့်သာ အမြဲယှဉ်ရလေတော့၏။

ထိဒုက်=ထိုင်းမှိုင်းမှု ထိန မိဒ္ဓ ၃ လုံးသည် အမှုကိစ္စ၌ မခန့်ပျော့သော သဘောရှိနေ၍ ဆက်မြဲကသော အကုသိုလ် အသင်္ခါရိကစိတ်များ

ဦးမယ်ဥနိုင်။ ဥပမာ၊မကျွန်းမာသူသည် ကျန်းမာနေသူနှင့် အတူတွဲဘက်ခံ၍ တာဝန်ကိစ္စကို မဆောင်ရွက်နိုင်သကဲ့သို့တည်း။

အကုသိုလ်သမ္မယောနည်းမှတ်ချက်ပြု ၏။

(နှုတ်တက်မကျက်ရ)

— ၁၁၀ —

၃၆–သောဘကစေတသိက်
သမ္မယောဂ ၄ နည်း၊

သောဘက သာဓ၊ရက ၁၉ လုံးသည် အားလုံးသော သောဘက စိတ်အကျည်း ၅၉ ဒုကျယ် ၉၁ ပါးနှင့်ယှဉ်၏။

သဒ္ဓါစေတသိက်သည် အားလုံးသော သောဘကစိတ် အကျည်း ၅၉ အကျယ် ၉၁ ပါးနှင့်ယှဉ်၏။

(ကျန်သောဘကသာဓါရက ၁၀ လုံးကို သဒ္ဓါနှင့် အတူဆို)

[ဆောင်] တဆယ့်ကိုးဖြာ၊သောဘကာ၊ယှဉ်ရာကိုးဆယ့်တစ်။

ဝိရတ် စေတသိက် ၃ လုံးသည် အမြဲတပေါင်းတည်း ယှဉ်သော လောကုတ္တရာစိတ် အကျဉ်း ၈၊ တရုံတခါ အသီးသီး တလုံးစီသာ ယှဉ်သော မဟာကုသိုလ်စိတ် ၈ ပေါင်း ၁၆ ပါးသော စိတ်နှင့်ယှဉ်၏။

[ဆောင်] လောကုတ်ရှစ်မှာ၊ ယှဉ်တုံပါ၊ မြဲစွာတပေါင်းတည်း၊
ကာမကုမှာယှဉ်တုံပါ။ ရုံခါအသီးသီး၊ ကာမကုရှစ်၊
လောကုတ်ရှစ်၊ ဖြစ်ရာဝိရတိ၊

သမာနဝါဒ အမွမညာ စေတသိက် ၂ လုံးသည် တရုံတခါ အသီးသီး၊ တလုံးစီသာယှဉ်သော မာဟာကုသိုလ် ၈ မဟာကြိယာ ၈ ရူပပစ္စာန် ၃၊ ဒုစ္စာန် ၃၊ တ စ္စာန် ၃၊ စ စ္စာန်စိတ် ၃–ပေါင်း ၂၀ ပါးသောစိတ်နှင့်ယှဉ်၏။

[ဆောင်] မဟာကြိုကု၊ ပဒုတစ၊ ရူပဆယ်နှစ်၊
နှစ်ဆယ်ရှစ်၊ ဖြစ်လေပမည၁၊ ကိစ္စအာရုံ၊
အခွင့်ကြုံ၊ ဖြစ်တုံသီးသီးသ၁။

ကေစိဝါဒ=အပ္ပမည၁ ကရုဏာ မုဒိတာ ၂ လုံးသည့် တရုံတခါ အသီးသီး တလုံးစီသာ ယှဉ်သော မဟာကုသိုလ် သောမနဿ ၄ မဟာကြိယာ သောမနဿ ၄၊ ရူပ၊ ပ ဈာန် ၃၊ ဒု ဈာန် ၃၊ တ ဈာန် ၃၊ စ ဈာန် ၃—ပေါင်း ၂၀ သော သောမနဿနှင့်ယှဉ်၏။

ပညိန္ဒြေစေတသိက်သည် မဟာကုသိုလ် ညာဏသမ္ပယုတ် ၄ မဟာဝိပါက် ညာဏသမ္ပယုတ် ၄၊ မဟာကြိယာ ညာဏသမ္ပယုတ် ၄ မဟဂ္ဂုတ် ၂၇ လောကုတ္တရာစိတ် အကျဉ်း ၈—ပေါင်း ၄၇ ပါးသော စိတ်နှင့်ယှဉ်၏။

[ဆောင်] ကုဝိကြိ ညာဏ်၊ ဈာန်မဟဂ္ဂုတ်၊ လောကုတ်
တခွင်၊ အကုန်ယှဉ်၊ ပညာ စေတသိက်။

၃၇—သောဘကစေတသိက် ယှဉ် ကြဉ်အရေအတွက်

သောဘကသာဓာရဏ ၁၉ လုံးနှင့် ယှဉ်သောစိတ် မယှဉ်သောစိတ်			၅၉ ၃၀=၈၉။
ဝိရတိစေတသိက် မယှဉ်သောစိတ်	၃	လုံးနှင့်	ယှဉ်သောစိတ် ၁၆ ၇၃=၈၉။
သမာနဝါဒ အမွမညာ မယှဉ်သောစိတ်	၂	လုံးနှင့်	ယှဉ်သောစိတ် ၂၀ ၆၁=၈၉။
ကေစိဝါဒ အမွမညာ မယှဉ်သောစိတ်	၂	လုံးနှင့်	ယှဉ်သောစိတ် ၂၀ ၆၉=၈၉။
ပညိန္ဒြေစေတသိက် မယှဉ်သောစိတ်	၁	လုံးနှင့်	ယှဉ်သောစိတ် ၄၇ ၄၂=၈၉။

၃၈—သောဘကသမ္မယောဂ ၄ နည်း

၁။ သောဘက သာဓါရဏ ၁၉ လုံး၌ သမ္မယောဂ ၁ နည်း၊
၂။ ဝိရတိ စေတသိက် ၃ လုံး၌ သမ္မယောဂ ၁ နည်း။
၃။ အမ္မမညာ စေတသိက် ၂ လုံး၌ သမ္မယောဂ ၁ နည်း၊
၄။ ပညာစေတသိက် ၁ လုံး၌ သမ္မယောဂ ၁ နည်း။
စေတသိက်ပေါင်း ၂၅ သမ္မယောဂပေါင်း ၄

သောဘကစေတသိက် သမ္မယောဂ

၄ နည်း ပြီး၏။

(နှတ်တက်အရကျက်)

——xox——

[မှတ်ချက်] ဝိရတ်- မဟာကုသိုလ်၌ ယှဉ်ရာ လောကီ ဝိရတိမှာ အာရုံများပြား၍ အသီးသီးဘင်းဒီသာယှဉ်ရ၏၊ လောကုတ္တရာ၌ယှဉ်ရာ လောကုတ္တရာဝိရတိကား အာရုံမပြား၁ နိဗ္ဗာန်ဟပါးတည်းကိုသာ အာရုံ၍ ဝိရတိ ၃ လုံးတပေါင်းတည်း ယှဉ်နိုင်လေတော့၏။

အမ္မမညာ=ကေစ်ဝါဒ သတ္တဝါပညတ်ကို အာရုံပြုသော အမ္မမညာဒွေးသည် မဟာကုသိုလ် မဟာကြိယာ ဉဒေကွဲ့ သဟဂတ်စိတ် ၈ ပါး နှင့် မယှဉ်ပဲ ၂၀ သော သောမနဿ သဟဂတ်စိတ်နှင့်သာ ယှဉ်သည်ဟု ယူဆမှီး သောမနဿနှင့်သာယှဉ်၍ ဉပေက္ခာနှင့် ဘယ်တော့ အခါမှ မယှဉ်နိုင် ဟု ကေစိဆရာဆို၏။

သမာနဝါဒ=ကရုဏာ မုဒိတာ ၂ ပါးကို ပွါးများအားထုတ်ခါစ အခါ အသားမကျသေးခင်အခါ ဈာန်ကိုရလာသော အခါများ၌ သောမနဿ သဟဂတ်စိတ် ၂၀ နှင့်သာ မုချယှဉ်၍ ကေစိဆရာ အယူသည် ဤအထိ သင့်မြတ်လှသေး၏။

ကမ္မဋ္ဌာန်းတရားပွါးများ၍ အတော်ကြီး အသားကျလာသောအခါ ကရုဏာ မုဒိတာ(အပ္ပနာဝီထိ ဖြစ်သေးမှီ)အခါများ၌ ရုံခါ ဝမ်းသာမှု သောမနဿနှင့်ဂုဏ်း၊ ရံခါ လျစ်လျူရှုမှု ဉပေက္ခာနှင့်ဂုဏ်း၊ သင့်သလို ယှဉ်ကြ၍ ကေဒိဆရာ အယူသည် ဤကမှ ဟန်မရတော့ပေ။

ဥပမာ။ ကြေနပ် ရရှိပြီးသောစာကို သတိမထားပဲ မှန်ကန်အောင် ပြန်ဆိုနိုင်သကဲ့သို့၊ ဝိပဿနာကမ္မဋ္ဌာန်းလုပ်ငန်းများသည် ညာဏ်စခန်း ပင်ဖြစ်သော်လည်း၊ တရားအသား ကျလာသောအခါ ညာဏ်ကင်းမဲ့သည်း ပွါးနိုင်ခြင်းကဲ့သို့တည်း။

ဒါ့ကြောင့်။ ကရဏာ မုဒိတာ ၂ ပါးသည်၊ ရဲခါမဟာကုသိုလ် မဟာကြိုယာ ဥပေက္ခာသဟဂတ် ၈ ပါးနှင့် ယှဉ်နိုင်ပြီး ၂၀ ပါးသော စိတ်နှင့် ယှဉ်နိုင်၏ဟု အရှင်အနုရုဒ္ဓ မိန့်ဆိုတော်မူ၏။ သောမနဿနှင့်ဝယှဉ်ယှဉ် ဥပေက္ခာနှင့်ဝယှဉ်ယှဉ်၊ သတ္တဝါပညတ်ကိုအာရုံပြုရာအခါသာ (ကဒါစိ) တရံတခါ၊ (နာနာ) အသီးသီးတလုံးစီယှဉ်၍ အာရုံမပြုရာအခါ မယှဉ်။

ပညိန္ဒြေ— ကာမညာဏသမ္ပယုတ်နှင့် မဟဂ္ဂုတ် လောကုတ္တရာစိတ်များ၌ ညာဏ်အရာဖြစ်၍ ပညိန္ဒြေစေတသိက်ယှဉ်ရု၏။ (ညာဏ်ပညာ မရှိခဲ့လျှင် ဈာန် မဂ်ဖိုလ် နိဗ္ဗာန်ကိုပင်မရနိုင်)

သောဘဏစေတသိက်သမ္ပယောဂနည်း၊
မှတ်ချက်ပြု၊ ၏၊

(နှုတ်တက်မကျက်ရ)

—xox—

၃၉-ဇာသ် မစ် ကုက်တိုကဒါဒိယှဉ်ပုံ

၁။ ဇာဿသည် သုတပါးစည်းစိမ်ကို ငြူးစူးသောအခါ ယှဉ်၏၊ ငြူးစူးသောအခါ မယှဉ်။

၂။ မစ္ဆရိယသည် မိမှစီးစိမ်ကို လျှို့ဝှက်သောအခါယှဉ်၏။ မလျှို့ဝှက်သောအခါမယှဉ်။

၃။ ကုက္ကုစ္စသည် ပြုအပ်ပြီးသောဒုစရိုက် မပြုလိုက်မိသော သုစရိုက်တို့ကိုအာရုံပြု၍ နှလုံးမသာယာသောအခါယှဉ်၏၊ နှလုံးကြည်သာ သာယာသောအခါမယှဉ်။ (ဤကား တရံတခါယှဉ်မယှဉ်ဘည်း)

၄၀-ဣသ မစ် ကုက်တို့ နာနာယှဉ်ပုံ

၁။ ဣသာယှဉ်ခိုက် မဆ္ဆရိယ ကုက္ကုစ္စတို့ မယှဉ်ကြ။
၂။ မဆ္ဆရိယယှဉ်ခိုက် ဣသာ ကုက္ကုစ္စတို့ မယှဉ်ကြ။
၃။ ကုက္ကုစ္စယှဉ်ခိုက် ဣသာ မဆ္ဆရိယတို့ မယှဉ်ကြ။
(ဤကားအသီးသီးတလုံးစီယှဉ် မယှဉ်တည်း)

၄၁-ဝါစာကမ္မန္တ အာဇီဝတို့ ကဒါစိယှဉ်ပုံ

၁။ သမ္မာဝါစာသည် ဝိတိဏ္ဏမိတမ္မဝတ္ထုကို အာရုံပြု၍ မိစ္ဆာဝါ
စာမှ ရှောင်ကြဉ်သောအခါယှဉ်၏၊ မရှောင်ကြဉ်သောအခါမယှဉ်။
၂။ သမ္မာကမ္မန္တသည် ဝိတိဏ္ဏမိတမ္မဝတ္ထုကိုအာရုံပြု၍ မိစ္ဆာကမ္မန္တ
ရှောင်ကြဉ်သောအခါယှဉ်၏၊ မရှောင်ကြဉ်သောအခါမယှဉ်။
၃။ သမ္မာအာဇီဝသည် ဝိတိဏ္ဏမိတမ္မဝတ္ထုကိုအာရုံပြု၍ မိစ္ဆာဝါစာ
မိစ္ဆာကမ္မန္တမှ (အာဇီဝဟေတု) ကိုငဲ့၍ ရှောင်ကြဉ်သောအခါယှဉ်၏
မရှောင်ကြဉ်သောအခါမယှဉ်။ (ဤကားတရုံတခါယှဉ် မယှဉ်တည်း)

၄၂-ဝါစာကမ္မန္တ အာဇီဝတို့ နာနာယှဉ်ပုံ

၁။ သမ္မာဝါစာယှဉ်ခိုက် သမ္မာကမ္မန္တ သမ္မာအာဇီဝတို့မယှဉ်ကြ။
၂။ သာကမ္မန္တယှဉ်ခိုက် သမ္မာဝါစာ သမ္မာအာဇီဝတို့ မယှဉ်ကြ။
၃။ သမ္မာအာဇီဝယှဉ်ခိုက် သမ္မာဝါစာ သမ္မာကမ္မန္တတို့ မယှဉ်ကြ။
(ဤကားအသီးသီးတလုံးစီယှဉ် မယှဉ်တည်း)

၄၃-ကရုဏာ မုဒိတာတို့ ကဒါစိယှဉ်ပုံ

၁။ ကရုဏာသည်ဒုက္ခိဘသတ္တဝါပညတ်အာရုံကိုပြု၍ သနားသော
အခါ ယှဉ်၏ မသနားသောအခါမယှဉ်။
၂။ မုဒိတာသည် သုခိတ သတ္တဝါပညတ်ကို အာရုံပြု၍ ဝမ်းသာ
သောအခါယှဉ်၏ ဝမ်းမသာသောအခါ မယှဉ်။
(ဤကား တရုံတခါယှဉ် မယှဉ်တည်း)

၄၄—ကရုဏာ မုဒိတာတို့ နာနာယှဉ်ပုံ

ကရုဏာယှဉ်ခိုက် မုဒိတာမယှဉ်၊ မုဒိတာယှဉ်ခိုက် ကရုဏာမယှဉ်။
(ဤကားအသီးသီးတာလုံးစီ ယှဉ် မယှဉ်တည်း)

၄၅—မာနစေတသိက် ကဒါစိယှဉ်ပုံ

မာနသည်၊ ငါသာတတ် ငါသာမြတ်ဟု ထောင်လွှား မော်ကြွားသောအခါယှဉ်၏၊ ထောင်လွှားမမော်ကြွားသောအခါမယှဉ်။
(ဤကား တရုံတခါ ယှဉ်မယှဉ်တည်း)

မာနသည် တလုံးတည်းသာရှိနေ၍ အသီးသီးယှဉ်သည်ဟု မဆို၏။

၄၆—ထိန မိဒ္ဓကို သဟကဒါစိယှဉ်ပုံ

ထိန မိဒ္ဓသည်၊မပျော့ပျင်းရိလေးလံထိုင်းမှိုင်း တွန့်တိုဆုတ်နစ်သောအခါယှဉ်၏ မတွန့်တို့ မဆုတ်နစ်သောအခါမယှဉ်။
(ဤကား အတူတွဲ၍ ယှဉ်မယှဉ်တည်း)
ထိန မိဒ္ဓ ၂ လုံးသည်၊တလုံးစီနှင့်၍မရ တွဲယှဉ်ကြ၍ နာနာယှဉ်ဘွယ်မဟုတ်။

အနိယတဧယောဂိစေတသိက် ၁၁ လုံးပြီး၏။

(နှုတ်တက်အရကျက်)

[မှတ်ချက်] ဤသာ မဿရိယ ကုက္ကုစ္စ ၃ လုံးတွဲ၊ဝိရတီ ၃ လုံးတွဲ၊ကရုဏာ မုဒိတာ ၂ လုံးတွဲ၊ထိန မိဒ္ဓ ၂ လုံးတွဲ၊မာနတွဲဘက် မရှိ။ ဤစေတသိက် ၁၁ လုံးသည် ဒိဓိယှဉ်ရာစိတ်တိုင်းမှာ တခါတခါလေ မယှဉ်ပဲနေ၏။ (ကဒါစိ) တရုံတခါ ယှဉ်သော်လည်း (နာနာ) ၃ လုံး ၂ လုံး ပြိုင်တူတွဲ၍ မယှဉ်ပဲ တလုံးစီသာယှဉ်၏။ ကိစ္စအာရုံ ပြားချ

(နှာနာ) အသီးသီး တလုံးစီသဉ္ဇယှဉ်ကြ၏။ စေတသိက်နှင့် စိတ်မှာ (ကဒါဧ) သာ စေတသိက်ချင်းချင်း (နာနာ) သာမှတ်ပါ။

ဇလောဘမူ ဝဲပွ ယုတ် ၄ လုံး၌ မာန်သည်ရုံခါယှဉ်၍ ရုံခါမယှဉ်၊

အကုသိုလ်သဒ္ဓါရှိက ၅ လုံး၌ ထီန မိဒ္ဓ ၂ လုံးသည် ရုံခါယှဉ်၍ ဧခါမယှဉ်။

ဒေသမူစိတ် ၂ လုံး၌၊ ဇုသ မဇ် ကုတ် ၃ လုံးသည် ရုံခါယှဉ်၍ ရုံခါမယှဉ်။

ကာမ မဟဂ္ဂုတ်ဧတဲ့ ၂၀ လုံး၌၊ကရုဏာ မုဒိတာ ၂ လုံးသည် ရုံခါယှဉ်၍ ရုံခါမယှဉ်၊

ကာမ လောကုတ္တရာစိတ် ၁၃ လုံး၌၊ ဝိရတီ ၃ လုံးသည် ရုံခါယှဉ်၍ ဧခါမယှဉ်။ ယင်းသာ အခါလည်း တလုံးစီသာယှဉ်၍၊ တပြိုင်တည်း မယှဉ်နိုင်။

အနိယတဓမ္မသင်္ဂဟ စေတသိက်မှတ်ချက်ပြီး၏။

(နှစ်တက်မောင်ရ)

၄၇-သမ္မယောဂ အကျဉ်း ၄ နည်း အကြယ် ၁၆ နည်း

၁။ သမ္ဘဉ်ဘူသာဓာရဏာ ၇ လုံး၌ သမ္မယောဂ ၁ နည်း။
၂။ ပကိဏ်းစေတသိက် ၆ လုံး၌ သမ္မယောဂ ၆ နည်း။
၃။ အကုသိုလ်းစေတသိက် ၁၄ လုံး၌ သမ္မယောဂ ၅ နည်း။
၄။ သောဘဏစေတသိက် ၂၅ လုံး၌ သမ္မယောဂ ၄ နည်း
၀ စေတသိက်ပေါင်း ၅၂ သမ္မယောဂပေါင်း ၁၆။

[ဆောင်] သမ္ဘစိတ္ထ၊ တပါးမျှနှင့်၊ ပကိဏ္ဏက၊ ခြောက်ပါးရှိ၏။
အကုသိုလ်မှာ၊ ငါးဖြာယောဂ၊ သောဘဏငယ်၊
လေးပါးချယ်သည်၊ မှတ်ဘွယ်သမ္မယော၊ ဆယ့်
ခြောက်ပြောဘည်း။

၄၀—သမ္မယောဂနှင့် သင်္ဂဟနည်းအထူး

၁။ ဤစေတသိက်သည် ဤမျှသောစိတ်စုနှင့် ယှဉ်၏ဟု စိတ်အရေအတွက်ကို ခြွင်းသည့် သမ္မယောဂနည်းမည်၏။

၂။ ဤစိတ်၌ ဤမျှသော စေတသိက်စုယှဉ်၏ဟု စေတသိက်အရေအတွက်ကိုပြခြင်းသည် သင်္ဂဟနည်းမည်၏။

သမ္မယောဂ ၁၆ နည်းပြီး၏။

—oOo—

၄၁—သင်္ဂဟအကျဉ်း ၅ နည်း အကျယ် ၃၃ နည်း

၁။ လောကုတ္တရာစိတ် ၄၀၌ ယှဉ် ၃၆ သင်္ဂဟ ၅ နည်း။
၂။ မဟဂ္ဂုတ်စိတ် ၂၇၌ ယှဉ် ၃၅ သင်္ဂဟ ၅ နည်း။
၃။ ကာမာဝစရစိတ် ၂၄၌ ယှဉ် ၃၀ သင်္ဂဟ ၁၂ နည်း။
၄။ အာကာသိုလ်စိတ် ၁၂၌ ယှဉ် ၂၇ သင်္ဂဟ ၇ နည်း။
၅။ အဟိတ်စိတ် ၁၀၌ ယှဉ် ၁၂ သင်္ဂဟ ၄ နည်း။

စိတ်ပေါင်း ၁၂၁ သင်္ဂဟပေါင်း ၃၃။

ဤသင်္ဂဟအကျယ် ၃၃ နည်းကို အကျဉ်းခေါင်းစဉ် ၅ မျိုးထား၍ ပြဆိုလိမ့်မည်။ ဤကျမ်း၌ အမှတ်ရလွယ်အောင် စိတ်ပိုင်းခေါင်းစဉ်အတိုင်း ပြဆိုပေအံ့။

၅၀—လောဘမူစိတ် သင်္ဂဟ ၄ နည်း

သောမနဿသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် အခ်ိန်ရိကစိတ်၌။ အညသမာန်း ၁၃+မောစတုက် ၄+လောဘ ဒိဋ္ဌိ ၂ ပေါင်း ၁၉ ပါးသောစေတသိက်များနှင့်ယှဉ်၏။

[ဆောင်] အညသမာန်၊ ဆယ့်သုံးခံ၊ လေးတန်မောစတု၊
အ,ပ,ဒ္ဓိမူ၊ လောဒိဋ္ဌိကူ၊ ပေါင်းမူဆယ့်ကိုးရှု။

သောမနဿသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် သသင်္ခါရိကစိတ်၌။ အညသမာန်း ၁၃+မောစတုက် ၄+လောဘ ဒိဋ္ဌိ ထိန မိဒ္ဓ ၄ ပေါင်း ၂၁ ပါး သောစေတသိက်များနှင့်ယှဉ်၏။

သောမနဿသဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် အသင်္ခါရိကစိတ်၌။ အညသမာန်း ၁၃+မောစတုက် ၄+လောဘ မာန ၂ ပေါင်း ၁၉ ပါးသောစေတသိက်များနှင့်ယှဉ်၏။

[ဆောင်] ဒုအဗ္ဗမှု၊ လောမာန်ကူ၊ ပေါင်းမှဒသ်နောပြု။

သောမနဿသဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် သသင်္ခါရိကစိတ်၌။ အညသမာန်း ၁၃+မောစတုက် ၄+လောဘ မာန ထိန မိဒ္ဓ ၄ ပေါင်း ၂၁ ပါး သောစေတသိက်များနှင့်ယှဉ်၏။

ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိကစိတ်၌၊ ဝိတိက္ကဉ် အညသမာန်း ၁၂+မောစတုက် ၄+လောဘ ဒိဋ္ဌိ ၂ ပေါင်း ၁၈ ပါး သောစေတသိက်များနှင့်ယှဉ်၏။

ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် သသင်္ခါရိကစိတ်၌။ ဝိတိက္ကဉ် အညသမာန်း ၁၂+မောစတုက် ၄+လောဘ ဒိဋ္ဌိ ထိန မိဒ္ဓ ၄ ပေါင်း ၂၀ သောစေတသိက်များနှင့်ယှဉ်၏။

ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် အသင်္ခါရိကစိတ်၌။ ဝိတိက္ကဉ် အညသမာန်း ၁၂+မောစတုက် ၄+လောဘ မာန ၂ ပေါင်း ၁၈ ပါး သောစေတသိက်များနှင့်ယှဉ်၏။

[ဆောင်] ယင်းဆယ့်ကိုးနှစ်၊ ဝိတိပစ်၊ ဆယ့်ရှစ် တစ အား။

(တနှင့် စ၊ အသင်္ခါရိကစိတ် အတွက် ၁၈ စီး။)

ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် သသင်္ခါရိကစိတ်၌၊ ဝိတိက္ကဉ် အညသမာန်း ၁၂+မောစတုက် ၄+လောဘ မာန ထိန မိဒ္ဓ ၄ ပေါင်း ၂၀ သောစေတသိက်များနှင့်ယှဉ်၏။။

[ဆောင်] ယင်းလေးရပ်တွင်၊ ထိဒ္ဓဒ်ဝင်၊ သသင်္ခလေးခုဒု၊

(ပဒုတ စ သသင်္ခါရိကစိတ်အတွက်)

လောဘမူစိတ် ၈ လုံးဌ်၊

အညသမာန်း ၁၃+မောစတုက် ၄+ လောဘ ဒိဋ္ဌိ မာန ထိန မိဒ္ဓ ၅ ပေါင်း ၂၂ ပါးသောစေတသိက်များနှင့်ယှဉ်၏။

၅၁—လောဘမူစိတ် ယှဉ် ကြဉ် ဘရဆို

ပ။	အသင်္ခါရိကစိတ်၌	ယှဉ်	၁၉+	ကြဉ် ၃၃=၅၂
ပ။	သသင်္ခါရိကစိတ်၌	ယှဉ်	၂၁+	ကြဉ် ၃၁=၅၂
ဒု။	အသင်္ခါရိကစိတ်၌	ယှဉ်	၁၉+	ကြဉ် ၃၃=၅၂
ဒု။	သသင်္ခါရိကစိတ်၌	ယှဉ်	၂၁+	ကြဉ် ၃၁=၅၂
တ။	အသင်္ခါရိကစိတ်၌	ယှဉ်	၁၈+	ကြဉ် ၃၄=၅၂
တ။	သသင်္ခါရိကစိတ်၌	ယှဉ်	၂၀+	ကြဉ် ၃၂=၅၂
စ။	အသင်္ခါရိကစိတ်၌	ယှဉ်	၁၈+	ကြဉ် ၃၄=၅၂
စ။	သသင်္ခါရိကစိတ်၌	ယှဉ်	၂၀+	ကြဉ် ၃၂=၅၂
လောဘမူစိတ် ၈ လုံးဌ်၌		ယှဉ်	၂၂+	ကြဉ် ၃၀=၅၂

၅၂—လောဘမူလ သင်္ဂဟ ၄ နည်း

ပ နှင့် ဒု	အသင်္ခါရိကစိတ် ၂ လုံးဌ်၌	ယှဉ်	၁၉ စီ	သင်္ဂဟ	၁ နည်း။
တ နှင့် စ	အသင်္ခါရိကစိတ် ၂ လုံးဌ်၌	ယှဉ်	၁၈ စီ	သင်္ဂဟ	၁ နည်း။
ပ နှင့် ဒု	သသင်္ခါရိကစိတ် ၂ လုံးဌ်၌	ယှဉ်	၂၁ စီ	သင်္ဂဟ	၁ နည်း။
တ နှင့် စ	သသင်္ခါရိကစိတ် ၂ လုံးဌ်၌	ယှဉ်	၂၀ စီ	သင်္ဂဟ	၁ နည်း။

စိတ်ပေါင်း ၈, သင်္ဂဟ ပေါင်း ၄

[ဧဆင်] ဆယ့်ကိုးဆယ့်ရှစ်၊ ဝိကော်ဝိသေး၊ နှစ်စီဝေ၊ လေးထွေသင်္ဂဟ။

[မှတ်ချက်] လောဘမူစိတ် ၈ လုံးဌ်၌ စိတ်တလုံးလျှင် တမျိုးစီ ယှဉ်ပြသည်ဖြစ်၍ ၄ စုံ ၂ လီ။ သင်္ဂဟနှံည်း ၈ မျိုးစီဖြစ်နေသော်လည်း စေတသိက် အရေအတွက် လုံးရေတူ အပေါင်းသင်္ချာတူ အားဖြင်း ၄ မျိုးသာရှိ၍ လောဘမူစိတ် ၈ လုံးဌ်၌ သင်္ဂဟ ၄ နည်းသာရှိ၏။

လောဘမူစိတ်သင်္ဂဟ ၄ နည်းပြီး၏။

၅၃-ဒေါသမူစိတ် သင်္ဂဟ ၂ နည်း

ဒေါမနဿသဟဂုတ် ပဋိဃသမ္ပယုတ် သသင်္ခါရိကစိတ်၌။ ဝိတိက္ကဉ်
အညသမာန်း ၁၂ မော ဟိ နု ၃(မောစတုက်)၄ ဒေါ ကု မ ကု
(ဒေါစတုက် ၄ ပေါင်း ၂၀ သောစေတသိက်များနှင့်ယှဉ်၏။)

ဒေါမနဿသဟဂုတ် ပဋိဃသမ္ပယုတ် သသင်္ခါရိကစိတ်၌၊ ဝိတ်ကြင်
အညသမာန်း ၁၂ မောစတုက် ၄ ဒေါစတုက် ၄ ထိ မိ(ထိဒုက်) ၂=
ပေါင်း ၂၂ ပါးသောစေတသိက်များနှင့်ယှဉ်၏။

[ဆောင်] ဒိပစ်အည်၊ ဆယ်နှစ်ခံ၊ လေးတန်မောစတု။
ဒေါစတုက်က၊ ဒေါသမူ၊ ပေါင်းယူနှစ်ဆယ်ရှာ။
ယင်းနှစ်ဆယ်တွင်၊ ထိမိဒ်ဝင်၊ သသင်္ခါးခွေးခွေးပြု။

ဒေါသမူစိတ် ၂ လုံးခွဲ

ဝိတိက္ကဉ် အညသမာန်း ၁၂၊မောစတုတ် ၄၊ ဒေါစတုက် ၄၊ထိဒုက်
၂၊ ပေါင်း ၂၂ ပါးသောစေတသိက်များနှင့်ယှဉ်၏။

၅၄-ဒေါသမူစိတ် ယှဉ် ကြင် အရေအတွက်

ဒေါသမူ သသင်္ခါရိကစိတ်၌ ယှဉ် ၂၀+ကြဉ် ၄၂=၅၂
ဒေါသမူ သသင်္ခါရိကစိတ်၌ ယှဉ် ၂၂+ကြဉ် ၄၀=၅၂
ဒေါသမူစိတ် ၂ လုံးခွဲ ယှဉ် ၂၂+ကြဉ် ၄၀=၅၂

၅၅-ဒေါသမူလ သင်္ဂဟ ၂ နည်း

ဒေါသမူ အသင်္ခါရိကစိတ် ၁ လုံးခွဲ ယှဉ် ၂၀ သင်္ဂဟ ၁ နည်း။
ဒေါသမူ သသင်္ခါရိကစိတ် ၁ ပုံးခွဲ ယှဉ် ၂၂ သင်္ဂဟ ၁ နည်း။
စိတ်ပေါင်း ၂ သင်္ဂဟပေါင်း ၂။

ဒေါသမူစိတ်သင်္ဂဟ ၂ နည်းပြီး၏။

—xxo—

၅၆—မောဟမူစိတ် သင်္ဂဟ ၁ နည်း

ဥပေက္ခာသဟဂုတ် ဝိစိကိစ္ဆာသမ္ပယုတ်စိတ်၌

ဆန် ဝိ ဓ ကြဉ် အညသာမာန်း ၁၀+မောစ်တုတ် ၄+ဝိစိကိစ္ဆာ ၁ ပေါင်း=၁၅ ပါးသောစေတသိက်များနှင့်ယှဉ်၏။

[ဆောင်] ဝိ အဓိ ဆန်၊ ကြဉ်တုံပြန်၊ အညံတဆယ်ထား။
မောစတုပါ၊ စိကိစ္ဆာ၊ စိမှာတဆယ့်၄ါး။
ဥပေက္ခာသဟဂုတ် ဥဒ္ဓစ္စသမ္ပယုတ်စိတ်၌

ဆန် ဝိ ကြဉ် အညသမာန်း ၁၁၊ မောစတုတ် ၄၊ ပေါင်း ၁၅ ပါး သောစေတသိက်များနှင့်ယှဉ်၏။

[ဆောင်] ဝိ ဆန်ပယ်ပစ်၊ အဉ်ဆယ့်၄တစ်၊ တညလစ်မောစတု၊
ဥဒ္ဓစ္စမှာ၊ ရတုံမ၊ သန်္ဂြာဆယ့်၄ါးခု။
မောဟမူစိတ် ၂ လုံး၌

ဆန် ဝိ ကြဉ် အညသမာန်း ၁၁၊ မောစတုက် ၄၊ ဝိစိကိစ္ဆာ ၁၊ ပေါင်း ၁၆ ပါးသောစေတသိက်များနှင့်ယှဉ်၏။

၅၇—မောဟမူစိတ် ယှဉ် ကြဉ် အရဆို

ဝိစိကိစ္ဆာစိတ်၌	ယှဉ်	၁၅+	ကြဉ်	၃၇=၅၂
ဥဒ္ဓစ္စစိတ်၌	ယှဉ်	၁၅+	ကြဉ်	၃၇=၅၂
မောဟမူစိတ် ၂ လုံး၌	ယှဉ်	၁၆+	ကြဉ်	၃၆=၅၂

၅၈—မောမူဟ သင်္ဂဟ ၁ နည်း

စေတသိက်လုံးရေအပေါင်းအားဖြင့် ၁၅ ပါးချင်းတူကြ၍၊ သင်္ဂဟ ၁ နည်း·တပါးတည်းသာရ၏။

မောဟမူစိတ်သင်္ဂဟ ၁ နည်းပြီး၏။

လောဘမူ နှင့် ဒေါသမူစိတ် ၁၀ လုံးခွဲ

အညသမာန်း ၁၃၊ ဝိစိကိစ္ဆာကြဉ် အကုသိုလ်စေတသိက် ၁၃၊ ပေါင်း ၂၆ ပါးသောစေတသိကျားနှင့်ယှဉ်၏။

လောဘမူနှင့် မောဟမူစိတ် ၁၀ လုံးခွဲ

အညသမာန်း ၁၃၊ ဒေါစတုက်ကြဉ် အကုသိုလ်စေတသိက် ၁၀၊ ပေါင်း ၂၃ ပါးသော စေတသိက်များနှင့်ယှဉ်၏။

ဒေါသမူနှင့် မောဟမူစိတ် ၄ လုံးခွဲ

ဒိတိကြဉ် အညသမာန်း ၁၂၊ လော ဒိ မာ (၈လောတိက်) ကြဉ် အကုသိုလ်စေတသိက် ၁၁၊ ပေါင်း ၂၃ ပါးသော စေတသိကျားနှင့် ယှဉ်၏။

အကုသိုလ်စိတ် ၁၂ လုံးခွဲ

အညသမာန်း ၁၃၊ အကုသိုလ်စေတသိက ၁၄=၂၇ ပါးသော စေတ်များနှင့်ယှဉ်၏။

အကုသိုလ်စိတ် အယောယှဉ်ကြဉ် အရေအတွက်။

လောဒေါစိတ်	၁၀ လုံးခွဲ	ယှဉ်	၂၆+	ကြဉ် ၂၆=၃၂
လောမောစိတ်	၁၀ လုံးခွဲ	ယှဉ်	၂၃+	ကြဉ် ၂၉=၃၂
ဒေါမောစိတ်	၄ လုံးခွဲ	ယှဉ်	၂၃+	ကြဉ် ၂၉=၃၂
အကုသိုလ်စိတ်	၁၂ လုံးခွဲ	ယှဉ်	၂၇+	ကြဉ် ၂၅=၃၂

၅၉-အကုသလသင်္ဂဟ ၇ နည်း

ပနှင့်ဒု	အသင်္ခါရိကစိတ်	၂ လုံးခွဲ	ယှဉ်	၁၉ စီ သင်္ဂဟ ၁ နည်း။
တနှင့်စ	အသင်္ခါရိကစိတ်	၂ လုံးခွဲ	ယှဉ်	၁၈ စီ သင်္ဂဟ ၁ နည်း။
ပန္နမ	အသင်္ခါရိကစိတ်	၁ လုံးခွဲ	ယှဉ်	၂၀ စီ သင်္ဂဟ ၁ နည်း။
ပနှင့်ဒု	သသင်္ခါရိကစိတ်	၂ လုံးခွဲ	ယှဉ်	၂၁ စီ သင်္ဂဟ ၁ နည်း။
တနှင့်စ	သသင်္ခါရိကစိတ်	၂ လုံးခွဲ	ယှဉ်	၂၀ စီ သင်္ဂဟ ၁ နည်း။
ပန္နမ	သသင်္ခါရိကစိတ်	၁ လုံးခွဲ	ယှဉ်	၂၂ စီ သင်္ဂဟ ၁ နည်း။

စိတ်ပေါင်း ၁၂ သင်္ဂဟပေါင်း ၇။

[မှတ်ချက်] စေတသိက်လုံးရေ သန်းခြာတူပေါင်းယူရ၍ သင်္ဘာ ၇ နည်းဆိုရ၏။သန်းခြာတူမပေါင်းယူလျှင်အကုသလသင်္ဘာ ၁၂ နည်းဟု ဆိုရပေလိမ့်မည်။

အကုသလသာဓာရဏာ ၄၊ ဆန် ဝိ မိ ကြဉ် အညသမာန်း ၁၀၊ ပေါင်း ၁၄ ပါးသောစေတသိက်များသည် အားလုံးသော အကုသိုလ် စိတ်တို့နှင့်ယှဉ်နိုင်ကြ၍ သင်္ဘာကုသလ ယောဂိစေတသိက် အမှည်ရ၏။

အကုသိုလ်စိတ် သင်္ဘာ ၇ နည်းပြီး၏။

(နှုတ်တက်အရက္ခက်)

——xox——

၆၀—အဟိတ်စိတ် သင်္ဘာ ၄ နည်း

ဟသိတုပဋိဋ္ဌိစိတ်၌ ဆန္ဒ ကြဉ် အညသမာန်းစေတသိက် ၁၂ ပါးနှင့် ယှဉ်၏။

[ဆောင်] ဆန်ဒပယ်ပစ်၊ စာဆယ့်နှစ်၊ ဖြစ်တုံဟသိမှာ။

ဥပေဋ္ဌာစိတ်၌ ဆန် ဒ ကြဉ် အညသမာန်းစေတသိက် ၁၁ ပါးနှင့် ယှဉ်၏။

[ဆောင်] ဝိဆန်ပယ်ပစ်၊ တဆယ့်တစ်၊ ဖြစ်တုံမနောဒွါ။

သုခသန္တီရဏစိတ်၌ ဆန် ဝိ ကြဉ် အညသမာန်းခစေတသိက် ၁၁ ပါး နှစ်ယှဉ်၏

[ဆောင်] ဝိဆန်ပယ်ပစ်၊ တဆယ့်တစ်၊ ဖြစ်တုံသောတီမှာ။

မနောဓာတ် ၃၊ အဟိတ်ပဋိသန္ဓေအစုံ ၂၊ ဤစိတ် ၅ လုံး၌ ဆန် ဝိ ဝိ ကြဉ် အညသမာန်း စေတသိက် ၁၀ ပါးနှင့်ယှဉ်၏။

[ဆောင်] ဝိဝိဆန်ပယ်၊ ကျန်စာဆယ်၊ ငါးသွယ်ကြွင်းဟိတ်မှာ။

ဒွေးပဉ္စဝိညာဉ် ၁၀၌ သင်္ဘစိတ္တသာဓာရဏစေတသိက် ၇ ပါးနှင့်ယှဉ်၏။

[ဆောင်] သဗ္ဗစိတ္တာ၊ ခုနစ်ရာ၊ ပဏ္ဍိတညာဉ်မှာ။

အကုသလဝိပါက်စိတ် ၇ လုံး၌ ဆန် ဝိ ဝိ ကြဉ် အညသမာန်း ၁၀ ပါးနှင့်ယှဉ်၏။

အဟိတ်ကုသလ ဝိပါက်စိတ် ၈ လုံး၌ ဆန် ဝိ ကြဉ် အညသမာန်း ၁၁ ပါးနှင့်ယှဉ်၏။

အဟိတ်ကြိယာစိတ် ၃ လုံး၌ ဆန် ကြဉ် အညသမာန်း ၁၂ ပါးနှင့်ယှဉ်၏။

အဟိတ်စိတ် ၁၈ လုံး၌ ဆဲန် ကြဉ် အညသမာန်း ၁၂ ပါးနှင့်ယှဉ်၏။

[မှတ်ချက်] မနောဒွါရာဝဇ္ဇန်းကို ဝုဋ္ဌေဗ္ဗဟု ပဉ္စဒွါရာဝဇ္ဇန်းနှင့် သမ္ပဋိစ္ဆိုင်းဒွေးကို မနောဓာတ် ၃ ပါးဟု၊ ဥပေက္ခာသန္တီရဏ ၂ ပါးကို အဟိတ် ပဋိသန္ဓေ ၂ ခုအစုံဟု၊ စက္ခု ဝိညာဉ်ဒွေး သောတ ဃာန ဇိဝှါ ကာယဝိညာဉ်ဒွေး ၅ ပါးကို ဒွေးပဉ္စဝိညာဉ် ၁၀ ဟု ဆိုရ၏။ ဒွေးပဉ္စဝိညာဉ် ၁၀ သည် အနည်းဆုံး သဗ္ဗစိတ္တသာဓာရဏစေတသိက် ၇ လုံးနှင့်သာယှဉ်၏ မဟာကုသိုလ် ပထမဒွေးသည် အများဆုံးစေတသိက် ၃၀ လုံးနှင့် ယှဉ်၏။

၆၁—အဟိတ်စိတ် ယှဉ် ကြဉ် အရဆို

ဟသိတုပဋိန္ဓိစိတ်၌	ယှဉ် ၁၂ + ကြဉ်	၄၀ = ၅၂
ဝုဋ္ဌေဗ္ဗစိတ်၌	ယှဉ် ၁၁ + ကြဉ်	၄၁ = ၅၂
သုခသန္တီရဏစိတ်၌	ယှဉ် ၁၁ + ကြဉ်	၄၁ = ၅၂
မနောသန္တီရဏစိတ် ၂၌	ယှဉ် ၁၀ + ကြဉ်	၄၂ = ၅၂
ဒွေးပဉ္စဝိညာဉ် ၁၀၌	ယှဉ် ၇ + ကြဉ်	၄၅ = ၅၂
အကုသလဝိပါက် ၇၌	ယှဉ် ၁၀ + ကြဉ်	၄၁ = ၅၂
အဟိတ်ကုသလဝိပါက် ၈၌	ယှဉ် ၁၁ + ကြဉ်	၄၁ = ၅၂
အဟိတ်ကြိယာ ၃၌	ယှဉ် ၁၂ + ကြဉ်	၄၀ = ၅၂
အဟိတ်စိတ် ၁၈၌	ယှဉ် ၁၂ + ကြဉ်	၄၀ = ၅၂

၆၂–အဟေတုက သင်္ဂဟ ၄ နည်း

ဟသိတုပ္ပါဒ်စိတ် ၁ လုံးဌ် ယှဉ် ၁၂ သင်္ဂဟ ၁ နည်း။
ဝုဋ္ဌောသုခသန္နိရဏစိတ် ၂ လုံးဌ် ယှဉ် ၁၁ သင်္ဂဟ ၁ နည်း။
မနောသန္နိရဏစိတ် ၅ လုံးဌ် ယှဉ် ၁၀ သင်္ဂဟ ၁ နည်း။
ဒွေးပဉ္စဝိညာဉ်စိတ် ၁၀ လုံးဌ် ယှဉ် ၇ သင်္ဂဟ ၁ နည်း။
စိတ်ပေါင်း ၁၈ သင်္ဂဟပေါင်း ၄

[ဆောင်] ခုနစ်ဆယ့်တစ်၊ တဆယ့်နှစ်၊
နောက် ဖြစ် တ ဆယ် သာ။

[မှတ်ချက်] ဝုဋ္ဌောနှင့်သုခသန္နိရဏစိတ် ၂ လုံးသည်စေတသိက် ယှဉ် လုံးရေချင်း (၁၁) လုံးတူနေ၍၊ ဤစိတ် ၂ လုံးကို သင်္ဂဟနည်း တ ပါးတည်းယူခဲ့၍၊ သင်္ဂဟ ၄ နည်းသာဖြစ်လာ၏။

အဟိတ်စိတ် သင်္ဂဟ ၄ နည်းပြီး၏။

(နှုတ်တက်အရကျကဲ့)

——xox——

၆၃–ကာမာဝစရစိတ် သင်္ဂဟ ၁၂ နည်း

''မဟာကုသိုလ်စိတ်''

ပ။ ဒွေးဌ် အညသမာန်း ၁၃+သောဘဏ ၂၅= ၃၈ ပါးသော စေတသိက်များနှင့်ယှဉ်၏။

ဒု။ ဒွေးဌ် အညသမာန်း ၁၃+ညာဏ်ကြဉ်သောဘဏ ၂၄ ပေါင်း ၃၇ ပါးသော စေတသိက်များနှင့်ယှဉ်၏။

တ။ ဒွေးဌ် ဝိတိကြဉ် အညသမာန်း ၁၂+သောဘဏ ၂၅ ပေါင်း ၃၇ ပါးသော စေတသိက်များနှင့်ယှဉ်၏။

စ။ ဒွေးဌ် ဝိတိကြဉ် အညသမာန်း ၁၂+ညာဏ်ကြဉ် သောဘဏ ၂၄ ပေါင်း ၃၆ ပါးသော စေတသိက်များနှင့်ယှဉ်၏။
(မဟာကုသိုလ် ပ ဒု တ စ ၄ စုံစီရှိ၍ သင်္ဂဟ ၄ နည်း)

[ဆောင်] ဆယ့်သုံးအည၊သောဘဏ၊ ပေါင်းထသုံးဆယ့်ရှစ်၊
ပ ကု ဒွေးမှာ၊ ယှဉ်တုံပါ၊ ဒု မှာ ညာဏ်ကိုပစ်၊
ဒိ ပစ် ညာဏ်ယှဉ်၊ တ ဒွေးတွင်၊ စတွင်ညာဏ်ဒိပစ်။

''မဟာဝိပါက်စိတ်''

ပ။ ဒွေးဠ် အညသမာန်း ၁၃+ဝိရတိ အပ္ပမညာကြဉ် သောဘဏ ၂၀ ပေါင်း ၃၃ ပါးသော စေတသိက်များနှင့်ယှဉ်၏။

ဒု။ ဒွေးဠ် အညသမာန်း ၁၃+ဝိရတိ အပ္ပမညာ ညာဏ်ကြဉ် သောဘဏ ၁၉ ပေါင်း ၃၂ ပါးသော စေတသိက်များနှင့်ယှဉ်၏။

တ။ ဒွေးဠ် ဒိတိကြဉ် အညသမာန်း ၁၂+ဝိရတိ အပ္ပမညာကြဉ် သောဘဏ ၂၀ ပေါင်း ၃၂ ပါးသော စေတသိက်များနှင့်ယှဉ်၏။

စ။ ဒွေးဠ် ဒိတိကြဉ် အညသမာန်း ၁၂+ဝိရတိ အပ္ပမညာ ညာဏ်ကြဉ် သောဘဏ ၁၉ ပေါင်း ၃၁ ပါးသောစေတသိက်များနှင့်ယှဉ်၏။

(မဟာဝိဠ် ပဒုတစ ၄ စုံစီရှိ၍ သင်္ဂဟ ၄ နည်း)

[ဆောင်] သုံးဆယ့်ငါးတွင်၊ မညာကြဉ်၊ ဝိတွင် ကြိုနည်းသွား။

''မဟာကြိုယာစိတ်''

ပ။ ဒွေးဠ် အညသမာန်း ၁၃+ဝိရတိကြဉ် သောဘဏ ၂၂ ပေါင်း ၃၃ ပါးသော စေတသိက်များနှင့်ယှဉ်၏။

ဒု။ ဒွေးဠ် အညသမာန်း ၁၃+ဝိရတိ ညာဏ်ကြဉ် သောဘဏ ၂၁ ပေါင်း ၃၄ ပါးသော စေတသိက်များနှင့်ယှဉ်၏။

တ။ ဒွေးဠ် ဒိတိကြဉ် အညသမာန်း ၁၂+ဝိရတိ ကြဉ် သောဘဏ ၂၂ ပေါင်း ၃၄ ပါးသော စေတသိက်များနှင့်ယှဉ်၏။

စ။ ဒွေးဠ် ဒိတိကြဉ် အညသမာန်း ၁၂+ဝိရတိညာဏ်ကြဉ် သောဘဏ ၂၁ ပေါင်း ၃၃ ပါးသော စေတသိက်များနှင့်ယှဉ်၏။

(မဟာကြိဠ် ပဒုတစ ၄ စုံစီရှိ၍ သင်္ဂဟ ၄ နည်း။)

[ဆောင်] သုံးဆယ့်ရှစ်တွင်၊ ဝိရတိကြဉ်၊ ကြိုတွင်ကုနည်းသွား။

[မှတ်ချက်] လောကီဝိရတိ ၃ လုံးသည် မုချကောန် ကုသိုလ် သဘောမှန်၍ အဗျာကတ သဘောရှိနေသော မဟာဝိပါက်နှင့် ဟာကြီယာစိတ်များ၌ မယှဉ်နိုင်ပဲ ဟာကုသိုလ်စိတ်၌သာ ယှဉ်သည် ဟု ဆိုရသော်လည်း ဒါနမှု ဘာဝနာမှု ရိုးရိုးပြုသောအခါ မယှဉ်ပဲ သူ့အသက်သူ့ဥစ္စာစသော ဝိတိက္ကမိစ္ဆာဝတ္ထုကိုအာရုံပြု၍ ရှောင်ကြဉ်ရာအခါသာ (ကဒါစိ) တရံ တခါ ယှဉ်သော်လည်း သုံးလုံးပြူးမယှဉ် တလုံးစီသာ (ဝိသုံဝိသုံ) အသီးသီးယှဉ်ကြ၏။

